# ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။ လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့။ Monday, 8 January 2024 ၁၁၃၃၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်


၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုး မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



လန်ပိကျွန်းအလှကို တွေ့ရစဉ်။

# လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း Wa Ale Resort သို့ နိုင်ငံတကာမှခရီးသွားများ နှစ်စဉ်အပန်းဖြေလည်ပတ်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၇

မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းမြို့နှင့် ရေမိုင် ၆၀ အကွာတွင်ရှိသည့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း ဖွင့်လှစ်ထားသည့် ဝါးအလယ်ကျွန်း(Wa Ale Resort)သို့ နိုင်ငံတကာမှ ခရီးသွားများ ပိုမိုဝင်ရောက်လျက်ရှိကြောင်း သိရသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အတွင်း ဧရိယာ ၁၀၀ ဒသမ ၁၅ ဧကအကျယ်တွင် ဝါးအလယ်ကျွန်း အပန်းဖြေစခန်းကို ဖွင့်လှစ်ထားရှိပြီး မြန်မာနိုင်ငံတွင် တစ်ခုတည်းသော အဏ္ဏဝါအမျိုးသားဥယျာဉ်တစ်ခုဖြစ်ခြင်း၊ ရုက္ခ၊ ဇီဝနှင့် အဏ္ဏဝါဆိုင်ရာ သဘာဝကုန်းနေ/ရေနေတောရိုင်းတိရစ္ဆာန်များ ရှင်သန်ကျက်စားခြင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၇

| | | | | | |
|---|---|---|---|---|---|
| ဟားခါး | သုည | ဒီဂရီစင်တီဂရိတ် | ပြင်ဦးလွင် | ၃ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၂ | ဒီဂရီစင်တီဂရိတ် | ဟဲဟိုး | ၄ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၃ | ဒီဂရီစင်တီဂရိတ် | မိုးကုတ် | ၄ | ဒီဂရီစင်တီဂရိတ် |

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှု ကန်ဒေါ်လာ ၁ ဒသမ ၆၄ ဘီလီယံခန့်ရရှိရန် ခန့်မှန်းထား



ရန်ကုန် ဇန်နဝါရီ ၇

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ လယ်ယာထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၄ ဘီလီယံခန့်အထိရရှိရန် ခန့်မှန်းထားကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

"မနှစ်ကဆိုရင် ပြည်ပနိုင်ငံတွေကို ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၉ သန်းလောက် တင်ပို့နိုင်ခဲ့တာကြောင့် ဒီနှစ်မှာလည်း အဲဒီတန်ချိန် ပတ်ဝန်းကျင်လောက်အထိ တင်ပို့နိုင်ဖို့ လျာထားပါတယ်။ ဒီနှစ်မှာလည်း ယခင်နှစ်တွေရဲ့ တင်ပို့နှုန်းအတိုင်းဖြစ်ခဲ့မယ်ဆိုရင် တန်ဖိုးအားဖြင့်

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

## ယနေ့ ဖတ်စရာ


**ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ပြည်ပပို့ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၂၇၈ သန်းကျော်ရရှိ**
စာမျက်နှာ » ၅

**ပင်လယ်ပြင်မှာသောင်တင်နေတဲ့ ဘင်္ဂါလီတွေကို အင်ဒိုနီးရှားအစိုးရက လက်ခံခဲ့ပြီးဖြစ်သော်လည်း အင်ဒိုနီးရှားအောက်လွှတ်တော်မှ ပုဂ္ဂိုလ်ကြီးက မြန်မာနိုင်ငံကို အပြစ်ပုံချပြီးတော့ နိုင်ငံတကာက ထိထိရောက်ရောက်အရေးယူဖို့ ပြောဆိုလိုက်တာဟာ နိုင်ငံရေးအရ ရည်ရွယ်ချက်ရှိရှိ လုပ်လိုက်တာ ဖြစ်ပါတယ်။**
ဆောင်းပါး စာမျက်နှာ » ၆

**ပျော်ဘွယ်မြို့နယ်အတွင်း အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိသည့် ပဒေသာတံဆိပ် မုန့်ကြွပ်လုပ်ငန်း**





တွေ့ဆုံမေးမြန်း
စာမျက်နှာ » ၁၂

ကြေးမုံ

# ဒီမိုကရေစီစနစ်ခိုင်မာရေးပါဝင်ဆောင်ရွက်

ကမ္ဘာပေါ်ရှိနိုင်ငံများစွာသည် ၎င်းတို့နိုင်ငံနှင့်သင့်လျော်သည့် နိုင်ငံရေးစနစ်တစ်ခုခုကို ကျင့်သုံးဆောင်ရွက်နေကြသည်။ အများစုမှာ ပြည်သူအများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေကြသည်။ ချမ်းသာကြွယ်ဝသောနိုင်ငံအများစုသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ကြသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံအများစုအနေဖြင့်လည်း ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးနေကြသည်။ သို့သော် ဒီမိုကရေစီစနစ်အရ မတူကွဲပြားခြားနားမှုများကို ပေါင်းစည်းဆောင်ရွက်ရသဖြင့် နိုင်ငံများစွာတို့တွင် စိန်ခေါ်မှုများရှိနေကြသည်။

စစ်အေးလွန်ကာလတွင် ကမ္ဘာပေါ်၌ ဒီမိုကရေစီစနစ်များ အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ရွေးကောက်တင်မြှောက်ခံ ဒီမိုကရေစီနိုင်ငံ ၄၆ နိုင်ငံ (၃၀ ရာခိုင်နှုန်း) ရှိရာမှ ၂၀၁၅ ခုနှစ်တွင် နိုင်ငံပေါင်း ၁၃၅ နိုင်ငံ၌ ဒီမိုကရေစီနည်းကျရွေးကောက်ပွဲများ ပြုလုပ်ကျင်းပနိုင်ခဲ့သည်။ နိုင်ငံပေါင်း ၈၆ နိုင်ငံ (၄၄ ရာခိုင်နှုန်း) သည် ရွေးကောက်ပွဲများကို အပြည့်အဝကျင်းပနိုင်ခဲ့ပြီး နိုင်ငံပေါင်း ၅၉ နိုင်ငံ (၃၀ ရာခိုင်နှုန်း) သည် လွတ်လပ်သောရွေးကောက်ပွဲများကို တစ်စိတ်တစ်ဒေသ ကျင်းပနိုင်ခဲ့သည်ဟု သိရသည်။ ဒီမိုကရေစီစနစ်သည် အများပြည်သူအကြိုက်ဖြစ်သော်လည်း အခက်အခဲများရှိသည်ကို တွေ့မြင်နိုင်သည်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ ပါလီမန်ဒီမိုကရေစီစနစ်၊ အာဏာရှင်စနစ်၊ ဆိုရှယ်လစ်စနစ် အမျိုးမျိုးကျင့်သုံးခဲ့ပြီးနောက် ပါတီစုံဒီမိုကရေစီစနစ်ကို ဆယ်စုနှစ်တစ်ခု ကျင့်သုံးနိုင်ခဲ့သည်။ သို့သော် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖောက်ဖျက်၍ နိုင်ငံတော်အာဏာရယူမှု ဖြစ်ခဲ့သောကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာ၍ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာအားကောင်းပြီး လမ်းကြောင်းတည့်မတ်မှန်ကန်အောင် ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ ၆ ရက်နေ့က မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများကိုတွေ့ဆုံစဉ် “မိမိတို့ချမှတ်ထားသော လုပ်ငန်းစဉ်များအနက် နောက်ဆုံးအချက်တွင် “အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်” ဟူ၍ ချမှတ်ထားကြောင်း၊ ယခင်အစိုးရလက်ထက်ရွေးကောက်ပွဲ၌ သိက္ခာမဲ့သောရွေးကောက်ပွဲဖြစ်ခဲ့သဖြင့် မိမိတို့အနေဖြင့် သိက္ခာရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး အဘက်ဘက်မှကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း” ပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပပြီး အနိုင်ရသည့်ပါတီအား နိုင်ငံတော်တာဝန်များပြန်လည်လွှဲအပ်ပေးနိုင်ရေးဖြစ်သည်။ ယင်းအချက်သည် ပြည်သူများ၏ဆန္ဒ၊ နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်ရပ်တည်ချက်ဖြစ်သည်။ အများပြည်သူလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ် တည့်မတ်မှန်ကန်ခိုင်မာရေးကို ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်ကို အတိုင်းအတာတစ်ခုအထိ တာဝန်ယူဆောင်ရွက်နေခြင်း ဖြစ်သည်။ သို့သော် နိုင်ငံရေးအရဖြစ်ပေါ်လာသည့် ပြဿနာကို နိုင်ငံရေးအရ မဖြေရှင်းဘဲ အကြမ်းဖက်နည်းလမ်းဖြင့် ဖြေရှင်းရန် ကြိုးပမ်းလာမှုများကြောင့် နိုင်ငံအတွင်း လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်လာခဲ့သည်။ တစ်ဖက်တွင် ပွဲလန့်တုန်း ဖျာခင်းသည့် EAO များက အကြမ်းဖက်တိုက်ခိုက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ပုံဖော်ဖန်တီးလာကြသည်။ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ပြည်သူများ၏အသက် အိုးအိမ်စည်းစိမ်များ ထိခိုက်မှုရှိသလို နိုင်ငံတော်အတွက်လည်း ဆုံးရှုံးမှုများဖြစ်ရသည့်အပြင် ပြည်သူများ၏ဆန္ဒ အလှမ်းဝေးစေနိုင်သည်။

ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့်အချက်များဖြစ်သည်။ တည်ငြိမ်အေးချမ်းရေးအတွက် အားလုံးပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်လိုပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားလုံးပါဝင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံရေးပါတီများ၏အခန်းကဏ္ဍသည် အဓိကကျသည့် အရေးကြီးကဏ္ဍဖြစ်သည်။ ပြည်သူများ၏ဆန္ဒဖြင့် ရွေးချယ်ပေးလိုက်သည့် နိုင်ငံရေးပါတီများသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားများဖြစ်ထွန်းရေးကို ဦးတည်ရှေးရှုဆောင်ရွက်ရေးဖြစ်သည်။ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားပျက်ပြားစေမည့်အလုပ်များကို ရှောင်ရှားရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ အန္တိမရည်မှန်းချက်မှာ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပပြီး အနိုင်ရသည့်ပါတီကို နိုင်ငံတော်တာဝန်များ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေးဖြစ်၍ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းပြီး ရွေးကောက်ပွဲများကျင်းပနိုင်ရေး၊ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပါတီဝင်များသည် ဒီမိုကရေစီကို လိုလားသူများဖြစ်ပြီး ပါတီ၏အမာခံအင်အားများဖြစ်သကဲ့သို့ ဒီမိုကရေစီအမာခံများဖြစ်ရန်လိုပြီး နိုင်ငံတော်နှင့် ပြည်သူများအကျိုးအတွက် ပြည်သူများနှင့်အတူ ကျရာကဏ္ဍမှ တစ်တပ်တစ်အားပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ညောင်လေးပင်မြို့နယ်၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံစာဆိုတော်နေ့အခမ်းအနား ကျင်းပ

ညောင်လေးပင် ဇန်နဝါရီ ၇

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဦးစွာ ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်းနာယက ဆရာဦးမြင့်သန်း (ဒေါက်တာမြင့်သန်း-ညောင်လေးပင်)က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးစိုးဝင်း (မောင်စုမြင်-ညောင်လေးပင်)က အသင်းဖြစ်တည်လာပုံနှင့် လှုပ်ရှားခဲ့မှုများအား ပြန်လည်တင်ပြခဲ့ပြီး ဆရာဦးလှမြင့် (လှမြင့်ဦး-ညောင်လေးပင်)က မြန်မာနိုင်ငံစာဆိုတော်နေ့ ဖြစ်ပေါ်လာပုံအား ရှင်းလင်းပြောကြားသည်။



ယင်းနောက် ထင်ရှားကျော်ကြားစာဆိုရှင်များ၏ သုတ၊ ရသစာပေများအား စာရေးဆရာအသင်းဝင်များက ဖတ်ကြားပေးခဲ့ပြီး စာရေးဆရာအသင်းရန်ပုံငွေအတွက် စာပေချစ်သူ မြို့မိမြို့ဖများက အလှူငွေများ လှူဒါန်းခဲ့ကြောင်း သိရသည်။ ၂၁၄

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဆန်စက်နှင့် သိုလှောင်ရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပုသိမ်မြို့ ပုသိမ်စက်မှုစီမံကိန်းရုံး၌ ပို့ကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

**မှာကြား**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်း လယ်ယာထွက်ကုန်ဈေးကွက် တည်ငြိမ်စေရန်၊ တောင်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ရန်၊ စက်ရုံများအားလုံး လည်ပတ်ရေး ဆောင်ရွက်ရန်၊ ထုတ်လုပ်မှု စွမ်းဆောင်ရည်များ တိုးချဲ့ရန်၊ အရည်အသွေးကောင်းအောင် စီမံခန့်ခွဲရန်နှင့် ကုန်သွယ်မှု သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ သိရှိအောင် ချိတ်ဆက် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဧရာဟသာ Trading Co., Ltd. ၏ ပုသိမ်ဆန်စက်ကို လည်းကောင်း၊ ဧရာဝတီ အပြည်ပြည်ဆိုင်ရာစက်မှုဆိပ်ကမ်းကို လည်းကောင်း၊ SHUANGXI(စွန်းချီ) ပုသိမ် Garments Co., Ltd. အထည်ချုပ်စက်ရုံကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်မြို့ Ayeyawaddy Fisheries Ltd. အအေးခန်းစက်ရုံတွင် ပုစွန်သားပေါက်မွေးမြူရေးမှ ပြည်ပသို့တင်ပို့သည့် ကုန်ချောထုတ်လုပ်နေမှု အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး ဝယ်ယူသည့်နိုင်ငံ၏ လိုအပ်ချက် စံချိန်စံညွှန်း ပြည့်မီအောင် ဆောင်ရွက်ရန်၊ အလုပ်သမားများ ဘေးအန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ရန်နှင့် ပြည်ပသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မြောင်းမြမြို့ Paddy Star ဆန်စက်နှင့် သိုလှောင်ရုံသို့ ရောက်ရှိပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့ရှိ Shwe Me Group of Company ၏ ပြောင်းသိုလှောင်ရုံသို့ ရောက်ရှိပြီး သိုလှောင်ရုံအတွင်း ပြည်ပသို့ တင်ပို့ရန် ပြောင်းများသန့်စင်ပြီး ထုပ်ပိုးနေမှုကို ကြည့်ရှုစစ်ဆေးကာ ပြည်တွင်း တိရစ္ဆာန် အစားအစာ ဖူလုံမှုရှိပြီး ပိုလျှံသည့် ပြောင်းဖူးစေ့များ ပြည်ပသို့ ပို့ကုန်အဖြစ်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်၊ ပြည်ပဈေးကွက်ရရှိရေးကို သတ်မှတ်စည်းမျဉ်း စည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်သွားကြရန်မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❂ လန်ပိအဏ္ဏဝါမှ

ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင် တည်ရှိခြင်း၊ အပန်းဖြေဧရိယာအတွင်း ကယက်လှေဖြင့် သဘာဝအလှကို ကြည့်ရှုလှေ့လာနိုင်ခြင်း၊ လှပသန့်ရှင်းသော ပင်လယ်ပြင်နှင့် သောင်ပြင်အလှတို့ရှိနေခြင်း၊ ဆလုံတိုင်းရင်းသားတို့၏ လူမှုဘဝကို အနီးကပ်လေ့လာနိုင်ခြင်းနှင့် သဘာဝအခြေခံခရီးသွား အရင်းအမြစ်များစွာ တည်ရှိနေခြင်းတို့ကြောင့် နိုင်ငံတကာမှ ခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသည်။

**ပြည်သူလူထု ပူးပေါင်းထိန်းသိမ်း**

"ကျွန်တော်တို့ လန်ပိကျွန်းမှာ ခရီးသွားလုပ်ငန်းကုမ္ပဏီတစ်ခုရှိတယ်။ ဝါးအလယ်ကျွန်းလို့ခေါ်တဲ့ အဲဒီအပန်းဖြေစခန်းမှာ နိုင်ငံခြားသား ခရီးသွားတွေ အပန်းဖြေလည်ပတ်နေကြပါပြီ။ အထူးသဖြင့် ကယက်လှေနဲ့ လည်ပတ်တာ၊ နေဝင်ဆည်းဆာမှာ ကုန်းနေ/ရေနေငှက်တွေကိုကြည့်တာ နှစ်သက်ကြတယ်။ လှိုင်းစီးမယ်၊ သန္တာကျောက်တန်းတွေကို လေ့လာကြတယ်။ လန်ပိကျွန်းဟာ မြန်မာနိုင်ငံမှာ ပထမဆုံး အဏ္ဏဝါအမျိုးသားဥယျာဉ်ဖြစ်တဲ့အပြင် အာဆီယံအမွေအနှစ် ဥယျာဉ်တစ်ခုလည်းဖြစ်ပါတယ်။ ဌာနအနေနဲ့ မီးခိုးမထွက်တဲ့ အစိမ်းရောင်စီးပွားရေးကနေ နိုင်ငံအတွက် ဝင်ငွေရှာဖွေပေးနိုင်တဲ့အတွက် အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။ အဏ္ဏဝါအမျိုးသားဥယျာဉ်ကြီး ရေရှည်တည်တံ့ဖို့အတွက် ဆက်စပ်ဌာနများနဲ့ ပြည်သူလူထု ပူးပေါင်းပါဝင်ထိန်းသိမ်းသွားဖို့လည်း တိုက်တွန်းလိုပါတယ်" ဟု လန်ပိကျွန်းအဏ္ဏဝါ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

ဝါးအလယ်ကျွန်း (Wa Ale Resort) ၏ အရှေ့ဘက်မျက်နှာစာနှင့် အနောက်ဘက် မျက်နှာစာမှ ပင်လယ်ပြင်အလှကို အပြည့်အဝ ကြည့်ရှုခံစားနိုင်သည့်အပြင် အရုဏ်ဦးအလှနှင့် ဆည်းဆာအလှကို ကြည့်ရှုခံစားနိုင်သောကြောင့် ခရီးသွားရာသီ ဒီဇင်ဘာလကုန်ပိုင်းတွင် ခရီးသွားများ ဝင်ရောက်နေခြင်းဖြစ်သည်။ လန်ပိကျွန်း အဏ္ဏဝါအမျိုးသားဥယျာဉ်သည် အလျား မိုင် ၃၀၊ အနံ ခုနစ်မိုင်ရှိပြီး ကုန်းတွင်းနှင့် အဏ္ဏဝါ၌ ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝကာ ရေပျော်ငှက်နှင့် ဒေသမျိုးရင်းငှက် ၂၈၈ မျိုးရှိ၍ အောက်ချင်းငှက်နှင့် ပုလင်းနှုတ်သီးလင်းပိုင်များလည်း ကျက်စားသည့်အတွက် နိုင်ငံခြားသားခရီးသွားများ လေ့လာစူးစမ်းရာ နေရာတစ်ခုအဖြစ် ဆွဲဆောင်လျက်ရှိသည်။



**စိတ်အေးချမ်းမှုနှင့် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှုကို ပေးစွမ်းလျက်ရှိသည့် ဝါးအလယ်ကျွန်း ပင်လယ်ကမ်းခြေတွင် အပန်းဖြေနေမှုကို တွေ့ရစဉ်။**

၂၀၂၆ ခုနှစ် ခရီးသွားရာသီ၌ မြန်မာပြည်မြောက်ပိုင်း ရေခဲတောင်ဒေသ၊ တောင်ပေါ်ဒေသ၊ မြန်မာပြည်အလယ်ပိုင်း ပုဂံဒေသနှင့် ခရီးသွားဒေသများ၊ ရန်ကုန်မြို့ ရှေးဟောင်းမြို့ပြအဆောက်အအုံများနှင့် ကော့သောင်းခရိုင် မြိတ်ကျွန်းစုတို့တွင် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ အပန်းဖြေလည်ပတ်ကြလျက်ရှိသည်။ ယခုလို ဆောင်းရာသီ၌ မြို့ပြမွန်းကြပ်မှုကို ပြေပျောက်စေသည့် ပင်လယ်ကမ်းခြေ အပန်းဖြေလည်ပတ်မှုတွင် မြန်မာပြည်တောင်ဘက်စွန်းရှိ လန်ပိကျွန်း၊ ညောင်ဦးဖီးကျွန်း၊ ကျွန်းဘုရင်၊ သမီးလှကျွန်း၊ မင်းသားကျွန်းနှင့် ဝါးအလယ်ကျွန်းအပန်းဖြေစခန်းတို့၌ ပြည်တွင်း၊ ပြည်ပခရီးသွားများ အပန်းဖြေလည်ပတ်ကြလျက်ရှိရာ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနနှင့် ခရီးသွားကုမ္ပဏီတို့က ခရီးသွားများကို ဝန်ဆောင်မှုများပေးလျက်ရှိသည်။ အထူးသဖြင့် ရှားပါးမျိုးစိတ်များ ရှင်သန်ကျက်စားလျက်ရှိရာ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်အတွင်းရှိ Wa Ale Resort သို့ နိုင်ငံတကာမှ ခရီးသွားများ နှစ်စဉ် လာရောက်အပန်းဖြေ လည်ပတ်လျက်ရှိကြောင်း သိရသည်။

**သတင်း– ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ – အမျိုးသားဥယျာဉ်အုပ်ချုပ်ရေးမှူးရုံး**

---

❖ ရှေ့ဖုံးမှ

အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၄ ဘီလီယံလောက်အထိ တင်ပို့ငွေရရှိနိုင်ဖို့ မျှော်မှန်းထားပါတယ်"ဟု မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တာဝန်ရှိသူက ပြောသည်။

လက်ရှိတင်ပို့နေသည့် ပို့ကုန်အများစုတွင် ပဲမျိုးစုံသည် အဓိကပို့ကုန်အဖြစ် တင်ပို့လျက်ရှိကြောင်း၊ ယခုဘဏ္ဍာနှစ် ကိုးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ပဲမျိုးစုံတင်ပို့မှုတန်ချိန် ၁ သန်းကျော်အထိ တင်ပို့နိုင်ခဲ့ရာ ကျန်ရှိနေသည့် ကာလအတွင်း လျာထားတန်ချိန်ပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်တွင်းအလုပ်အကိုင်**
**အခွင့်အလမ်းများလည်း များပြားလာနိုင်**

၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုအနေဖြင့် ပျမ်းမျှတန်ချိန် ၂ သန်းခန့် ရှိခဲ့ရာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၇ ဘီလီယံအထိ နိုင်ငံခြားဝင်ငွေရရှိခဲ့ကြောင်း၊ မြန်မာ့ဒေသထွက် ပဲမျိုးစုံကိုနိုင်ငံတကာသို့ တင်ပို့ရာတွင် ကုန်ကြမ်းများတင်ပို့နေခြင်းထက် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်ထုတ်လုပ်တင်ပို့နိုင်ပါက ပို့ကုန်တန်ဖိုး ပိုမိုများပြားလာနိုင်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းများလည်း များပြားလာနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်ရန်အတွက် တောင်သူများအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အထကောင်းများကိုကျင့်သုံး၍ မိမိတို့ပို့ကုန်များ၏ အရည်အသွေးကောင်းမွန်ခြင်း၊ ကျန်းမာရေးနှင့်ပြည့်စုံခြင်း၊ ဘေးဥပဒ်ကင်းရှင်းခြင်း စသည့် အချက်များနှင့် ကိုက်ညီစေရန် ကြိုးစားဆောင်ရွက်ရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ တိုက်တွန်းထားကြောင်း သိရသည်။

**စိုးမြင့်အောင်**

---


# လပွတ္တာမြို့နယ်၌ ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်

**လပွတ္တာ ဇန်နဝါရီ ၇**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ၂၀၂၃–၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လပွတ္တာမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လပွတ္တာ–မြောင်းမြကားလမ်းမှ ဉာဏ်ကွင်း(ကံရွာ)သို့ ဆက်သွယ်သောလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တာဝန်ရှိသူများက ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းသည် အရှည် သုည/၄ ဒသမ ၁၁ မိုင်၊ အကျယ် ၁၄ ပေရှိပြီး ရန်ပုံငွေကျပ် ၁၂၃ ဒသမ ၀၇၆ သန်းဖြင့် လပွတ္တာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသောလမ်းဖြစ်ပြီး ကျေးရွာအုပ်စု လေးအုပ်စု၊ ကျေးရွာ ၁၉ ရွာ၊ အိမ်ခြေ ၁၅၇၀၊ လူဦးရေ ၆၂၁၁ ဦးအား အကျိုးပြုနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါကျေးရွာများရှိ ကျေးလက်နေပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသထွက် ကုန်စည်သယ်ယူပို့ဆောင်ရေးတို့အတွက် အဆင်ပြေလွယ်ကူစေပြီး ရာသီမရွေးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ ကလောနှင့် ဟိုပုံးမြို့နယ်များ စဉ်ဆက်ပညာရေးလုပ်ငန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းသင်ပညာရေးနည်းလမ်းဖြင့် သင်ကြားခွင့်မရရှိခဲ့သူများအတွက် ကျောင်းပြင်ပပညာရေးနည်းလမ်းဖြင့် သင်ကြားပေးနိုင်ရေး ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးလုပ်ငန်း၏ ကဏ္ဍတစ်ရပ်ဖြစ်သည့် စဉ်ဆက်ပညာရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး၊ ကလောနှင့် ဟိုပုံးမြို့နယ်များ စဉ်ဆက်ပညာရေးလုပ်ငန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ ပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနနှင့် ရှမ်းပြည်နယ်ပညာရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ စဉ်ဆက်ပညာရေးလုပ်ငန်းတွင် သင်ကြားပေးလျက်ရှိသည့် စေတနာလုပ်အားပေးနည်းပြများနှင့်ကြီးကြပ်များ၊ပညာရေးမိသားစုဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူလေးများက "အနာဂတ်မြော်တွေး စဉ်ဆက်ပညာရေး" တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်သည်။

ထို့နောက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းကြီးကြပ်မှု ဗဟိုကော်မတီနာယကပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေးအတွက်အလေးထားဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်မှုပြုခဲ့ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့်အတူ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ၂၀၂၃ခုနှစ် ဒီဇင်ဘာလအတွင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) မြို့နယ်လေးခု၊ ဧရာဝတီတိုင်းဒေသကြီး မြို့နယ်ငါးခုနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေ မြို့နယ်ရှစ်ခုတို့တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း စတင်ဆောင်ရွက်ခြင်းအစီအစဉ်များနှင့် စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးဖြစ်သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီး၊ ကလောနှင့် ဟိုပုံးမြို့နယ်တို့တွင် စဉ်ဆက်ပညာရေးလုပ်ငန်း ဆောင်ရွက်ခြင်းအစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနအနေဖြင့် စာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်ပြည်ထောင်စုနယ်မြေများရှိ သတ်မှတ်မြို့နယ်များတွင် စာတတ်မြောက်ရေးလုပ်ငန်းဆောင်ရွက်ပြီးပါက ဆက်လက်လုပ်ဆောင်ရမည့် စဉ်ဆက်ပညာရေးလုပ်ငန်းများကို ဒေသအစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်နေပြည်သူများနှင့် အစွန်အဖျားဒေသများရှိ တိုင်းရင်းသားပြည်သူများအားလုံး စာတတ်မြောက်ရေးအတွက် ဆောင်ရွက်သွားရမည့် ကျောင်းပြင်ပ ပညာရေးကဏ္ဍ၏ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း၊ စဉ်ဆက်ပညာရေးလုပ်ငန်းတို့ကို ဦးတည်အုပ်စုများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်နေသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေခဲ့ရသည့်ကလေးများ၊ ကျောင်းနေအရွယ်လွန်ကလေးများနှင့် စာမတတ်သူကလေးများအတွက် ဦးတည်အုပ်စုအဖြစ် အသက် ၁၀ နှစ်နှင့် ၁၄ နှစ်အရွယ် ကလေးများအား ဖော်ဆောင်ပေးလျက်ရှိသည့် တန်းညှိပညာရေးအစီအစဉ်ဖြစ်သည့် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး အစီအစဉ်များကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ တိုးချဲ့ဆောင်ရွက်သွားနိုင်ရေး အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းနှင့် စဉ်ဆက်ပညာရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီနာယက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက အမှာစကား ပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့ အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "လူတိုင်းအတွက် ပညာရေး"တေးသီချင်းဖြင့် သီဆိုဂုဏ်ပြုကြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန၊ ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ကျောင်းပြင်ပ ပညာရေးကဏ္ဍနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တေးသီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ ဂုဏ်ပြုဆုငွေများချီးမြှင့်ပေးအပ်ပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေးအပ်သည့် ထောက်ပံ့ငွေနှင့်ပစ္စည်းများကို ကယားပြည်နယ် အခြေခံပညာ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများသို့ ပေးအပ်ရာ ကယားပြည်နယ်ပညာရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော အခြေခံစာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းပြခန်းကို လှည့်လည်ကြည့်ရှုကြသည်။

ကျောင်းပြင်ပ ပညာရေးကဏ္ဍတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း သင်ကြားခြင်းကို အဆိုပါမြို့နယ် သုံးခုတွင် ၂၀၂၃ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်အတွက် စာတတ်မြောက်ရေးလုပ်ငန်းသင်ကြားပြီးခဲ့သူများ၊ ငယ်စဉ်က မူလတန်းပညာပြီးမြောက်ခဲ့သူများနှင့် မူလတန်းပညာကို တစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ခဲ့ရသူများအား ဦးတည်အုပ်စုအဖြစ် သတ်မှတ်၍ အသက် ၁၅ နှစ်နှင့်အထက် လူငယ်နှင့်သက်ကြီးပိုင်းအရွယ်များကို စာသင်သားများအဖြစ် စာရင်းကောက်ယူပြီး စာသင်ဝိုင်းများစုဖွဲ့၍ စဉ်ဆက်ပညာရေးကို တစ်ရက်ပျမ်းမျှ သုံးနာရီနှုန်းဖြင့် နာရီပေါင်း ၂၇၀၊ ရက်ပေါင်း ၉၀ ကြာ သင်ကြားခြင်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ကုန်းပေါ်)၊ အခြေခံပညာအထက်တန်းကျောင်း(ရွှေညောင်)၊ ကလောမြို့နယ် အောင်ပန်းမြို့ရှိ အခြေခံပညာအလယ်တန်းကျောင်း(ဝါးရုံပင်)၊ အခြေခံပညာအထက်တန်းကျောင်း (အင်းခေါင်း)၊ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း (အောင်ပန်း) ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုင်းတုံမြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပြည်နယ်အဆင့် ပညာရေးစုံညီပွဲတော် ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပြည်နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသားကျောင်းသူများက "စုံညီပွဲတော် ဒို့နွဲပျော်" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူးက စုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် တိုင်းမှူးက ပညာရေးစုံညီပွဲတော်အတွက် ထောက်ပံ့ငွေများပေးအပ်ရာ ပြည်နယ်ပညာရေးမှူးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်အတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်ချက်အကောင်းဆုံးရရှိသော မြို့နယ်နှင့် ကျောင်းများ၊ မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဆုရရှိသောကျောင်းများနှင့် (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား



တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ တွဲထားလက်များ ခိုင်မြဲစို့။

# ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ပြည်ပပို့ကုန်တင်ပို့မှု အမေရိကန်ဒေါ်လာ ၂၇၈ သန်းကျော်ရရှိ

**နေပြည်တော် ဇန်နဝါရီ ၇**

၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၂၇၈ သန်းကျော်ရရှိခဲ့ပြီး ယခုရက်သတ္တပတ်တွင် လယ်ယာထွက်ကုန်များမှ ဆန်၊ ပြောင်း၊ ရော်ဘာစိမ်းနှင့် မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ပဲယဉ်း၊ စွန်တာနီ/စွန်တာပြာပဲ၊ ပဲနီကြီး၊ မြေပဲဆန်တို့ ပိုမိုတင်ပို့နိုင်ခဲ့ကာ စားဖိုဆောင်သီးနှံများဖြစ်သည့် ငရုတ်၊ ချင်း၊ မန်ကျည်းသီး၊ နနွင်းတက်၊ ကြက်သွန်နီများကိုလည်း တရုတ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ယီမင်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်နိုင်ငံဈေးကွက်များသို့ ပမာဏများများတင်ပို့လျက်ရှိသည်။

မြန်မာ့ပဲမျိုးစုံ၏ အဓိကဝယ်လက်ဖြစ်သော အိန္ဒိယနိုင်ငံသည် မတ်ပဲ၊ ပဲစင်းငုံ လွတ်လပ်စွာတင်သွင်းခွင့်ကို ၂၀၂၅ ခုနှစ် မတ်လအထိ တစ်နှစ်သက်တမ်းတိုးလိုက်ပြီး ယခုနှစ် အိန္ဒိယနိုင်ငံ၏ ပဲလိုအပ်ချက်အရ ဝယ်လိုအားများလျက်ရှိသည်။ ယခုအပတ် အိန္ဒိယဈေးကွက်၌ မတ်ပဲတစ်တန်လျှင် ရူပီး ၈၆၀၀၀ မှ ၈၈၀၀၀၊ ပဲစင်းငုံ တစ်တန်လျှင် ရူပီး ၉၀၅၀၀ မှ ၉၃၀၀၀ အထိ ပေါက်ဈေးရှိပြီး လက်ရှိပဲရာသီ၌ ပြည်တွင်းဈေး ပဲစင်းငုံမှာ တစ်တန်လျှင် ငွေကျပ် ၃၃ သိန်းကျော်၊ မတ်ပဲ (FAQ) မှာ တစ်တန်လျှင် ငွေကျပ်သိန်း ၃၀ ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ပြည်ပပို့ကုန် အလားအလာသည် ဝယ်လက်နိုင်ငံများ၏ ပြည်တွင်းလိုအပ်ချက်၊ ဈေးနှုန်းရရှိမှုအပေါ် မူတည်လျက်ရှိပြီး မိမိတို့နိုင်ငံအနေဖြင့် အလားအလာရှိသော ပြည်ပဈေးကွက်များသို့ ပိုမိုတိုးတက် တင်ပို့နိုင်ရေးကို စိုက်ပျိုးသူတောင်သူများ၊ ကုန်ထုတ်လုပ်သူများ၊ ပို့ကုန်လုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများအားလုံး ပေါင်းစပ်ညှိနှိုင်းပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယခုရက်သတ္တပတ်၌ နိုင်ငံပိုင်ကဏ္ဍမှ မြန်မာ့ကျောက်မျက်ရတနာ ပြပွဲများတွင် ရောင်းချထားသည့် ကျောက်စိမ်း ၄၁၃၉ ကီလိုကို တရုတ်နိုင်ငံသို့လည်းကောင်း၊ ကျောက်စိမ်း ၃၉၁၈ ကီလိုကို ဩစတြေးလျနိုင်ငံသို့လည်းကောင်း လေကြောင်းလိုင်းဖြင့် တင်ပို့ခဲ့သည်။ ပုဂ္ဂလိကကုမ္ပဏီ အသီးသီးမှလည်း အခြား ခဲ၊ သွပ်၊ ကြေးနီ၊ သတ္တုတွင်းထွက်ပစ္စည်းများ တန်ဖိုး အမေရိကန်ဒေါ်လာ ရှစ်သန်းကျော်ကို တရုတ်၊ ထိုင်း၊ ကိုရီးယား၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများသို့ တင်ပို့မှုရှိသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုမှ ပြည်ပပို့ကုန် တိုးတက်လာစေရေးကို အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများ တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ရေမြေသဘာဝအလျောက် အရည်အသွေးရှိသော သဘာဝတွင်းထွက် ထုတ်ကုန် ကုန်ကြမ်းများအား တီထွင်ဆန်းသစ်သော နည်းလမ်းများဖြင့် အဆင့်မြှင့်တင်ပြီး တင်ပို့နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွား မြင့်မားတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ယခုရက်သတ္တပတ် ပို့ကုန်တင်ပို့နိုင်မှုအခြေအနေအား ဖော်ပြတိုက်တွန်းအပ်ပါသည်။

(၂၃-၁၂-၂၀၂၃ မှ ၂၉-၁၂-၂၀၂၃)ရက်နေ့ထိ ရက်သတ္တပတ်တွင်
ပို့ကုန်လိုင်စင်ထုတ်ပေးမှုနှင့် အမှန်တင်ပို့မှုစာရင်း

တန်ဖိုး - အမေရိကန်ဒေါ်လာသန်း

| စဉ် | အကြောင်းအရာ | ပင်လယ်ရေကြောင်း | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး | စောင်ရေ | တန်ဖိုး |
| ၁ | ပို့ကုန်လိုင်စင် | ၂၀၀၀ | ၁၁၂၄.၂၅၁ | ၂၀၄ | ၁၅၄.၄၇၅ | ၂၂၀၄ | ၁၂၇၈.၇၂၆ |
| ၂ | အမှန်တင်ပို့မှု | | ၁၈၆.၇၁၉ | | ၉၁.၇၅၄ | | ၂၇၈.၄၇၃ |
| (က) | လယ်ယာထွက်ပစ္စည်း | | ၆၃.၆၇၆ | | ၁၇.၂၆၇ | | ၈၀.၉၄၃ |
| (ခ) | တိရစ္ဆာန်ထွက်ပစ္စည်း | | ၀.၀၈၆ | | ၀.၁၀၀ | | ၀.၁၈၆ |
| (ဂ) | ရေထွက်ပစ္စည်း | | ၆.၈၀၄ | | ၃.၅၁၀ | | ၁၀.၃၁၄ |
| (ဃ) | သတ္တုတွင်းထွက်ပစ္စည်း | | ၁၀.၂၃၆ | | ၀.၁၃၄ | | ၁၀.၃၇၀ |
| (င) | သစ်တောထွက်ပစ္စည်း | | ၀.၆၈၅ | | | | ၀.၆၈၅ |
| (စ) | စက်မှုကုန်ချောပစ္စည်း | | ၉၂.၈၉၁ | | ၇၀.၄၉၂ | | ၁၆၃.၃၈၃ |
| (ဆ) | အခြားပစ္စည်းများ | | ၁၂.၃၄၁ | | ၀.၂၅၁ | | ၁၂.၅၉၂ |

အဓိကပို့ကုန်အများဆုံး (၁၀)မျိုးစာရင်း
၁-၄-၂၀၂၃ မှ ၂၉-၁၂-၂၀၂၃ နေ့အထိ

တန်ဖိုး - အမေရိကန်ဒေါ်လာသန်း

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး |
|---|---|---|---|---|
| ၁ | ချုပ်ပြီးအထည် | ခု | ၅၀၈၆၁၁၀၉၆ | ၃၂၅၇.၇၅၁ |
| ၂ | သဘာဝဓာတ်ငွေ့ | MMBTU | ၂၅၆၄၀၈၆၁၀ | ၂၄၉၁.၈၁၄ |
| ၃ | မတ်ပဲ | တန် | ၅၇၉၇၅၆ | ၅၂၉.၆၇၃ |
| ၄ | ဆန်+ဆန်ကွဲ | တန် | ၉၉၀၀၈၆ | ၄၇၈.၂၆၉ |
| ၅ | ပြောင်း | တန် | ၉၃၄၈၈၃ | ၂၇၉.၀၄၂ |
| ၆ | ငါး | တန် | ၂၂၃၀၁၄ | ၂၅၈.၇၄၈ |
| ၇ | ပဲတီစိမ်း | တန် | ၂၉၉၈၅၀ | ၂၁၃.၂၀၁ |
| ၈ | ရော်ဘာစိမ်း | တန် | ၁၁၄၈၅၅ | ၁၄၄.၀၄၆ |
| ၉ | ပဲစင်းငုံ | တန် | ၁၁၆၇၆၉ | ၁၀၅.၀၂၄ |
| ၁၀ | သတ္တုနှင့် သတ္တုရိုင်းများ | တန် | ၈၄၉၂၇ | ၈၅.၉၆၂ |

ပို့ကုန်အများဆုံးတင်ပို့သည့် နိုင်ငံ(၁၀)စာရင်း
၁-၄-၂၀၂၃ မှ ၂၉-၁၂-၂၀၂၃ နေ့အထိ

တန်ဖိုး - အမေရိကန်ဒေါ်လာသန်း

| စဉ် | နိုင်ငံ | တန်ဖိုး |
|---|---|---|
| ၁ | ထိုင်း | ၂၆၆၉.၅၆၇ |
| ၂ | တရုတ် | ၂၂၀၅.၆၃၁ |
| ၃ | ဂျပန် | ၈၆၂.၂၃၂ |
| ၄ | အိန္ဒိယ | ၆၂၇.၀၄၈ |
| ၅ | အမေရိကန် | ၄၄၂.၄၇၂ |
| ၆ | ဂျာမနီ | ၄၀၃.၀၀၂ |
| ၇ | ပိုလန် | ၃၆၈.၃၄၆ |
| ၈ | စပိန် | ၃၃၃.၀၅၉ |
| ၉ | တောင်ကိုရီးယား | ၂၉၃.၆၂၄ |
| ၁၀ | အီတလီ | ၂၃၈.၂၄၂ |

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သိမ်တော်ကြီး-ကမော့ကစင် ကွန်ကရစ်လမ်းဖွင့်

**ဘားအံ ဇန်နဝါရီ ၇**

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေ ၂၀၃၄ ဒသမ ၃၆ သန်းဖြင့် ဆောင်ရွက်သော သိမ်တော်ကြီး-ကမော့ကစင်လမ်း ကွန်ကရစ်လမ်းဖွင့်ပွဲကို ဇန်နဝါရီ ၇ ရက် နံနက် ၈ နာရီက ဘားအံမြို့ရှောင်လမ်းနှင့်ဆုံရာ အဆိုပါလမ်းမုခ်ဦးတည်နေရာ၌ ကျင်းပသည်။

**တိုက်ရိုက်သွားလာနိုင်**

လမ်းဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ယခုကဲ့သို့ သိမ်တော်ကြီး-ကမော့ကစင်လမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဘားအံမြို့တွင်း ဇွဲကပင်ကုန်းမြို့ပတ်လမ်းဘက်မှ မြို့ရှောင်လမ်းဘက်သို့ အဆင်ပြေချောမွေ့စွာ အချိန်ကုန်သက်သာစွာဖြင့် တိုက်ရိုက်သွားလာနိုင်ပြီး ထိုမှတစ်ဆင့် ဘားအံမြို့ရှောင်လမ်းအတိုင်း မြို့အဝင်ဆင်ဖြူတော်အဝိုင်း၊ သံလွင်တံတား-ရန်ကုန်ဘက်သို့လည်းကောင်း၊ ကော့ကရိတ်-မြဝတီဘက်သို့လည်းကောင်း၊ ဘားအံ-ကြာအင်းလမ်းအတိုင်း ဟိုတယ်ဇုန်၊ ဇွဲကပင်တောင်ခြေ လုမ္ဗိနီဥယျာဉ်ဘက်သို့လည်းကောင်း၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်လာသည့် လမ်းကွန်ရက်များအတိုင်း ယာဉ်ကြောပိတ်ဆို့မှုနည်းပါးစွာ၊ ယာဉ်အန္တရာယ် လမ်းအန္တရာယ်နည်းပါးစွာဖြင့် လွယ်ကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)ဦးအောင်ညိုက လမ်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြားပြီး ဒေသခံတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ညွှန်ကြားရေးမှူး(မြို့ပြ)က လမ်းဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်များအား လက်ရောက်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက သိမ်တော်ကြီး-ကမော့ကစင်လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယနေ့ဖွင့်လှစ်သောလမ်းသည် ၂၀၂၁ ခုနှစ် နောက်ပိုင်း ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ယခင်တောင်ယာသွားလမ်းအဖြစ် လူသွားလမ်းသာသာရှိခဲ့သောလမ်းကို ၂၀၂၁ ခုနှစ် မီနီဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၂ ဒသမ ၅၅၉ သန်းဖြင့် ပေ ၃၀ အကျယ်မြေသားတစ်ကြောင်းထိုး လမ်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေ စုစုပေါင်းကျပ် ၄၉၅ ဒသမ ၂၄ သန်းဖြင့် ရေစီးရေလာကောင်းမွန်ရန်နှင့် ရေထွက်ပေါက်များ အဆင်ပြေစေရန် သံကူကွန်ကရစ် Box Culvert ရှစ်စင်း ပါဝင်သော အမာခံမြေသားလမ်းအဖြစ် ဆောင်ရွက်ပေးခဲ့ကာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၀၃၄ ဒသမ ၃၆ သန်းဖြင့် ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ၂ ဒသမ ၈၉၁ ကီလိုမီတာ၊ Box Culvert ၁၃ စင်း၊ ကျောက်စီမြေထိန်းနံရံနှင့် ရေမြောင်းတွဲလျက် ၁၉၀၉ ပေ၊ ကျောက်စီမြေထိန်းနံရံ ၄၉၂ ပေစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည့် လမ်း၊ တံတားလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါလမ်းအား ဖြတ်သန်းကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား။

# နိုင်ငံရေးရည်ရွယ်ချက်နဲ့ ကျေးဇူးတရားကို ချေဖျက်တဲ့ ဩဇာခံနိုင်ငံ

ကိုရင်မောင်

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့မှာ Antara သတင်းဌာနက "Jakarta (ANTARA) – Deputy head of the Inter–Parliamentary Cooperation Agency (BKSAP) of the House of Representatives (DPR), Achmad Hafisz Thohir, stated the world, especially ASEAN countries, must take concrete action for the Myanmar and Rohingya issues." ဆိုပြီး သတင်းထုတ်ပြန်လိုက်တာကို တွေ့ရပါတယ်။ အင်ဒိုနီးရှားအောက်လွှတ်တော်ရဲ့ ပါလီမန်များ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Chairman of the Inter–Parliamentary Cooperation Agency – BKSAP) ဒုတိယဥက္ကဋ္ဌ အာမတ် ဟာဖစ် တိုဟီက ဘင်္ဂါလီအရေးနဲ့ပတ်သက်ပြီး အာဆီယံအနေနဲ့ မြန်မာနိုင်ငံကို ပြတ်ပြတ်သားသား အရေးယူရမှာဖြစ်တယ်လို့ ပြောကြားလိုက်တာ ကြားသိရပါတယ်။

> "တကယ်တော့ ယခုအောက်လွှတ်တော် ဒုဥက္ကဋ္ဌက ပြောကြားခဲ့တဲ့စကားဟာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလလယ်လောက်ကစပြီး အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်ထဲကို ခိုးဝင်လာတဲ့ ဘင်္ဂါလီအရေးကိစ္စကို အကြောင်းခံပြီး မြန်မာနိုင်ငံအပေါ် ရမယ်ရှာလာတာ ဖြစ်ပါတယ်။ ဘင်္ဂါလီတွေ အင်ဒိုနီးရှားနိုင်ငံထဲကို ခိုးဝင်လာကြတာဟာ မြန်မာနိုင်ငံနဲ့ ဘာမှမပတ်သက်ဘူးဆိုတာ သိသာထင်ရှားနေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းက ဘင်္ဂါလီတစ်ရာကျော်ဟာ အင်ဒိုနီးရှားနိုင်ငံ ဆူမာတြာကျွန်းမကြီးရဲ့ အနောက်မြောက်ဘက်စွန်းရှိ ကျွန်းတစ်ကျွန်းပေါ်ကို လှေစီးပြေးဒုက္ခသည်တွေအဖြစ် ရောက်ရှိလာတာဖြစ်ပါတယ်။ အာချေးပြည်နယ်မှာ ဘင်္ဂါလီတွေကို ကယ်တင်တယ်ဆိုတဲ့သတင်းကြားလို့ လာခဲ့တာဖြစ်တယ်လို့ လှေစီးပြေးဒုက္ခသည်တစ်ဦးက ပြောပါတယ်။ သူတို့ဘဝကို၊ သူတို့အနာဂတ်ကို ကယ်တင်ဖို့အတွက် အင်ဒိုနီးရှားကို လာခဲ့တာလို့ ပြောပါတယ်"

၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့ သတင်းမီဒီယာတွေနဲ့ တွေ့ဆုံပွဲတစ်ခုမှာ အင်ဒိုနီးရှားအောက်လွှတ်တော်ရဲ့ ပါလီမန်များပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ ဒုတိယဥက္ကဋ္ဌက ကမ္ဘာ့နိုင်ငံတွေ အထူးသဖြင့် အာဆီယံဒေသရှိ နိုင်ငံတွေဟာ ဘင်္ဂါလီလူမျိုးစု (၎င်းတို့အဆို ရိုဟင်ဂျာ)နဲ့ ပတ်သက်တဲ့ မြန်မာနိုင်ငံရဲ့ ပြဿနာကို ခိုင်မာစွာ အရေးယူဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ရှုတ်ချရုံနဲ့ မလုံလောက်ကြောင်း၊ မြန်မာနိုင်ငံကို ကမ္ဘာ့ဖိုရမ်အမျိုးမျိုးမှ ဖယ်ထုတ်ပြီး လက်နက်နဲ့စီးပွားရေး ပိတ်ဆို့တာ၊ ၎င်းတို့ရဲ့ နိုင်ငံကူးလက်မှတ်နဲ့ ဗီဇာတွေကို ရုပ်သိမ်းပစ်တာနဲ့ လူမျိုးတုံးသတ်ဖြတ်မှု ကျူးလွန်သူတွေကို အပြည်ပြည်ဆိုင်ရာတရားရုံးကို ဆွဲတင်ပြီး အရေးယူဆောင်ရွက်တာတွေ လုပ်ဖို့ လှုံ့ဆော်ပေးခဲ့တာကို တွေ့ရပါတယ်။

## ထိပါးစော်ကား

ဒါ့အပြင် လက်ရှိအာဏာရနေတဲ့ မြန်မာအစိုးရဟာ ဘင်္ဂါလီတွေကို ဂရုမစိုက်တော့ဘဲ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေ လုပ်ဆောင်ဖို့ တွန့်ဆုတ်နေခြင်းမရှိတာကို တွေ့မြင်နေရကြောင်း၊ လက်ရှိမြန်မာအစိုးရရဲ့ တာဝန်ဝတ္တရားကင်းမဲ့မှုတွေအပါအဝင် အခြေခံလူ့အခွင့်အရေးတွေ မရနိုင်တဲ့အတွက်ကြောင့် ဘင်္ဂါလီတွေရဲ့ ဘဝကံကြမ္မာဟာ ပိုမိုပြီး ဝေဝါးလာပါကြောင်း၊ ထိုသို့သော အခြေအနေမျိုးမှာ အာဆီယံနိုင်ငံသားတွေ အားလုံးဟာ မြန်မာနိုင်ငံအစိုးရကို ဘင်္ဂါလီလူမျိုးစုအပေါ် အကြမ်းဖက်မှုနဲ့ လူမျိုးတုံးသတ်ဖြတ်မှုတွေကို ရပ်တန့်ဖို့ ထပ်တိုးအရေးယူမှုတွေ ပြုလုပ်ရမှာဖြစ်ပြီး မြန်မာနိုင်ငံကို အမှန်တကယ်အရေးယူဖို့ အာဆီယံနိုင်ငံတွေကို ဖိတ်ခေါ်ပါကြောင်း အရှက်သိက္ခာမရှိ ပြောကြားလိုက်တာကို ကြားသိခဲ့ရပါတယ်။

အာမတ် ဟာဖစ် တိုဟီဟာ အင်ဒိုနီးရှားအောက်လွှတ်တော်ရဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ မြန်မာနိုင်ငံအပေါ် လက်လွတ်စပယ်ပြောဆိုလိုက်တာမဟုတ်ဘဲ လူမျိုးရေးအရလည်းကောင်း၊ သခင်အားရအောင် ကျွန်ပါးဝတဲ့ အနေနဲ့လည်းကောင်း၊ အချိန်အခါအရ နိုင်ငံရေးအမြတ်ထုတ်လို၍လည်းကောင်း ရည်ရွယ်ချက်ရှိရှိ ပြောလိုက်တာဖြစ်ပါတယ်။ ဘယ်လိုပဲပြောပြော အာမတ် ဟာဖစ် တိုဟီဟာ မြန်မာ–အင်ဒိုနီးရှား နှစ်နိုင်ငံ ကောင်းမွန်ခဲ့တဲ့ ဆက်ဆံရေးသမိုင်းကြောင်းနဲ့ မြန်မာနိုင်ငံက အင်ဒိုနီးရှားနိုင်ငံအပေါ် ကျေးဇူးပြုခဲ့တာတွေကို သတိမူသင့်ပါတယ်။ နိုင်ငံသမိုင်းကြောင်းကို မလေ့လာဘဲ ဘင်္ဂါလီအရေးကို ဆရာကြီးအကြိုက်ရှေ့တန်းတင်ပြီး မြန်မာနိုင်ငံအပေါ် ထိပါးစော်ကားလာတဲ့ နိုင်ငံရေးတိုက်ကွက်ဟာ စိတ်ပျက်စရာကောင်းလှပါတယ်။ နှစ်နိုင်ငံ ကောင်းမွန်တဲ့ ဆက်ဆံရေးသမိုင်းကြောင်းကို ပြန်လည်လေ့လာပြီး ဆင်ဆင်ခြင်ခြင် ပြောသင့်ပါတယ်။

## ခေတ်ဆိုးကာလ

အင်ဒိုနီးရှားနိုင်ငံရဲ့ နိုင်ငံရေးသမိုင်းကြောင်းမှာ လွတ်လပ်ရေးရပြီးတဲ့ အချိန်ကစလို့ အင်ဒိုနီးရှားနိုင်ငံဟာ နိုင်ငံတွင်းပုန်ကန်မှု၊ မငြိမ်သက်မှုတွေနဲ့ ခွဲထွက်ရေးလှုပ်ရှားမှုတွေကြားမှာ ရုန်းကန်ထိန်းသိမ်းခဲ့ရပါတယ်။ အာချေးနဲ့ ပါပူအာ အပါအဝင် အချို့လှုပ်ရှားမှုတွေဟာ လက်နက်ကိုင်ပဋိပက္ခအဖြစ်ကို ကူးပြောင်းသွားပြီး နောက်ဆက်တွဲအနေနဲ့ နှစ်ဖက်စလုံးမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို ရင်ဆိုင်ခဲ့ရပါတယ်။

အာချေးပြဿနာကို ၂၀၀၅ ခုနှစ်မှာ ငြိမ်းချမ်းစွာဖြေရှင်းနိုင်ခဲ့ပေမယ့်လည်း ပါပူအာပြဿနာဟာ ဆက်လက်ရှိနေခဲ့ပါတယ်။ သမ္မတ ဆူဆီလိုဘမ်ဘန်း ယူဒိုယိုနို အာဏာရယူပြီးတဲ့ အချိန်မှစလို့ ပြီးပြည့်စုံမှုမရှိသော်လည်း သိသာထင်ရှားတဲ့ ဒေသတွင်းမှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဥပဒေကို အကောင်အထည်ဖော်ပြီးတဲ့နောက် ကြမ်းကြုတ်ရက်စက်မှုတွေနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေ ကျဆင်းလာပါတယ်။ အခြား စစ်တပ်ရဲ့ ပါဝင်ပတ်သက်မှုတွေမှာ နယ်သာလန်၊ နယူးဂီနီနဲ့ တိုက်ခိုက်ပြီး အင်ဒိုနီးရှားနယ်နိမိတ်အတွင်း သွတ်သွင်းတာ၊ မလေးရှားနိုင်ငံ ထူထောင်တာကို ဆန့်ကျင်တဲ့ အင်ဒိုနီးရှား–မလေးရှား ထိပ်တိုက်ရင်ဆိုင်မှုတွေ၊ ပီကေအိုင်ကို တိုက်ခိုက်ပြီး အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေနဲ့ အင်ဒိုနီးရှားရဲ့ အကြီးဆုံးစစ်ပွဲဖြစ်တဲ့ အရှေ့တီမောကို ကျူးကျော်ဝင်ရောက်တာတွေ ဖြစ်ခဲ့ပါတယ်။

မြန်မာနိုင်ငံနဲ့ပတ်သက်လို့ အာဆီယံအဖွဲ့ကို မြန်မာနိုင်ငံ စတင်ဝင်ရောက်ခဲ့စဉ်က အင်ဒိုနီးရှားနိုင်ငံဟာ လိုလိုလားလားကြိုဆိုခဲ့သလို နှစ်နိုင်ငံဆက်ဆံရေးသမိုင်းကြောင်းမှာလည်း ဆက်ဆံရေးကောင်းတွေရှိထားပါတယ်။ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ လွတ်လပ်ရေးရခဲ့ပြီး အဲဒီလွတ်လပ်ရေးကို ခက်ခဲစွာထိန်းသိမ်းနေရတဲ့ အချိန်ကာလမှာ မြန်မာပြည်သူတွေဟာ အဖိုးမဖြတ်နိုင်တဲ့ အကူအညီတွေ ပေးခဲ့ကြပါတယ်။ အဲဒီအချိန်မှာ သက်တမ်းအင်မတန်နုနယ်သေးတဲ့ အင်ဒိုနီးရှားနိုင်ငံဟာ နိုင်ငံရဲ့ရပ်တည်ဖြစ်ပေါ်မှုကို ခြိမ်းခြောက်လျက်ရှိတဲ့ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ဒီလိုအရေးကြီးတဲ့ နှစ်ကာလတွေမှာ မြန်မာခေါင်းဆောင်တွေက အင်ဒိုနီးရှားနိုင်ငံနဲ့ပတ်သက်တဲ့ ညီလာခံတစ်ရပ်ကို နယူးဒေလီမြို့မှာ ကျင်းပဖို့ အိန္ဒိယနိုင်ငံကို တိုက်တွန်းခဲ့ပါတယ်။ ဒီညီလာခံဟာ အင်ဒိုနီးရှားနိုင်ငံရဲ့ လွတ်လပ်မှုကို နိုင်ငံတကာ အသိုင်းအဝိုင်းက အသိအမှတ်ပြုလာဖို့ အခြေအနေ ဖြစ်စေခဲ့ပါတယ်။

## မမေ့အပ်တဲ့ သမိုင်း

အဲဒီအချိန်က အင်ဒိုနီးရှားနိုင်ငံရဲ့ ကြိုးပမ်းလှုပ်ရှားမှုတွေကို ကမ္ဘာတစ်ဝန်းမှ သိရှိနိုင်ရေးအတွက် အသံထုတ်လွှင့်နိုင်ဖို့ ဆက်သွယ်ရေးစနစ်တစ်ရပ်ကိုလည်း မြန်မာနိုင်ငံမှာ တပ်ဆင်ခွင့်ပေးခဲ့ပါတယ်။ ဒါ့အပြင် အင်ဒိုနီးရှားနိုင်ငံရေးအတွက် ရန်ပုံငွေတွေရှာဖွေဖို့နဲ့ အင်ဒိုနီးရှားလွတ်မြောက်ရေး တိုက်ပွဲဝင်သူတွေအတွက် လက်နက်တွေပံ့ပိုးဖို့၊ ဂါရုဒါအင်ဒိုနီးရှားလေကြောင်းလိုင်းကို ပျံသန်းပြေးဆွဲဖို့ကိုလည်း မြန်မာနိုင်ငံက ခွင့်ပြုပေးခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ အဆိုပါဖြစ်ရပ်တွေကို ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ပါဘူး။ ဒီနှစ်နိုင်ငံ သမိုင်းမှတ်တမ်းတွေကို ယခင်က အင်ဒိုနီးရှားနိုင်ငံရဲ့ခေါင်းဆောင် သမ္မတ ဆူဟာတို ကိုယ်တိုင် ပြောကြားခဲ့တာ ဖြစ်ပါတယ်။ ၁၉၉၅ ခုနှစ် ဇွန်လ ၅ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံကို ထိုစဉ်က မြန်မာနိုင်ငံအကြီးအကဲ ရောက်ရှိစဉ် အင်ဒိုနီးရှားသမ္မတ ဆူဟာတို ပြောကြားခဲ့တဲ့ ကျေးဇူးတင်စကားဟာ ယနေ့ထက်တိုင် မမေ့အပ်တဲ့ နှစ်နိုင်ငံသမိုင်းမှတ်တမ်း ဖြစ်ပါတယ်။

ဒါ့ပြင် အင်ဒိုနီးရှားနိုင်ငံဟာ ၁၉၉၇ ခုနှစ်က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု ပြုလုပ်ခဲ့တဲ့ အမေရိကန်ရဲ့ လုပ်ရပ်ကိုလည်း ကန့်ကွက်ခဲ့ပါသေးတယ်။ မြန်မာအရေးကိစ္စမျိုးမှာ ပိတ်ပင်မှုတွေဟာ ဆီလျော်လိမ့်မယ်၊ အလုပ်ဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ အာဆီယံက မယုံကြည်ပါဘူးလို့ ထိုစဉ်က အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး အလာတပ်စ်က ပြောကြားပေးခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံဟာ အာဆီယံအဖွဲ့အတွင်း ထိုက်သင့်တဲ့ ခေါင်းဆောင်မှုမျိုး ပေးနိုင်ခဲ့သလို အာဆီယံအဖွဲ့ကို ပြင်ပသွေးထိုးမှုရန်တွေကလည်း ကာကွယ်ပေးနိုင်ခဲ့ပါတယ်။ တစ်ချိန်က မြန်မာနိုင်ငံနဲ့ အပြန်အလှန်ကျေးဇူးတရားတွေ ရှိခဲ့တဲ့ အင်ဒိုနီးရှားအနေနဲ့ ယနေ့အချိန်မှာတော့ အင်အားကြီးနိုင်ငံကြီးရဲ့ ဩဇာလွှမ်းမိုးခံဘဝနဲ့ စွက်ဖက်သွေးခွဲမှုတွေကြောင့် အင်ဒိုနီးရှားနိုင်ငံအပေါ် မြန်မာနိုင်ငံထားရှိခဲ့တဲ့ ကျေးဇူးတရားကို ချေဖျက်တာဟာ စိတ်မကောင်းစရာဖြစ်ပါတယ်။ ကျေးဇူးတရားဆိုတာ ဘယ်လိုအကြောင်းကြောင့်ပဲဖြစ်ဖြစ် မချေဖျက်သင့်ပါဘူးဆိုတာ ဘာသာတရားတိုင်းမှာ ရှိပါတယ်။

> "ဘင်္ဂါလီအရေးနဲ့ပတ်သက်လာရင် မြန်မာနိုင်ငံအပေါ် ပုံကြီးချဲ့ကား အကြိမ်ကြိမ် ဖိအားပေးနေကြတာကို ကုလသမဂ္ဂကအစ အိုအိုင်စီနိုင်ငံတွေရဲ့ အလုပ်တစ်ခုဆိုတာကို တွေ့ရမှာဖြစ်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံအနေနဲ့ကတော့ ဇာတ်တူသားအချင်းချင်းဖြစ်တယ်ဆိုပေမယ့် သူတို့ရဲ့နိုင်ငံရေးသမိုင်းမှာ မြန်မာနိုင်ငံက ကူညီဆောင်ရွက်ပေးခဲ့တာကို မထောက်ထားဘဲ အပြစ်ပုံချ ဖိအားပေးစွက်ဖက်နှောင့်ယှက်လာတာဟာ နိုင်ငံက ဘယ်လိုပဲအဆင့်အတန်းမြင့်မြင့် စိတ်ဓာတ်က အောက်တန်းကျနေတာ ပေါ်လွင်နေပါတယ်။ အင်ဒိုနီးရှား ခေတ်ဆိုးကာလတုန်းက မြန်မာနိုင်ငံက စေတနာရှေ့ထားကူညီခဲ့ပေမယ့် မြန်မာနိုင်ငံ အခက်အခဲဖြစ်နေချိန်မှာ ပြန်လည်မကူညီဘဲ အနှောင့်အယှက်ပေးတာဟာ ယုတ်ညံ့တဲ့ လုပ်ရပ်လို့ ဆိုလိုချင်ပါတယ်"

## ရည်ရွယ်ချက်ရှိရှိ

တကယ်တော့ ယခုအောက်လွှတ်တော် ဒုဥက္ကဋ္ဌက ပြောကြားခဲ့တဲ့စကားဟာ ၂၀၂၃ ခုနှစ် နိုဝင်ဘာလလယ်လောက်ကစပြီး အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်ထဲကို ခိုးဝင်လာတဲ့ ဘင်္ဂါလီအရေးကိစ္စကို အကြောင်းခံပြီး မြန်မာနိုင်ငံအပေါ် ရမယ်ရှာလာတာ ဖြစ်ပါတယ်။ ဘင်္ဂါလီတွေ အင်ဒိုနီးရှားနိုင်ငံထဲကို ခိုးဝင်လာကြတာဟာ မြန်မာနိုင်ငံနဲ့ ဘာမှ မပတ်သက်ဘူးဆိုတာ သိသာထင်ရှားနေပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒုက္ခသည်စခန်းက ဘင်္ဂါလီ တစ်ရာကျော်ဟာ အင်ဒိုနီးရှားနိုင်ငံ ဆူမာတြာကျွန်းမကြီးရဲ့ အနောက်မြောက်ဘက်စွန်းရှိ

စာမျက်နှာ ၇ သို့

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်

**သာယာဝတီ ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇန်နဝါရီ ၆ ရက် မွန်းလွဲပိုင်းက သာယာဝတီခရိုင်အတွင်း စိုက်ပျိုးရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သာယာဝတီမြို့နယ် ဂုံမင်းမြောင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၄၉) ဦးပိုင်အမှတ်(၃) မြေဧရိယာ ၁၄ ဧကတွင် တောင်သူ ဦးမြင့်ထွေးက စပါးတစ်မျိုးတည်း တစ်နှစ်လေးသီးအား လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုအား ကွင်းဆင်းကြည့်ရှု အားပေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဂုံးမင်းမြောင်ကျေးရွာ၌ လုပ်ငန်းရှင် ဦးမြင့်ထွေး၏ ဘက်စုံလယ်ယာသုံးစက်ပစ္စည်းများ ထုတ်လုပ်နေမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် ဈေးကွက်ခိုင်မာမှုရှိစေရေး သက်ဆိုင်ရာ ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၂ ဒသမ ၄၀ သန်းဖြင့် ရန်ကုန်-ပြည် လမ်းမှ အထက်ချောင်းသုံးခွကျေးရွာအထိ အရှည် သုည ဒသမ ၆ မိုင်၊ အကျယ် ၁၀ ပေရှိ ဂဝံလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် လမ်းဘေးဝဲယာ အရိပ်ရသီးပင်စားပင်များ တစ်ပါတည်း စိုက်ပျိုးထားရှိမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မင်းလှမြို့နယ် အင်းဘိုကုန်းကျေးရွာအုပ်စုနှင့် ထန်းပင်ကုန်းကျေးရွာအုပ်စုတို့ရှိ ယခင်က တစ်နှစ်တစ်သီးသာ စိုက်ပျိုးနိုင်သည့် ရေကြီးရေနက်ကွင်း၌ မြေဧရိယာ ဧက ၂၀၀၀ တွင် တစ်နှစ်နှစ်သီး စိုက်ပျိုးနိုင်ရေး သုံးဧကလျှင် တစ်တွင်းနှုန်းဖြင့် မြေအောက်ရေ စက်ရေတွင်း ၆၆၇ တွင်းနှင့် လက်နှိပ်ရေတုံကင် ၆၆၇ ခုအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေကျပ် ၂၃၁ သန်းဖြင့် ဆောင်ရွက်နေမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံတောင်သူများအား လက်နှိပ်ရေတုံကင်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးအေးကျော် ရောဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့် မြောင်းမြမြို့ရှိ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ၏ လက်ရှိဓာတ်အားဖြန့်ဖြူးပေးနေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၇**



လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် ဧရာဝတီတိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးအုံးမြင့်နှင့်အတူ ယမန်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြောင်းမြခရိုင်မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတို့၌ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကြပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း လျှပ်စစ်ဆိုင်ရာလုပ်ငန်းများနှင့် မြောင်းမြမြို့ရှိ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ၏ လက်ရှိဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာက ဘတ်ဂျက်အလိုက်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဘတ်ဂျက်ပါလုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီစွာဖြင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြရန်၊ အသစ် တိုးချဲ့တည်ဆောက်မည့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ လျာထားဆောင်ရွက်ရာတွင် မြေပိုင်ဆိုင်မှုရရှိရေး သက်ဆိုင်ရာဌာနများသို့ အဆင့်ဆင့်တင်ပြ ခွင့်ပြုချက် ရယူပြီးမှသာ ဆောင်ရွက်ကြရန် လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံရေးအသိသတိဖြင့် ဆောင်ရွက်ကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၃၀ ကေဗွီ ပန်းတနော်ပင်မဓာတ်အားခွဲရုံ စီမံကိန်း လျာထားမြေနေရာတွင် ခြံစည်းရိုးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်ရှိ ခရိုင်လျှပ်စစ်အင်ဂျင်နီယာရုံး၌ ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ရုံးလုပ်ငန်းဆိုင်ရာစာရွက်စာတမ်း မှတ်တမ်းရေးသွင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြောင်းမြမြို့ရှိ ၆၆ ကေဗွီ ဓာတ်အားခွဲရုံ၏ လက်ရှိဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် (Switch Yard) အတွင်းရှိ ဓာတ်အားလွှတ်ပစ္စည်းများ၏ အခြေအနေတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တွံတေးမြို့နယ် မွေးမြူရေးအထူးဇုန်စီမံကိန်း လုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ယနေ့နံနက် ၈ နာရီတွင် တွံတေးမြို့နယ် တလုတ္တော်ကျေးရွာအနီး မွေးမြူရေးအထူးဇုန်သို့သွားရောက်၍ မွေးမြူရေးဇုန်အပိုင်း(၃)အတွင်း ဒေသကြက်အကောင်ရေ ၇၂၀ မွေးမြူထားရှိမှု၊ ဆိတ် ၁၅၇ ကောင်နှင့် တိရစ္ဆာန်အစာ နေပီယာမြက်နှင့် အစ္စရေးမြက်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အကောင်ရေ ထပ်မံတိုးချဲ့မွေးမြူရန်နှင့် တိရစ္ဆာန်အစားအစာဖူလုံစေရေးအတွက် တိုးချဲ့စိုက်ပျိုးသွားရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဇုန်(၃)အတွင်းရှိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ထိန်းသိမ်းထားရှိသည့် ၁၅ ရာစုခန့်က ရှေးဟောင်းစဉ့်ဖို၊ မွေးမြူရေးဇုန်အပိုင်း(၂)အတွင်း MDP Co.မှ ဖီရှန်မျိုးနို့စားနွား ၇၁ ကောင် မွေးမြူထားရှိမှု၊ မွေးမြူရေးဇုန်အပိုင်း(၁)ရှိ တွံတေးအဖွဲ့မွေးမြူရေးခြံ၌ ဥစားကြက် အကောင်ရေ ၅၀၀ နှင့် ဆိတ် ၁၈၆ ကောင်မွေးမြူထားရှိမှုနှင့် တိရစ္ဆာန်အစာ နေပီယာမြက်နှင့် ပြောင်းစိုက်ပျိုးထားရှိမှု၊ ရွှေဘဲကုမ္ပဏီလီမိတက်မှ ချယ်ရီဘယ်ရီမျိုးဘဲအကောင်ရေ ၁၀၀၀ မွေးမြူထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များမှာကြားသည်။

### ညှိနှိုင်းဆွေးနွေး

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် တွံတေးမွေးမြူရေးအထူးဇုန် ရှင်းလင်းဆောင်၌ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ လုပ်ငန်းရှင်တစ်ဦးချင်းအလိုက် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ထပ်မံတိုးချဲ့ဆောင်ရွက်မည့်အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်တွင် အင်ဂျင်နီယာဌာန(ရေစီးရေလာစီမံခန့်ခွဲမှု)မှ ၂၁ တန် Amphibious Excavator ဖြင့် ရန်ကုန်-ပုသိမ်လမ်းတောင်ဘက်ခြမ်း၊ တွံတေးလမ်းနှင့်တောင်ကြားချောင်းအကြား ရေစုကန်ရေမြောင်းအရှည် ပေ ၃၀၀၀၊ အကျယ် ၁၈ ပေ၊ အနက် ရှစ်ပေ ရေလမ်းကြောင်း ပြန်လည်တူးဖော်၍ ထွက်ရှိသည့် နုန်းမြေတို့ဖြင့် လမ်းပခုံးသားတိုးချဲ့ရန်စုပုံနေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေလမ်းကြောင်းဖြောင့်ဖြူး၍ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်ရေးဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ်(၆) ရပ်ကွက်ရှိ အောင်မင်္ဂလာလမ်းထိပ်တွင် ရန်ကုန်-ပုသိမ် လမ်းသို့ ဆက်သွယ်သည့် အရှည် ၆၂ ပေ၊ အကျယ် ၂၂ပေ ကွန်ကရစ်တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများ၏ အထွက်တိုးစပါးစိုက်ပျိုးပြီးစီးမှု ကွင်းဆင်းကြည့်ရှု

**တိုက်ကြီး ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏လမ်းညွှန်မှု၊ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ကြီးကြပ်မှု၊ ရွှေမေသမဝါယမအသင်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖြင့် အထွက်တိုးမျိုးစပါး ထိုင်းမျိုးရက် ၉၀ စပါး စိုက်ပျိုးပြီးစီးမှုအခြေအနေကို ဇန်နဝါရီ ၅ ရက်က တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ အထွက်တိုးမျိုးစပါး ထိုင်းမျိုး ရက် ၉၀ စပါး စိုက်ပျိုးပြီးစီးမှုအခြေအနေကို တိုင်းဦးစီးမှူး ဒေါ်ဥမ္မာမြင့်၊ မြို့နယ်ဦးစီးအရာရှိ ဦးအုန်းထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်သမဝါယမအသင်းစုအုပ်ချုပ်မှု ဒါရိုက်တာ ဦးကံချွန်၊ ရွှေမေသမဝါယမအသင်းမှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုပြီး စိုက်ပျိုးပြီးစီးသွားသည့် ဥတိုကျေးရွာ ကောင်းစံ စိုက် / ထွေ သမဝါယမအသင်း အသင်းသားတောင်သူဦးတင်လှ၏ကွင်းအမှတ် (၇၆၃) ဦးပိုင်အမှတ် (၂၀) ရှိ ၁ ဒသမ ၃ ဧကအား တိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီးစီးသည့် စိုက်ကွက်အားလည်းကောင်း၊ လောက်လေးချောင်းကျေးရွာ ရတနာလွှမ်း လယ်/ထွေ သမဝါယမအသင်း အသင်းသား တောင်သူဦးတင်အေး၏ ကွင်းအမှတ် ( ၇၃၄ ) ဦးပိုင်အမှတ် (၁၀) ရှိ ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးမည့် ပျိုးခင်းနှင့် တိုက်ရိုက်အစေ့ချစနစ်ဖြင့် စိုက်ပျိုးရန်အတွက် ထွန်ယက်ပြီးသော လယ်ကွက်များအားလည်းကောင်း၊ ဒေါ်မင်းချုပ်ကျေးရွာ ဒေါ်မင်းချုပ် စိုက်/ထွေ သမဝါယမအသင်း၏ အသင်းသားတောင်သူ ဦးဝင်းသန်း၏ ကွင်းအမှတ်(၇၈၅) ဦးပိုင်အမှတ် ( ၂ ) ရှိ ငါးရက်သားခန့်ရှိ ကြဲပက်စိုက်ပျိုးပြီးသည့် လယ်ယာမြေများအားလည်းကောင်း ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် အခမ်းအနားများ အောင်မြင်စွာကျင်းပနိုင်ရေး စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းစည်းဝေး



မြစ်ကြီးနား ဇန်နဝါရီ ၇

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မြစ်ကြီးနားမြို့၌ (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် အခမ်းအနားများ၊ ပြခန်းပြပွဲများ၊ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲ ၁ နာရီက မလိခခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ အခမ်းအနားများ အောင်မြင်စွာ ကျင်းပနိုင်ရေး စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့တွင် ကျင်းပသွားမည့် အစီအစဉ်များ၊ အခမ်းအနားများအားလုံးကို ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများက ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင် ပြည်နယ်နေ့၏ အနှစ်သာရ၊ ပြည်ထောင်စု၏ အဓိပ္ပာယ်ပေါ်လွင်အောင် စနစ်တကျ စီစဉ်ကျင်းပသွားရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ဆပ်ကော်မတီအသီးသီးအနေဖြင့် မိမိတို့ ဆပ်ကော်မတီအလိုက် လုပ်ငန်းတာဝန်များကို ဟာကွက်မရှိ၊ လစ်လပ်မှုမရှိအောင် အချိတ်အဆက်မိမိဖြင့် ကြိုးစားဆောင်ရွက်သွားကြရန် လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးရာဇာထွန်းက လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရဲတပ်ဖွဲ့နှင့် ပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ပြည်နယ်ဝန်ကြီးများ၊ ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းတာဝန်များအလိုက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ ပြည်နယ်နေ့အထိမ်းအမှတ် ဖွင့်လှစ်သွားမည့် အခမ်းအနားများ၊ ပြည်နယ်နေ့ အခမ်းအနားနှင့် ပြခန်းများဖွင့်လှစ်ပြသနိုင်ရေးဆောင်ရွက်နေမှု အခြေအနေများ၊ အားကစားပြိုင်ပွဲများအလိုက် ကျင်းပသွားမည့် အစီအစဉ်များ၊ ဆုများပေးအပ်ချီးမြှင့်နိုင်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယမန်နေ့ ညနေပိုင်းက (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က တံခွန်စိုက်ဆုဖလားနှင့် Hole In One ဆုရရှိသူများအား ဂုဏ်ပြုဆုဖလားနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက ဒုတိယဆုရရှိသူများ၊ ရိုက်ချက်အနည်းဆုံးနှင့် အဝေးရိုက်ချက်နှင့် သတ်မှတ်ချက်အလိုက် ဆုရရှိသူများအား လည်းကောင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## သားစစ်သည်

❐ ပြည်မြန်မာ ခက်ရေးတွက်<br>ညီညာညာ ဟစ်သီကြွေးလို့<br>စစ်ချီတေး ကျူးရင့်ပြီ။

❐ ညမရှောင်<br>မတစ်ထောင် တစ်ကောင်ဖွားပါကွယ့်<br>လအရောင် အမှောင်မထားတယ်<br>ပြည့်သားဇာနည်။

❐ သစ္စာတော် လေးဖြာရှက်ပါလို့<br>မေတ္တာတော် ပေးကာဆပ်တယ်<br>ဘေးဘယာနဲ့ ရန်လီလီ<br>တို့မြန်ပြည် ရန်မသန်း။

❐ သားစစ်သည်<br>အားသစ်ချီ မာန်ဟုန်ဖွင့်ပေါ့<br>မြန်ဂုဏ်ဝင့် ကမ္ဘာ့အလယ်<br>လှထည်ဖို့ပမ်း။

ချမ်းမြေ့သော်(ဝမ်းတွင်း)

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၉၅၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၇

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၄၉၅၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ထန်းတပင်မြို့နယ်၌ ပေါင်စနစ်ပျိုးထောင် စိုက်ပျိုးနည်းစနစ်များ အသိပညာပေး

ရန်ကုန် ဇန်နဝါရီ ၇

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ဇန်နဝါရီ ၃ ရက်က မျိုးစေ့ချကိရိယာဖြင့် နွေစပါး လက်တွေ့စိုက်ပျိုးပြသပေးခြင်း၊ ကောက်စိုက်စက်ဖြင့် နွေစပါးလက်တွေ့စိုက်ပျိုးပြသပေးခြင်းနှင့် ပေါင်စနစ်ဖြင့် စပါးပျိုးထောင်စိုက်ပျိုးနည်းစနစ်များ လက်တွေ့စိုက်ပျိုးပြသပေးခြင်းကို စက်မှုလယ်ယာစနစ်ကျ လယ်ယာမြေဧက ၃၈၀ ဧကအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ထားသည့် ရေပေါ်သောင်ကျေးရွာကွင်းရှိ တောင်သူ ဦးစံမောင်နှင့် တောင်သူ ဦးအောင်ဌေးမြင့်၏ နွေစပါးစိုက်ဧကတွင် ကျင်းပသည်။

နွေစပါးလက်တွေ့စိုက်ပျိုးပြသပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်တို့က စပါးမျိုးစေ့ချကိရိယာအသုံးပြုရခြင်း၏ အကျိုးကျေးဇူးများ၊ ကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးရခြင်း၏ အကျိုးကျေးဇူးများနှင့် ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းအကျိုးကျေးဇူးများကို တက်ရောက်လာကြသည့် ဒေသခံတောင်သူများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများက ဒေသခံတောင်သူများအား နွေစပါးကိုမျိုးစေ့ချကိရိယာ၊ ကောက်စိုက်စက်တို့ဖြင့် လက်တွေ့စိုက်ပျိုးပြသပေးခဲ့ကြောင်း သိရသည်။ **ဇင်မင်းထိုက်(ထန်းတပင်)**

## ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ကျိုက်လတ် ဇန်နဝါရီ ၇

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် ပဆင-



ငွေးချောင်းကြီးကျေးရွာအဝင် ကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းအား ယမန်နေ့နံနက်ပိုင်းတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်း၊ ဖျာပုံခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဒေါ်လင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

### တာဝန်ယူတည်ဆောက်

အဆိုပါ ကွန်ကရစ်တံတား(ပေ ၅၀ x ပေ ၂၀)တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး ဆောင်ရွက်ပြီးစီးပါက ကျေးရွာအုပ်စုခြောက်အုပ်စု၊ ကျေးရွာ ၁၃ ရွာရှိ အိမ်ခြေ ၁၂၄၀ နှင့် လူဦးရေ ၅၅၁၅ ဦးကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

၂၀၇

# လူငယ်များ အတွေးမမှားဘဲ ကြိုးစားကြပါ

**ညွန့်ဝင်း (နတ်တလင်း)**

ကျွန်တော်တို့ငယ်ငယ် မူလတန်းကျောင်းသားဘဝက ကုဋ္ဌေရှစ်ဆယ်သူဌေးသားအကြောင်းကို ကဗျာလေးနှင့် သင်ကြားခဲ့ရသည်။ မိဘက ချမ်းသာကြွယ်ဝသော သူဌေးကြီးဖြစ်၍ ပစ္စည်းဥစ္စာများသည် သူ့သားတစ်သက် စား၍မကုန်နိုင်၊ မဆင်းရဲနိုင်ဟု ယူဆခဲ့သည်။ ထို့ကြောင့် သားကို ပညာမသင်စေတော့ဘဲ အိမ်မှာသာ သူတို့နှင့်နေစေခဲ့သည်။ သူဌေးသားသည် မိဘများကွယ်လွန်သွားသောအခါ ပညာမတတ်ခဲ့သဖြင့် အတွေးမှားများသာ တွေးတောနေထိုင်ခဲ့၍သူတစ်ပါးလိမ်လည်လှည့်ဖြားမှုကိုခံရပြီး ဆင်းရဲသွားခဲ့သည်။ လူငယ်တို့သည် အညွန့်တလူလူတက်နေသော အနာဂတ်ရတနာအပင်လေးများဖြစ်ရာ အသိပညာ၊ အတတ်ပညာဝမ်းစာများပြည့်ဝနေအောင် လေ့လာဆည်းပူးထားရမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာပြည့်ဝမှသာ မှန်ကန်စွာတွေးခေါ်နိုင်ပြီး မှန်ကန်သောအလုပ်ကို မှန်မှန်ကန်ကန်ကြိုးစားလုပ်ကိုင်နိုင်၍ တိုးတက်အောင်မြင်မှုအသီးအပွင့်များလည်း ရရှိမည်ဖြစ်သည်။

**ပညာရပ်များသည် အမြဲပြောင်းလဲ တိုးတက်နေရာ ထာဝရကျောင်းသားကြီး**

ကျွန်တော်တို့သည် မိမိဘဝကို ဆက်လက်ရပ်တည်၍ တိုးတက်မှုရရှိအောင် မိမိကိုယ်တိုင် သင်ယူဆည်းပူးကာ ကြိုးစားလုပ်ကိုင်ခရီးဆက်ကြရပေသည်။ ဤတွင် မိမိဘဝကို မည်မျှတိုးတက်အောင် ကြိုးစားလုပ်ကိုင်နိုင်သည်ဟူသော အချက်သည် မိမိမည်မျှစဉ်းစားတွေးခေါ်မှုမှန်ကန်စွာနှင့် မည်မျှကြိုးစားနိုင်သည်ဟူသော အချက်တို့အပေါ်တွင် မူတည်နေပေသည်။ မှန်ကန်စွာစဉ်းစားတွေးခေါ်လုပ်ကိုင်နိုင်ရန် မှန်ကန်သောအသိပညာ၊ အတတ်ပညာ ဝမ်းစာပြည့်ဝနေရမည်ဖြစ်သည်။ မှန်ကန်သောအသိပညာ၊ အတတ်ပညာဝမ်းစာကို ဆရာသမားကောင်းများထံမှ ရရှိနိုင်သည်။ ဆရာသမားကောင်းဟုဆိုရာ၌ သက်ရှိလူပုဂ္ဂိုလ် ဆရာသမားများနှင့် သက်မဲ့စာအုပ်စာပေများ၊ အတွေ့အကြုံကောင်းများ ပါဝင်ပါသည်။ ထိုဆရာသမားကောင်းတို့ထံမှ အသိပညာ၊ အတတ်ပညာများကို ရနိုင်သမျှရရှိအောင် ကြိုးစားရယူကြရပေမည်။ အသိပညာ၊ အတတ်ပညာများ ရယူစုဆောင်းရာ၌လည်း ပညာလို အိုသည်မရှိ ဆိုသကဲ့သို့ ရယူလိုမှုစိတ်ဆန္ဒကသာ အရေးကြီးပါသည်။ ယနေ့မျက်မှောက်ခေတ်တွင် ပညာရပ်များသည် အမြဲပြောင်းလဲတိုးတက်နေရာ ထာဝရကျောင်းသားကြီးသဖွယ် ဆည်းပူးလေ့လာသင်ယူကြရပေမည်။

သက်ရှိဆရာသမားတို့က လူငယ်တို့ကို သင်ကြားပို့ချခဲ့ကြပြီး ပညာရယူနည်း၊ တွေးခေါ်နည်းများကို လမ်းညွှန်ခဲ့ကြပေသည်။ ယင်းလမ်းညွှန်ချက်များနှင့်အညီ လူငယ်တို့သည် မိမိကိုယ်ကိုအားကိုး၍ ဆက်လက်သင်ယူကာ ရရှိလာသည့် မှန်ကန်သော အသိပညာ၊ အတတ်ပညာများနှင့် အတွေးမှန်၊ အလုပ်မှန်အောင် အားထုတ်ကြရပေမည်။ မှန်ကန်သော အသိပညာ၊ အတတ်ပညာများသည် ဆရာသမားကောင်းတို့ထံမှသာ ရနိုင်သည်။ ဆရာအတင်မှား၍ ဒုက္ခရောက်ခဲ့ရသော သာဓကများ၊ နိပါတ်တော်များ၊ ရာဇဝင်များရှိသကဲ့သို့ ဆရာတင်မှန်ကန်မှုကြောင့် သုခရရှိခဲ့သောသာဓကများလည်း အထင်အရှားရှိခဲ့ပေသည်။ အဇာတသတ်နှင့် အင်္ဂုလိမာလတို့သည် ဆရာအတင်မှား၊ ဆည်းကပ်မှုမှားသဖြင့် အမှားလုပ်ရပ်များကို လုပ်ကိုင်ကျူးလွန်မိကာ သူတို့ကိုယ်တိုင်လည်း ဆင်းရဲဒုက္ခရောက်ခဲ့ရသည်။ သံဝရမင်းသားနှင့် မြန်မာ့သမိုင်းမှ မင်းတုန်းမင်းကြီးတို့သည် ဆရာကောင်းဆရာမြတ်တို့ထံ ဆည်းပူးသင်ယူခဲ့ရသဖြင့် တိုးတက်အောင်မြင်မှုရခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။



**ဆရာကောင်းဆရာမြတ်တို့၏ သင်ကြားလမ်းညွှန်မှုများ**

ယနေ့မျက်မှောက်ခေတ်တွင် လူငယ်တို့သည် ဆရာမျိုးစုံနှင့် တွေ့ကြုံရင်ဆိုင်နေရပေသည်။ လူပုဂ္ဂိုလ်ဆရာများတွင် ကောင်းရာအသိပညာ၊ အတတ်ပညာများကို သင်ကြားလမ်းညွှန်သောဆရာများရှိသကဲ့သို့ လမ်းမှားကို ညွှန်ပြသောဆရာအချို့လည်း ရှိနေပေသည်။ "လမ်းကောင်း မတ်စောက်၊ လမ်းဆိုး ညီညာ" ဟူသောစကားကဲ့သို့ ဆရာကောင်းဆရာမြတ်တို့၏ သင်ကြားလမ်းညွှန်မှုများကို နားဝင်မချို မနာလိုဘဲ ဆရာဟု မခေါ်ထိုက်သောပုဂ္ဂိုလ် (ဆရာဆိုး)များ၏ လှည့်ဖြားနားသွင်းမှုများကို သာယာကာ လမ်းမှားကို လျှောက်မိသူများ ရှိပေသည်။ ဆရာဆိုးတို့သည် စာမသင်ဖို့၊စာမဖတ်ဖို့ ပြောဆိုလိမ့်မည်။ မိဘဆရာသမားကောင်းတို့၏ ဆိုဆုံးမသွန်သင်မှုကို မနာခံဖို့ သွေးထိုးပေလိမ့်မည်။ အခြေအမြစ်မရှိသော မက်လုံးများပေး၍ စည်းရုံးပေလိမ့်မည်။ လူငယ်များ နားမယောင်မိရန်၊ လမ်းမှားမလိုက်မိရန် လိုပေသည်။

ယနေ့လူငယ်များကို ချဉ်းကပ်နေသော ဆရာတု ဆရာယောင် ဆရာဆိုးများသည် နေရာအနှံ့အပြား၌ ရှိနေသည်။ ၎င်းတို့က လူငယ်များသည် စူးစမ်းလုပ်ကိုင်လိုသည်၊ စိတ်မြန်၍ သွက်လက်ဖျတ်လတ်သည်၊ အသစ်အဆန်းကို လိုလားသည်ဟူသော အခြေခံလူငယ်စရိုက်ကို သိသည်။ ထို့ကြောင့် လူငယ်တို့ကို အတွေးအခေါ်မှားများ ဝင်လာအောင် နည်းမျိုးစုံဖြင့် ဖြားယောင်းသိမ်းသွင်းသည်။ လူငယ်ထုအတွင်း သွေးခွဲရန်တိုက်ပေးခြင်း၊ ဝါဒဖြန့်ခြင်း၊ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်ခြင်း စသည်တို့ကို နည်းမျိုးစုံဖြင့် ကြိုးစားလုပ်ဆောင်ကြသည်။ အတွေ့အကြုံမရင့်ကျက်သေးသောလူငယ်များက ၎င်းတို့၏မာယာကို မသိဘဲ အတွေးမှား၊ အမြင်မှားများဖြင့် စိတ်မြန်လက်မြန်လုပ်ကိုင်မိတတ်ကြသည်။ ထိုအခါ အမှားလုပ်ရပ်များကို ကျူးလွန်မိကြပြီး ဆင်းရဲဒုက္ခပင်လယ်ဝေကြရတော့သည်။ ထို့ကြောင့် လူငယ်တို့သည် အတွေးမှန်၊ အမြင်မှန်များဖြင့် ဘဝတိုးတက်ရေးကို မှန်ကန်စွာကြိုးစားလုပ်ကိုင်နိုင်စေရန် ဆရာစစ် ဆရာမှန်ပုဂ္ဂိုလ်များ၊ စာကောင်းပေမွန်ဆရာများကို ချဉ်းကပ်သင်ယူကာ မိမိဘဝကို တိုးတက်အောင်မြင်အောင် ကြိုးစားကြရမည်ဖြစ်သည်။

**အသိပညာ၊ အတတ်ပညာများကို စာဖတ်ခြင်းဖြင့် အစဉ်ဖြည့်ဆည်း**

လူငယ်တစ်ဦးသည် အောင်မြင်တိုးတက်သောဘဝကို တည်ဆောက်နိုင်ရန် နည်းလမ်းရှာဖွေရာ၌ စာဖတ်ခြင်း၊ ကြားနာခြင်း၊ ခရီးသွားခြင်းတို့ဖြင့် နည်းမှန်လမ်းမှန်တို့ကို ရှာဖွေရမည်ဖြစ်သည်။ အမြဲတိုးတက်ပြောင်းလဲနေသော အသိပညာ၊ အတတ်ပညာများကို စာဖတ်ခြင်းဖြင့် အစဉ်ဖြည့်ဆည်းနေရမည်။ တတ်သိနားလည်သော ဆရာသမားတို့၏ ပြောဆိုသွန်သင်မှုကို ကြားနာမှတ်သား၍ မှန်မှန်ကန်ကန်ကြိုးစားရမည်။ ဗဟုသုတနှင့် ပြည့်စုံစေရန် ခရီးသွားခြင်းဖြင့် ဒေသန္တရသုတများ ရှာဖွေရမည်။ ပြောင်းလဲတိုးတက်လာသော နည်းပညာခေတ်ကြီးတွင် နည်းပညာ၏ရေစီးတွင် မှန်ကန်စွာ စီးမျောလုပ်ကိုင်နိုင်ရမည်။ ယနေ့ခေတ်တွင် သိပ္ပံပညာအစွမ်းဖြင့် ဖုန်းများတီထွင်ဖန်တီး၍ အင်တာနက်အသုံးပြုမှုကို လမ်းဖွင့်ပေးခဲ့ကြသည်။ ဖုန်းနှင့် အင်တာနက်ကို တီထွင်လိုက်သော အနောက်နိုင်ငံများသည် ဖုန်းကို မသုံးမဖြစ်သုံးကြသော်လည်း စာဖတ်ခြင်းကို ဆက်လက်အားထားလုပ်ကိုင်နေကြကြောင်း တွေ့ရသည်။

**လူငယ်မျိုးဆက်များသည် စာဖတ်ခြင်းအလေ့အထကို စွဲမြဲစွာလုပ်ကိုင်**

မြန်မာနိုင်ငံရှိ လူငယ်များ စာဖတ်အားကျလာခြင်းမှာ အဆိုပါဖုန်းကြောင့်ဟု ဆိုနိုင်သည်။ သို့သော်လူငယ်များ ဖုန်းမသုံးရဟု မဆိုလိုပါ။ ဖုန်းကို လိုအပ်သောကဏ္ဍများတွင် စနစ်တကျအသုံးပြုကြပြီး စာဖတ်ခြင်းကို စွဲစွဲမြဲမြဲပြုလုပ်သင့်သည်၊ စာမဖတ်သူလူငယ်များ များပြားလာသဖြင့် စာအုပ်ထုတ်ဝေသူများမှာ လုပ်ငန်းတွင်ကျယ်မှုယုတ်လျော့လာ၍ အချို့စာပေတိုက်များ ရပ်နားပိတ်သိမ်းသည်အထိ ဖြစ်လာသည်။ စာရေးဆရာတို့မှာလည်း စာပေရေးသားရကျိုးမနပ်ဘဲ မိမိတို့၏စာများကို ဖတ်သူရှားပါးလာသဖြင့် စာရေးဆရာအဖြစ် ရပ်တည်ရန်ခဲယဉ်းလာရသည်။ ဤသို့ ဆုတ်ယုတ်မှုသဘောဆောင်သောအခြေအနေများမှ လူငယ်များ ရုန်းထွက်နိုင်အောင် ကြိုးစားပြီး စာဖတ်သောလူငယ်များဖြစ်အောင် ပြုပြင်သင့်သည်။ တိုးတက်သောနိုင်ငံများသည် စာဖတ်ခြင်း၏အကျိုးကို သိနားလည်ကြသဖြင့် လူငယ်မျိုးဆက်များသည် စာဖတ်ခြင်းအလေ့အထကို စွဲမြဲစွာလုပ်ကိုင်နေကြသည်။ မြန်မာလူငယ်များသည်လည်း စာဖတ်ခြင်းဖြင့် အသိပညာ၊ အတတ်ပညာပြည့်ဝသော၊ အောင်မြင်တိုးတက်သော လူမှုဘဝကို ကြိုးစားဖန်တီးရမည်ဖြစ်ပါသည်။

လူငယ်တို့သည် စာမဖတ်ဘဲ၊ ဆရာကောင်းဆရာမြတ်တို့၏ သင်ကြားလမ်းညွှန်မှုကို ကြားနာမှတ်သားမှုမရှိဘဲ၊ လက်တွေ့လောက၏ ပြင်ပဗဟုသုတများ မရှာဖွေဘဲနေကြလျှင် သူတစ်ပါး၏ လွှမ်းမိုးခြယ်လှယ်ခြင်းကိုသာခံရပြီး အရာရာကို သင့်မသင့်၊ တော်မတော်၊ မှန်မမှန် ချင့်ချိန်ဝေဖန်နိုင်စွမ်း ရှိတော့မည်မဟုတ်ပေ။ မှန်ကန်စွာဝေဖန်ပိုင်းဖြတ်နိုင်စွမ်းမရှိသောလူငယ်သည် အတွေးအမြင်မှားများကြောင့် အမှားလမ်းသို့သာ လိုက်မိမည်ဖြစ်သည်။ ဤအမှားသည် ထိုလူငယ်၏ဘဝကို ဆုတ်ယုတ်ပျက်စီးစေမည်သာဖြစ်သည်။ ရေခဲပြင်ဒေသတွင် နေထိုင်သော အက်စကီမိုးတို့သည် ဝက်ဝံများကို ဖမ်းယူရန် ရေခဲတုံးထဲတွင် ထက်လှသော ဓားသွားများကို မြှုပ်ထားကြသည်။ ဝက်ဝံတို့က ရေခဲကို လျှာဖြင့်လျက်ကြရင်း အေး၍ထုံနေသော အာရုံကြောင့် ဓားသွားကို လျက်မိသော်လည်း နာကျင် မှန်းမသိတော့ဘဲ လျှာမှထွက်သော မိမိသွေးများကို ပြန်လည်မျိုကာ နောက်ဆုံး၌ သွေးအားလုံးဝလျော့၍ လဲကျသွားသောအခါမှ အက်စကီမိုးတို့က ဝက်ဝံကိုဖမ်းယူကြသည်။ ထိုသာဓကအတိုင်းပင် စာမဖတ်၍ တွေးခေါ်မြော်မြင်မှုမရှိဘဲ ဦးနှောက်ထုံထိုင်းနေသောလူငယ်တို့သည် အက်စကီမိုးတို့ ဝက်ဝံဖမ်းသကဲ့သို့ ကိုယ်ကျိုးရှာအမြတ်ထုတ်လိုသူတို့၏ ချုပ်ကိုင်အသုံးချခြင်းကို ခံရမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်တို့သည် အတွေးမှန်၊ အမြင်မှန်များဖြင့် ဘဝကို ခိုင်ညားလှပထည်ဝါအောင် တည်ဆောက်နိုင်စေရန် မိမိတို့ကိုယ်တိုင် ကြိုးစားကြရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**❝ မှန်ကန်သောအသိပညာ၊ အတတ်ပညာဝမ်းစာကို ဆရာသမားကောင်းများထံမှ ရရှိနိုင်သည်။ ဆရာသမားကောင်းဟုဆိုရာ၌ သက်ရှိလူပုဂ္ဂိုလ် ဆရာသမားများနှင့် သက်မဲ့စာအုပ်စာပေများ၊ အတွေ့အကြုံကောင်းများ ပါဝင်ပါသည်။ ထိုဆရာသမားကောင်းတို့ထံမှ အသိပညာ၊ အတတ်ပညာများကို ရနိုင်သမျှရရှိအောင် ကြိုးစားရယူကြရပေမည်။ အသိပညာ၊ အတတ်ပညာများ ရယူစုဆောင်းရာ၌လည်း ပညာလို အိုသည်မရှိဆိုသကဲ့သို့ ရယူလိုမှုစိတ်ဆန္ဒကသာ အရေးကြီးပါသည်။ ယနေ့မျက်မှောက်ခေတ်တွင် ပညာရပ်များသည် အမြဲပြောင်းလဲတိုးတက်နေရာ ထာဝရကျောင်းသားကြီးသဖွယ် ဆည်းပူးလေ့လာသင်ယူကြရ ❞**


# ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက်(Acid Deposition Monitoring Network in East Asia– EANET)အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒစခန်း ၄၁ ခု (ပုံ–၁)တွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။


၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း တိုင်းတာသည့်စခန်း ၄၁ ခုအနက် ၃၃ စခန်းတွင် မိုးရွာသွန်းခဲ့သဖြင့် မိုးရေနမူနာများ စုဆောင်းရယူခဲ့သည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် ၃၃ စခန်းမှ ၃၂ စခန်းတို့တွင် ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိပြီး ကလေးဝစခန်းတွင် ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးသည် ပုံမှန်မိုးရေ(Normal Rain)ဟု သတ်မှတ်ထားသည့် pH တန်ဖိုး(5.6 – 6.4)အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့သည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် ၃၃ စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရသည်။ (ပုံ–၂)

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့်စခန်းများပြပုံ




ပုံ (၂)၊ ၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ




၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး(ချမ်းအေးသာစံ) | ၆.၇ |
| ၂ | မန္တလေး(ချမ်းမြသာစည်) | ၆.၇ |
| ၃ | မြစ်ကြီးနား | ၆.၆ |
| ၄ | ပူတာအို | ၆.၆ |
| ၅ | ဗန်းမော် | ၆.၅ |
| ၆ | ခန္တီး | ၆.၆ |
| ၇ | လားရှိုး | ၆.၇ |
| ၈ | တောင်ကြီး | ၆.၅ |
| ၉ | မိုင်းဆတ် | ၆.၈ |
| ၁၀ | ကျိုင်းတုံ | ၆.၆ |
| ၁၁ | စစ်ကိုင်း | ၆.၅ |
| ၁၂ | ဟုမ္မလင်း | ၆.၇ |
| ၁၃ | ဟားခါး | ၆.၅ |
| ၁၄ | ညောင်ဦး | ၆.၆ |
| ၁၅ | ကသာ | ၆.၆ |
| ၁၆ | ပြင်ဦးလွင် | ၆.၇ |
| ၁၇ | ကလေးဝ | ၆.၄ |
| ၁၈ | ရန်ကုန်(ကမ္ဘာအေး) | ၆.၈ |
| ၁၉ | မော်ဘီ | ၆.၉ |
| ၂၀ | မကွေး | ၆.၉ |
| ၂၁ | အောင်လံ | ၆.၆ |
| ၂၂ | စစ်တွေ | ၆.၉ |
| ၂၃ | ကျောက်ဖြူ | ၆.၆ |
| ၂၄ | သံတွဲ | ၆.၈ |
| ၂၅ | ပြည် | ၆.၈ |
| ၂၆ | တောင်ငူ | ၆.၇ |
| ၂၇ | ပုသိမ် | ၆.၈ |
| ၂၈ | ဟသ်ာတ | ၆.၇ |
| ၂၉ | ရေး | ၆.၈ |
| ၃၀ | ဘီးလင်း | ၆.၇ |
| ၃၁ | ထားဝယ် | ၆.၈ |
| ၃၂ | မြိတ် | ၆.၇ |
| ၃၃ | ကော့သောင်း | ၆.၆ |

## လှည်းကူးမြို့နယ်တွင် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်

**လှည်းကူး ဇန်နဝါရီ ၇**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးနှင့် ပြည်သူများ ဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး ပူးပေါင်းဆောင်ရွက်ပေးခြင်းကို ဇန်နဝါရီ ၃ ရက်က ကျွန်းကလေးကျေးရွာအုပ်စုရှိ Max High Way Bot Toll Gate၌ဆောင်ရွက်ခဲ့သည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် မော်တော်ယာဉ်မောင်းနှင်သူများနှင့် ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းသူပြည်သူများ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရန် ယာဉ်ကြောပိတ်ဆို့မှုများ လျော့ကျနိုင်စေရန် ဘေးကင်းလုံခြုံစွာ သွားလာနေထိုင်မှု ရှိစေရေးတို့အတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းနောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်မင်း၊ အမှတ်(၆၆)ယာဉ်ထိန်းရဲတပ်စုမှ ဒုရဲအုပ် အောင်ခိုင်ကျော်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးဇော်မင်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးယုလွင်နှင့် ပူးပေါင်းအဖွဲ့တို့က ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်၊ ကင်းရှင်းရေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ အသိပညာပေး ဟောပြောခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကော့သောင်းမြို့နယ် မြတ်သစ္စာကျန်းမာရေးဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

**ကော့သောင်း ဇန်နဝါရီ ၇**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်း မြို့နယ်တွင် မြတ်သစ္စာကျန်းမာရေး ဝန်ဆောင်မှု သမဝါယမအသင်းလီမိတက်၏ ၂၀၂၂–၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၅ ရက်က မြို့နယ်သမဝါယမဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ သဘာပတိ ဦးညီညီကျော်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းအောင်က အမှာစကားပြောကြားခြင်းနှင့် ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေး ရှင်းတမ်း အစီရင်ခံစာများကို ဖတ်ကြား အတည်ပြုခဲ့ကြပြီး အမှုဆောင် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံဖတ်ကြားတင်သွင်း၍ အတည်ပြုချက်ရယူ ဆောင်ရွက်နိုင်ခဲ့ပြီး အစည်းအဝေးကို အောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ အသင်းအနေဖြင့် ၂၀၂၃ ခုနှစ်တွင် အသင်းဝင်အမှတ် ဆ–၈၅၀ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး အသင်းသား အသင်းသူ ၁၅ ဦးတို့ဖြင့် ကော့သောင်း မြို့နယ်အတွင်း ကျန်းမာရေး ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပျော်ဘွယ်မြို့နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးလျက်ရှိသည့် ပဒေသာတံဆိပ် မုန့်ကြွပ်လုပ်ငန်း

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်မှ ဒေသခံပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနေသည့် ပဒေသာ မုန့်ကြွပ်လုပ်ငန်း၏ ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေကို မုန့်ကြွပ်လုပ်ငန်းရှင် ဦးတင်ရွှေ၏သား ဦးတင်မောင်ထွန်းအား သွားရောက်တွေ့ဆုံမေးမြန်းထားမှုကို ဖော်ပြလိုက်ရပါသည်-

**မေး ။ ။ ပဒေသာမုန့်ကြွပ်လုပ်ငန်း စတင်တည်ထောင်ဖြစ်ပုံကို ရှင်းပြပေးပါ။**

ဖြေ။ ။ ပဒေသာမုန့်ကြွပ်လုပ်ငန်းကို ၁၉၆၇ ခုနှစ်ကတည်းက ဘိုးဘွားများလက်ထက်မှာ ရွှေဥဒေါင်းအမည်နဲ့ စတင်ဆောင်ရွက်ခဲ့ရာမှ လက်ရှိသားသမီး၊ မြေးတွေလက်ထက်မှာ ပဒေသာအမည်နဲ့ ထပ်မံတိုးချဲ့လုပ်ကိုင်ဆောင်ရွက်လာတာ ဖြစ်ပါတယ်။

**မေး။ ။ အခုဈေးကွက်မှာ ဝယ်ယူရရှိနိုင်အောင် ထုတ်လုပ်ထားတဲ့ မုန့်အမျိုးအစားကို သိပါရစေ။**

ဖြေ။ ။ မုန့်ကြွပ်ထုတ်လုပ်မှု အမျိုးအစားအားဖြင့် နို့မုန့်ကြွပ်၊ ထောပတ်မုန့်ကြွပ်၊ ဆီးချိုသမားစားတဲ့မုန့်ကြွပ်၊ မုန့်ကြွပ်ခြောက်၊ ကြိတ်သားဘီးကုတ်မုန့်ကြွပ်၊ မုန့်ကြွပ်ချောင်းဆိုပြီး ခြောက်မျိုးထုတ်လုပ်ရောင်းချပေးပါတယ်။




**မေး။ ။ လက်ရှိဈေးကွက်အတွင်း ရောင်းချပေးရာမှာ မုန့်အမျိုးအစားအလိုက် ဈေးနှုန်းလည်း သိပါရစေ။**

ဖြေ။ ။ လက်ရှိ ဈေးကွက်မှာရောင်းချပေးတာက ပျော်ဘွယ်မြို့ ပြည်ထောင်စုကားလမ်းမဘေးမှာ ဆိုင်ခန်းဖွင့်လှစ်ပြီး ရောင်းချပေးပါတယ်။ မုန့်အမျိုးအစားအလိုက် ဈေးနှုန်းကတော့ နို့မုန့်ကြွပ်တစ်ထုပ် ငွေကျပ် ၂၅၀၀၊ ထောပတ်မုန့်ကြွပ်တစ်ထုပ် ငွေကျပ် ၂၃၀၀၊ ဆီးချိုသမားစားတဲ့ မုန့်ကြွပ်တစ်ထုပ် ငွေကျပ် ၂၀၀၀၊ မုန့်ကြွပ်ခြောက်တစ်ထုပ် ငွေကျပ် ၂၀၀၀၊ ဘီးကုတ်မုန့်ကြွပ်တစ်ထုပ် ငွေကျပ် ၁၂၀၀၊ မုန့်ကြွပ်ချောင်း (သေး) တစ်ထုပ် ငွေကျပ် ၁၀၀၀ စသဖြင့် ရောင်းချပေးပါတယ်။

**မေး။ ။ ဘယ်လိုကုန်ကြမ်းပစ္စည်းတွေကို အသုံးပြုတာလဲ၊ ပြုလုပ်ပုံအဆင့်ဆင့်ကို ပြည်သူတွေ သိရှိစေဖို့ မျှဝေပေးစေချင်ပါတယ်။**

ဖြေ။ ။ ကုန်ကြမ်းတွေကတော့ ဂျုံ၊ သကြား၊ ကြက်ဥ၊ နို့မှုန့်၊ ထောပတ်၊ ဆီ၊ မုန့်ပွဆေး စတာတွေကို အဓိကထားပြီး အသုံးပြုရပါတယ်။ မုန့်ကြွပ်ပြုလုပ်ပုံ အဆင့်ဆင့်ကတော့ မုန့်ပွဆေးကို ညဦးပိုင်းကတည်းက အလျှဉ်ဖောက်ရပါတယ်။ ဂျုံ ၁၅ ပိဿာ လုပ်မယ်ဆိုရင် အဲဒါနဲ့လိုက်ဖက်တဲ့ သကြား၊ ကြက်ဥ၊ ထောပတ်၊ နို့မှုန့် စတာတွေကို အချိုးကျရောစပ်ရပါတယ်။ အမျိုးအစားမတူတဲ့အတွက် ရောစပ်မှုပုံစံလည်း မတူပါဘူး။

ပြီးလို့ရှိရင် ဂျုံအပါအဝင် ရောစပ်ပြီးသမျှကို မုန့်မွှေတဲ့ဆုံမှာမွှေရပါတယ်။ အဲဒီအခါမှာ မုန့်သားရလာပါတယ်။ ရလာတဲ့မုန့်သားတွေကို လုပ်သားတွေက သတ်မှတ်ထားတဲ့ပုံစံဖြစ်တဲ့ မုန့်ကြွပ်ချောင်း၊ မုန့်ကြွပ်ပြား၊ ဘီးကုတ်ပုံစံ စတာတွေကို လှီးဖြတ်ပြီး မီးဖုတ်တဲ့လင်ပန်းပေါ်မှာ စီစီညီညီတင်ပေးရပါတယ်။ မုန့်သားပွလာပြီဆိုရင်တော့ မီးဖိုမှာရှိတဲ့ လုပ်သားက အဲဒီမုန့်လင်ပန်းတွေကို မီးဖိုထဲမှာအချိန်ခဏကြာ ထည့်ကင်ပေးရပါတယ်။ အချိန်ခဏကြာပြီးနောက်မှာ မုန့်ကြွပ်အစိုကို ရရှိလာပါတယ်။ ရရှိလာတဲ့ မုန့်ကြွပ်အစိုကို လုပ်သားတွေက တစ်ခုချင်းစီ ပြန်ခွာပေးရပါတယ်။ ပြန်ခွာလို့ရလာတဲ့ မုန့်ကြွပ်အစိုကို လင်ပန်းပေါ်မှာတင်ပြီး မီးကင်တဲ့မီးဖိုမှာ မုန့်ကြွပ်ဖြစ်ဖို့အတွက် ဆက်လက်လုပ်ဆောင်ရပါတယ်။

မုန့်ကြွပ်အစိုရဖို့အတွက် အသုံးပြုရတဲ့မီးဖိုနဲ့ မုန့်ကြွပ်ဖြစ်ဖို့မီးကင်တဲ့ မီးဖိုနှစ်ခုက ကွာခြားမှုရှိပါတယ်။ အပူပေးမှုနှုန်းလည်းမတူပါဘူး။ အသုံးပြုပုံချင်းလည်း မတူပါဘူး။ မုန့်ကြွပ်ရလာပြီဆိုရင် ရောင်းချဖို့အတွက် လုပ်သားတွေက ထုပ်ပိုးမှုတွေ လုပ်ဆောင်ရပါတယ်။ ပြီးရင်မုန့်ထည့်တဲ့ ကတ်ပုံးတွေထဲကိုထည့်ပြီး သက်ဆိုင်ရာဈေးကွက်တွေကို ပို့ဆောင်ပေးရပါတယ်။



**မေး။ ။ မုန့်တိုက်က တစ်နေ့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအခြေအနေနဲ့ အဓိကဘယ်လိုနေရာတွေကို တင်ပို့ရောင်းချနေသလဲဆိုတာ သိပါရစေ။**

ဖြေ။ ။ တစ်နေ့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအနေနဲ့ မုန့်ကြွပ်ထုတ်ရေ ၁၀၀၀ ကနေ ၁၅၀၀ ကြားကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး အဓိကတော့ ပျော်ဘွယ်မြို့ရဲ့ အမှတ်တရလက်ဆောင်မုန့်တစ်ခုအနေနဲ့ ထုတ်လုပ်ရောင်းချပေးတာပါ။ ဒေသခံမြို့သူမြို့သားတွေ ခရီးသွားတဲ့အခါ မိမိဒေသရဲ့ လက်ဆောင်မုန့်တစ်ခုအဖြစ် ဝယ်ယူသွားကြတယ်။ နောက်ပြီး မြို့ကိုရောက်ရှိလာကြတဲ့ ခရီးသွားပြည်သူတွေလည်း လက်ဆောင်မုန့်အနေနဲ့ လာရောက်ဝယ်ယူကြတယ်။ ပျော်ဘွယ်မြို့အပြင် အောင်ပန်း၊ ကလော၊ တောင်ကြီး၊ ရွှေညောင်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ တောင်ငူ၊ ဖြူး၊ ပဲခူး၊ ရန်ကုန်မြို့တွေမှာပါ မုန့်ဆိုင်အရောက် ဖြန့်ဖြူးရောင်းချပေးနေပါတယ်။

**မေး။ ။ မုန့်ကြွပ်လုပ်ငန်း လည်ပတ်မှုအတွက် ဝန်ထမ်းဦးရေ ဘယ်လောက်ရှိပါသလဲ။**

ဖြေ။ ။ မုန့်ကြွပ်လုပ်ငန်းမှာတော့ ဝန်ထမ်းဦးရေ ကျွန်တော်အပါအဝင် အမျိုးသား အမျိုးသမီး စုစုပေါင်း ၄၀ ရှိပါတယ်။

**မေး။ ။ ကိုယ်ပိုင်လုပ်ငန်းလေးကနေ စတင်ပြီး MSME လုပ်ငန်းအထိဖြစ်အောင်အသေးစား စက်မှုလက်မှုလုပ်ငန်းအဖြစ် မှတ်ပုံတင်ထားရှိမှုကိုလည်း သိပါရစေ။**

ဖြေ။ ။ ပုဂ္ဂလိက စက်မှုလုပ်ငန်းမှတ်ပုံတင်အမှတ် မတလ/လတ် /၂၂၈၁ ဖြစ်ပါတယ်။

ပျော်ဘွယ်မြို့နယ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး MSME လုပ်ငန်းများအနက် မုန့်ကြွပ်လုပ်ငန်းသည် မိသားစုဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးနိုင်ရေးနှင့် နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်သည့်လုပ်ငန်းတစ်ခု ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **“ တစ်နေ့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှုအနေနဲ့ မုန့်ကြွပ်ထုတ်ရေ ၁၀၀၀ ကနေ ၁၅၀၀ ကြားကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး အဓိကတော့ ပျော်ဘွယ်မြို့ရဲ့ အမှတ်တရလက်ဆောင်မုန့်တစ်ခုအနေနဲ့ ထုတ်လုပ်ရောင်းချပေးတာပါ။ ပျော်ဘွယ်မြို့အပြင် အောင်ပန်း၊ ကလော၊ တောင်ကြီး၊ ရွှေညောင်၊ ရမည်းသင်း၊ တပ်ကုန်း၊ ပျဉ်းမနား၊ တောင်ငူ၊ ဖြူး၊ ပဲခူး၊ ရန်ကုန်မြို့တွေမှာပါ မုန့်ဆိုင်အရောက် ဖြန့်ဖြူးရောင်းချပေးနေပါတယ် ”**



**တွေ့ဆုံမေးမြန်း - စန်းစန်းကြူ**
**ဓာတ်ပုံ -မင်းမင်းထွေး(ပျော်ဘွယ်)**

# အာဒိုဂန်နှင့် ဘလင်ကန်တို့ နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်များနှင့် နိုင်ငံတကာကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

**အစ္စတန်ဘူလ် ဇန်နဝါရီ ၇**

တူကီယဲလ်နိုင်ငံ သမ္မတ ရီဆက်တေယစ် အာဒိုဂန်သည် ဇန်နဝါရီ ၆ ရက်က အစ္စတန်ဘူလ်တွင် နှစ်နိုင်ငံဆက်ဆံရေးနှင့် နိုင်ငံတကာကိစ္စရပ်များကို ဆွေးနွေးရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် တွေ့ဆုံခဲ့ကြောင်း တူကီယဲလ်နိုင်ငံသမ္မတက ပြောကြားခဲ့သည်။

တူကီယဲလ်နိုင်ငံ သမ္မတ အာဒိုဂန်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်တို့သည် ဗာဒက်တင်နန်းတော်တွင် တံခါးပိတ်ဆွေးနွေးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

တူကီယဲလ်နိုင်ငံသမ္မတနှင့် မတွေ့ဆုံမီတွင် ဘလင်ကန်သည် တူကီယဲလ်နိုင်ငံခြားရေးဝန်ကြီး ဟာကင်ဖီဒန်နှင့် နှစ်နာရီကြာ တွေ့ဆုံခဲ့ပြီး ဝန်ကြီးနှစ်ဦးသည် ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပွားနေသော ပဋိပက္ခနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းအပြင် ဆွီဒင်နိုင်ငံ၏ နေတိုးအဖွဲ့ဝင်ဖြစ်ရေး လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်နောက်ပိုင်းမှစတင်ကာ အစ္စရေး-ဟားမတ်စ် ပဋိပက္ခ တင်းမာမှုများ မြင့်တက်လာခြင်းကြောင့် ယင်းဒေသသို့ သွားရောက်မည့် ခရီးစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်အနေဖြင့် ဇန်နဝါရီ ၅ ရက်တွင် အစ္စတန်ဘူလ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**



# ဂျပန်နိုင်ငံ အီရှီကာဝါစီရင်စု၌ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၁၂၈ ဦးအထိ ရှိလာ

**တိုကျို ဇန်နဝါရီ ၇**

ဂျပန်နိုင်ငံအလယ်ပိုင်း အီရှီကာဝါစီရင်စု၌ ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ၁၂၈ ဦးအထိ ရှိလာပြီး ၁၉၅ ဦး ပျောက်ဆုံးလျက်ရှိကြောင်း တာဝန်ရှိသူများက ယနေ့ အတည်ပြုပြောကြားသည်။

ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် ငလျင်ဘေးသင့်ဒေသများကို ဆီးနှင်းများဖုံးလွှမ်းသွားဖွယ်ရှိကြောင်းနှင့် ယာဉ်ကြောပိတ်ဆို့မှုများလည်းဖြစ်နိုင်ကြောင်း မိုးလေဝသတာဝန်ရှိသူများက သတိပေးထားသည်။

အီရှီကာဝါစီရင်စု၌ ဇန်နဝါရီ ၈ ရက်မှ ၉ ရက်အတွင်း ဆီးနှင်းများ ၆၀ စင်တီမီတာအထိ ကျဆင်းနိုင်သည်ဟု မိုးလေဝသတာဝန်ရှိသူများက ဆိုသည်။

ရာသီဥတုအေးပြီး မိုးရွာလျက်ရှိသော်လည်း ကယ်ဆယ်ရေးသမားများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။



ပြိုကျပျက်စီးခဲ့သော နေအိမ်တစ်လုံးအောက်မှ အသက် ၉၀ အရွယ် အမျိုးသမီးတစ်ဦးကို ကယ်ဆယ်ရေးသမားများက ကယ်ဆယ်နိုင်ခဲ့သည်။

ပြင်းအား ၇ ဒသမ ၆ အဆင့်ရှိသည့် အဆိုပါငလျင်လှုပ်ပြီးနောက် ၁၂၄ နာရီအကြာတွင် အဆိုပါအဘွားအိုကို ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အီရှီကာဝါစီရင်စုရှိ ပြည်သူ ၃၀၀၀၀ နီးပါးသည် ယာယီခိုလှုံရေးစခန်းများတွင် နေထိုင်လျက်ရှိသည်။

တာဝန်ရှိသူများက ကူးစက်ရောဂါများ ကာကွယ်တားဆီးရေးအစီအမံများ ဆောင်ရွက်လျက်ရှိသည်။

အိမ်ထောင်စု ၂၀၀၀၀ ခန့် ဓာတ်အားပြတ်တောက်မှု ကြုံတွေ့နေရပြီး ၆၆၀၀၀ မှာ ရေပြတ်လပ်လျက်ရှိသည်။

ဂျပန်ဆေးဝါးထောက်ပံ့ရေးအဖွဲ့က ဆူဇူစီးတီး၌ ပြည်သူများကို ဆေးဝါးများ ထောက်ပံ့ပေးလျက်ရှိသည်။

ရေရှည်ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများအတွက် ပံ့ပိုးကူညီမှုများ ဆက်လက်ပေးသွားမည်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ကီရှီဒါက ပြောကြားသည်။

ထို့ပြင် ငလျင်ဒဏ်သင့် ပြည်သူများ၏ ဘဝနဲ့ အလုပ်အကိုင်များကို ပြန်လည်ဖန်တီးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကီရှီဒါက ဆိုသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အီရန်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဗုံးခွဲတိုက်ခိုက်မှုနှစ်ခုကြောင့် သေဆုံးသူ ၉၂ ဦးအထိ ရှိလာ

**တီဟီရန် ဇန်နဝါရီ ၇**

အီရန်နိုင်ငံ အရှေ့တောင်ပိုင်း ကာမန်မြို့၌ ဗုံးနှစ်လုံး ပေါက်ကွဲမှုကြောင့် သေဆုံးသူ ၉၂ ဦးအထိ ရှိလာခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၆ ရက်တွင် ဖော်ပြသည်။

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၃ ရက်က အမေရိကန်မောင်းသူမဲ့ လေယာဉ်ဖြင့် လုပ်ကြံသတ်ဖြတ်ခံခဲ့ရခြင်းကြောင့် သေဆုံးခဲ့သည့် အီရန်ထိပ်တန်းတပ်မှူးဆိုလီမာနီအား ဂုဏ်ပြုသည့်အနေဖြင့် ၎င်း၏ အုတ်ဂူတွင် လူထောင်ပေါင်းများစွာ စုဝေးခဲ့ကြစဉ် ပေါက်ကွဲမှုနှစ်ခု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရသူ ၁၀၀ကျော်ကို ကာမန်ဒေသရှိ ဆေးရုံ၌ ကုသမှုများဆောင်ရွက်လျက်ရှိပြီး ၎င်းတို့အနက် ၃၀ ကျော်မှာ အထူးကြပ်မတ်ကုသဆောင်တွင်ရှိပြီး စိုးရိမ်ရသည့် အခြေအနေရှိကြောင်း ပြည်နယ်အရေးပေါ်အဖွဲ့အစည်းအကြီးအကဲ မိုဟာမက်ဆာလီရီက ပြောကြားခဲ့သည်။

အိုင်အက်စ်အဖွဲ့သည် အဆိုပါ ဗုံးခွဲမှုများအတွက် တာဝန်ရှိကြောင်း ဇန်နဝါရီ ၄ ရက်တွင် ကြေညာခဲ့ပြီး လူပေါင်း ၂၈၄ ဦး ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အသေခံဗုံးခွဲသမား နှစ်ဦးက ဖောက်ခွဲရေးခါးပတ်များကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသေခံဗုံးခွဲမှုများတွင် ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ ၁၁ ဦးကို ဖမ်းဆီးထားကြောင်း အီရန် ထောက်လှမ်းရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ အဆိုပါဖြစ်ရပ်သည် ဆယ်စုနှစ်များအတွင်း အီရန်၌ အသေအပျောက်အများဆုံး တိုက်ခိုက်မှုများထဲမှ တစ်ခုဖြစ်သည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**





# ဂါဇာကမ်းမြောင်ဒေသတွင် ပါလက်စတိုင်းသေဆုံးသူ ၂၂၇၂၂ ဦးအထိ ရှိလာ

**ဂါဇာ ဇန်နဝါရီ ၇**

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူဦးရေသည် ဇန်နဝါရီ ၆ ရက်အထိ ၂၂၇၂၂ ဦးအထိ ရှိလာခဲ့ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားခဲ့သည်။

အစ္စရေးစစ်တပ်၏ တိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပါလက်စတိုင်း ၁၂၂ ဦး သေဆုံးပြီး ၂၅၆ ဦး ဒဏ်ရာရခဲ့ကြောင်း ဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်မှ စတင်၍ အစ္စရေးနှင့် ဟားမတ်စ်တို့၏ အပြန်အလှန်တိုက်ခိုက်မှုကြောင့် စုစုပေါင်းသေဆုံးသူ ၂၂၇၂၂ ဦးနှင့် ဒဏ်ရာရရှိသူ ၅၈၁၆၆ ဦး ရှိလာကြောင်း သိရသည်။

လွန်ခဲ့သည့် ရက်အနည်းငယ်အတွင်းက ဂါဇာမြို့တော်၏ ဒေသတစ်ခုကို ၎င်းတို့၏တပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းခဲ့ကြောင်း အစ္စရေးစစ်တပ်ပြောရေးဆိုခွင့်ရှိသူ အဗီချေးအက်ဒရီက ဇန်နဝါရီ ၆ ရက်တွင် ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ခမ်းပတ်မြို့ ကနန်းစံပြကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကို တပ်မတော်က လေယာဉ်ဖြင့် ဗုံးကြဲချမှု ကလေးငယ် နှစ်ဦးအပါအဝင် ပြည်သူ ၁၁ ဦးသေဆုံးဟု သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ခမ်းပတ်မြို့ ကနန်းစံပြကျေးရွာ အမှတ် (၅) ရပ်ကွက်ရှိ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကို လေယာဉ်ဖြင့် ဗုံးကြဲမှုကြောင့် ကလေးငယ် နှစ်ဦးအပါအဝင် ပြည်သူ ၁၁ ဦးသေဆုံးသည်ဟု အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာ ခေတ်သစ်မှ သတင်းတု၊ သတင်းမှားများကို ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ တာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ ယနေ့နံနက်ပိုင်းတွင် လေကြောင်းပျံသန်းမှုမရှိကြောင်းသိရှိရပြီး တပ်မတော်က ဗုံးကြဲသည်ဆိုသည်မှာ သတင်းအမှားသာဖြစ်ကြောင်း သိရသည်။

## ဝါဒဖြန့်လှုံ့ဆော်မှုများ

အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများသည် သတင်းတု၊ သတင်းမှားများကို အချိန်နှင့်တစ်ပြေးညီ ရေးသားဖြန့်ဝေလျက်ရှိပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဝါဒဖြန့်လှုံ့ဆော်မှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

နေပြည်တော် ဇန်နဝါရီ ၇

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၅ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ကျိုက်ထိုမြို့နယ် မြို့ရှောင်လမ်းအနီး၌ တရားမဝင် အခြားသစ် ၃ ဒသမ ၅၉၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၈၆၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၆ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် 100% Polyester Woven Fabric အထုပ် ၈၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၉၅၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၂၉၇ တန်၊ သစ်မာ ၃ ဒသမ ၈၈၂ တန်နှင့် အခြားသစ် ၄ ဒသမ ၂၅၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၄၈၂၇၆)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၆၉၈၂၇၆ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် မန္တလေးမြို့အဝင် မြစ်ငယ်တံတားအနီး၌ မိုင်းလားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ခေါင်းစွပ်ဦးထုပ် အခု ၁၃၅၀၊ ထိုင်းနိုင်ငံထုတ် ဆပ်ပြာခဲ ဘူး ၄၁၄၄၀ အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၀၉၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်(၁)တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၂၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၀၉၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၉၁၄၁၃၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# ကျောင်းကုန်းမြို့နယ် သရက်ပင်ဆိပ်-လောင်တိုင်း ကွန်ကရစ်တံတားတည်ဆောက်နေမှု ကွင်းဆင်းစစ်ဆေး

ကျောင်းကုန်း ဇန်နဝါရီ ၇

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၄၂ ဒသမ ၅ သန်းဖြင့် ထူးကေရီကုမ္ပဏီမှ သရက်ပင်ဆိပ်- လောင်တိုင်း တံတား တည်ဆောက်ခြင်းလုပ်ငန်းအား ဇန်နဝါရီ ၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါလုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် ရေရှည်တည်တံ့ကောင်းမွန်စေရန်အတွက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်း၊ အရည်အသွေးထိန်းသိမ်းရေးနှင့် စစ်ဆေးရေးအဖွဲ့မှ ဦးစီးအရာရှိ(မြို့ပြ) ဦးသန့်ဇင်၊ ပုသိမ်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်သူမင်းတို့က ကွင်းဆင်းစစ်ဆေး၍ အရည်အသွေးပြည့်မီစွာဖြင့် လုပ်ငန်းအချိန်မီ ပြီးစီးရေးအတွက် လိုက်လံကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

၎င်းတံတား တည်ဆောက်ပြီးစီးပါက ကျေးရွာသုံးရွာ၊ အိမ်ခြေ ၃၉၆ အိမ်၊ လူဦးရေ ၁၅၅၆ ဦးအား အကျိုးပြုသွားမည် ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၁-၂၀၂၄ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ နပျိုသက်ရှည်ကျန်းမာဖို့ ကိုယ်လက်လှုပ်ရှားကစားကြပါစို့
- ၀၉:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၃၀ Economic Review
- ၁၁:၂၅ ဘဝနှင့်အနုပညာ
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတောလာ' (အပိုင်း-၂၄)
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်ပန်းရနံ့လွင့်ပျံ့အမှန်း' (အပိုင်း-၉၅)
- ၁၅:၃၀ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
- ၁၆:၃၅ မျိုးဇုက်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၅ This Week's Special Interset
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘတ်စကက်ဘောအက်ဆေး' (အပိုင်း-၄၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၉)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ 'အချစ်ရဲ့အိပ်မက်တန်ဖိုး' (အပိုင်း-၁၀)

### mitv

- 07:01 Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe) (Full Moon Day of Kahsone)
- 07:14 Ecotourism: The Famous Zalon Mountain
- 07:28 The Art of Making Glaze Ware
- 07:48 Hsig Khaung Village In Hsihseng
- 08:01 News
- 08:26 Global Updates; Move over polyester, make way for spider silk
- 08:31 Myanmar Traditional Snacks: Myanmar Doughnut
- 08:33 Myanmar Traditional Instruments - Myanma Harp (Episode-2)
- 09:01 Myanmar Avocado In The Global Market
- 09:51 Let's taste "Sabuti"
- 10:01 News
- 10:26 The Strength of the Nation lies Within & Eliminate Illegal Trade
- 10:46 Life of Sea Urchin Diver

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
စားမြိန်ဖွယ်ရာပျို့မေ့လက်ရာအာပူရှက် ကြက်သောက်ဆန်းနှင့် ခရမ်းကဆော့သီးချက်

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
ပင်လောင်းသို့ခရီးသွားခြင်း(အပိုင်း-၃)

**မ (၁၀:၀၀ မှ ၁၂:၀၀)**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံအဆင့်ဆင့

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားတိုင်းရင်းသားတို့ရဲ့စံပျော်ရာတောင်ပေါ်ဒေသ

**ဝကောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ကျဲချို

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
သုတေသနပြုခြင်းမှသည်ထွက်နှုန်းစံမှီမြန်မာ့စပါးကို

**အရှေ့ပိုးကရင် (၁၈ :၀၀ မှ ၁၉:၀၀)**
အံ့ဩဖွယ်ရာပဒုံဂူမြေမှာ

**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ချင်းရိုးရာခေါင်းဆောင်းပြုလုပ်နည်း

**ချင်း (ချီး) (၂၀:၀၀ မှ ၂၁:၀၀)**
အံ့ဖွယ်ရုံးပတီသီးအစွမ်း

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
မွန်ယဉ်ကျေးမှုပြတိုက်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၁၅ ပြင်းထန်သည့်ငလျင်ဘေးနှင့်ကြုံတွေ့ခဲ့ရသည့်ဂျပန်နိုင်ငံ
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၄၅ သတင်းသမားပြောတဲ့သတင်းစကား

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM ရှင်းလင်းပွဲ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အာဖရိကနိုင်ငံ)(အပိုင်း-၁)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၁၀)
- ၁၈:၀၀ Economic Review (အပိုင်း-၁၄)

### MRTV FARMERS' HTV

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ကြိုးစားဆောင်ရွက်ပြည်သူ့အတွက် 'သမဝါယမဦးစီးဌာန'
- ၀၆:၃၀ မြန်မာပြည်တောင်ဘက်ဖျားမှ သဘာဝအစွမ်းကမ်းဇော်ဆီ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Satyaprem.Ki.Katha.2023 (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Past Lives (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HTV

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ ရှေးရောင်မျိုးဆက်သစ်များနှင့်တွေ့ဆုံခြင်း
- ၀၆:၄၀ Football Highlight
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၀ Weekly Sports Info

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ။

# ကမ္ဘာကြီးကျန်းမာဖို့ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုမြှင့်တင်ရေးနှင့် ရုပ်ကြွင်းလောင်စာလျှော့ချကြပါစို့

အောင်ထက်လင်း (ကြိမ်ချောင်း)

လူ့အဖွဲ့အစည်းအတွင်း စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုခြင်းသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းနှင့် ညစ်ညမ်းမှုကို လျှော့ချခြင်းအတွက် အရေးပါသည့်ကိစ္စဖြစ်သည်။ ကုန်ကြမ်းအသစ်များ အသုံးပြုမှုကို လျှော့ချပေးသဖြင့် စွမ်းအင်ကိုချွေတာရာရောက်သည့်အပြင် ငွေကြေးနှင့် သဘာဝအရင်းအမြစ်များကို ချွေတာရာလည်း ရောက်သည်။ ကျောက်မီးသွေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဲ့သို့သော ရုပ်ကြွင်းလောင်စာများကြောင့် ဖြစ်ပေါ်လာသော လေထုညစ်ညမ်းမှုကို လျှော့ချပေးသည်။ ထို့ကြောင့် ယနေ့ကာလတွင် ပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲမှုကို မြှင့်တင်နိုင်ရန်အတွက် အသုံးပြုမှုကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်းနှင့် အဟောင်းကို ပြန်လည်ပြုပြင်သုံးစွဲခြင်း ဟူသည့် လုပ်ငန်းစဉ်သုံးရပ်သည် ကမ္ဘာကြီး၏ ကျန်းမာရေးအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ လူဦးရေသန်းပေါင်းများစွာထံမှ တစ်နှစ်လျှင် အမှိုက်တန်ချိန် နှစ်ဘီလီယံကျော် ထွက်ရှိနေသော်လည်း ယင်းတို့ထဲမှ ၃၃ ရာခိုင်နှုန်းသည် ဘေးကင်းသောနည်းလမ်းဖြင့် စွန့်ပစ်ခြင်း မဟုတ်ပေ။ အကျိုးဆက်အဖြစ် မြေဆီလွှာညစ်ညမ်းမှုနှင့် အမှိုက်များကို မီးရှို့ခြင်းကြောင့် လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသည်။

**ပလတ်စတစ်များနေရာတွင် အစားထိုးအသုံးပြု**

ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် စွန့်ပစ်ခဲ့သော ပစ္စည်းများသည် စုစုပေါင်းတန်ချိန် ၂ ဒသမ ၁၂ ဘီလီယံအထိ ရှိသည်။ ယင်းတို့အနက် ပင်လယ်သမုဒ္ဒရာအားလုံးသို့ စွန့်ပစ်နေသည့် ပလတ်စတစ်တန်ချိန်ပေါင်း နှစ်သိန်းခွဲခန့်ရှိကြောင်း သိရသည်။ ပြန်လည်အသုံးပြုသည့် ပစ္စည်းများအရေအတွက်မှာ မပြောပလောက်သော ပမာဏခန့်သာရှိသည်။ ဖန်ပစ္စည်းကဲ့သို့သော လူ့အသုံးအဆောင်များသည် တာရှည်ခံခြင်း၊ အရည်အသွေးပြောင်းလဲမှုမရှိခြင်းကြောင့် လူအများအနေဖြင့် ပလတ်စတစ်များနေရာတွင် အစားထိုးအသုံးပြုသင့်သည်။ ဖန်ပုလင်းတစ်လုံးကို ပြန်လည်အသုံးပြုခြင်းသည် ၁၀၀ ဝပ်မီးသီးကို လေးနာရီကြာထွန်းရန်၊ ကွန်ပျူတာသုံးရန် မိနစ် ၃၀ သို့မဟုတ် တီဗွီတစ်လုံး မိနစ် ၂၀ ကြာကြည့်ရှုရန်အတွက် လုံလောက်သောစွမ်းအင်ကို သက်သာစေခြင်းကြောင့် ဖြစ်သည်။ ထို့ပြင် ပြန်လည်အသုံးပြုသော သတင်းစာတစ်တန်လျှင် သစ်ပင် ၁၇ ပင် ဆုံးရှုံးမှုကို ကာကွယ်နိုင်သဖြင့် သတင်းစာဟောင်းများနှင့် မဂ္ဂဇင်းဟောင်းများသည်လည်း ပြန်လည်အသုံးပြုရန် အသင့်တော်ဆုံးပစ္စည်းများဖြစ်သည်။

လက်ရှိတွင် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အကောင်းဆုံးနိုင်ငံမှာ ဂျာမနီ ဖြစ်သည်။ ၂၀၁၆ ခုနှစ်မှစ၍ ကမ္ဘာပေါ်တွင် ပြန်လည်အသုံးပြုမှုနှုန်း အမြင့်ဆုံးနိုင်ငံဖြစ်ပြီး ၂၀၂၀ ပြည့်နှစ်အတွင်း ထုတ်လုပ်ခဲ့သော အမှိုက်အားလုံး၏ ၅၆ ဒသမ ၁ ရာခိုင်နှုန်းကို ပြန်လည်အသုံးပြုနိုင်ခဲ့သည်။ ဩစတြီးယားနိုင်ငံက ၅၃ ဒသမ ၈ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံက ၅၃ ဒသမ ၇ ရာခိုင်နှုန်းတို့ဖြင့် အသီးသီးရပ်တည်လျက်ရှိသည်။ တူကီယဲနှင့် ချီလီတို့သည် စွန့်ပစ်ပစ္စည်းစုစုပေါင်း၏ တစ်ရာခိုင်နှုန်းကိုသာ ပြန်လည်အသုံးပြုကြကြောင်း အစီရင်ခံစာအချို့၌ ဖော်ပြထားသည်။ စီမံခန့်ခွဲမှုညံ့ဖျင်းသော စွန့်ပစ်အမှိုက်များသည် ကမ္ဘာ့သမုဒ္ဒရာများကို ညစ်ညမ်းစေခြင်း၊ ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ရေကြီးခြင်း၊ ကူးစက်ရောဂါဖြစ်ပွားခြင်း၊ မီးရှို့မှုကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာ



ကျောက်ဖြူမြို့၌ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းစီမံချက်အရ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၉ ရက်က ပင်လယ်ကမ်းခြေတစ်လျှောက် အမှိုက်ကောက်ပွဲပြုလုပ်စဉ်။

ပြဿနာများ တိုးပွားလာခြင်း၊ အမှိုက်မှန်း မသိလိုက်ဘဲ စားသုံးမိသော တိရစ္ဆာန်များကို အန္တရာယ်ရှိစေခြင်း စသည့်ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။ စွန့်ပစ်ပစ္စည်းများအပေါ် စနစ်တကျ စီမံခန့်ခွဲရေးသည် လူသားအားလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ရာ အများပြည်သူတို့အနေဖြင့်လည်း မိမိတို့နေအိမ်မှ ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှုနှုန်းကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြုပြင်အသုံးပြုခြင်းတို့ကို အလေးထားလုပ်ဆောင်ကြရန် လိုအပ်သည်။

**လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ပါရှိမှုနှုန်း စံချိန်သစ်များပြား**

အမေရိကန်ပြည်ထောင်စု၊ ဥရောပသမဂ္ဂနှင့် ရာသီဥတုပြောင်းလဲမှုဒဏ် ခံစားရလွယ်သည့် ဆင်းရဲနွမ်းပါးသော နိုင်ငံများပါဝင်သည့် အနည်းဆုံး ကမ္ဘာ့နိုင်ငံ ၈၀ တို့က ရုပ်ကြွင်းလောင်စာသုံးစွဲမှု အဆင့်ဆင့် လျှော့ချရပ်ဆိုင်းရေး သဘောတူညီချက် ရယူရေးအတွက် COP 28 ညီလာခံ၌ တောင်းဆိုခဲ့ကြသည်။ မျက်မှောက်ကာလတွင် နိုင်ငံအများအပြားသည် ရေနံ၊ ဓာတ်ငွေ့၊ ကျောက်မီးသွေး စသည့်ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုလွန်းသဖြင့် လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ပါရှိမှုနှုန်း စံချိန်သစ်များပြားလာသည်။ ပျမ်းမျှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများသည် စက္ကန့်တိုင်းတွင် တန်ချိန် ၁၇၀၀ ခန့်ဖြင့် ၎င်းနှင့် ပမာဏတူ အခြားဓာတ်ငွေ့များကို ထုတ်လွှတ်နေပြီး ရုပ်ကြွင်းလောင်စာ အသုံးပြုမှု အများဆုံးနိုင်ငံများမှာ အစဉ်လိုက်အားဖြင့် တရုတ်၊ အမေရိကန်၊ အိန္ဒိယ၊ ရုရှား၊ ဂျပန်၊ ကနေဒါ၊ ဂျာမနီနှင့် အီရန်တို့ ဖြစ်သည်။ စွမ်းအင်နှင့် သန့်စင်သော လေထုဆိုင်ရာ သုတေသနစင်တာ (CREA)နှင့် Greenpeace ၏ အရှေ့တောင်အာရှဆိုင်ရာအဖွဲ့တို့၏ ၂၀၂၀ ပြည့်နှစ် နှစ်ဆန်းက ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ ရုပ်ကြွင်းလောင်စာများကြောင့် ကမ္ဘာတစ်ဝန်းဖြစ်ပွားရသည့် လေထုညစ်ညမ်းမှု တစ်ခုတည်းကြောင့် တစ်နေ့လျှင် ဒေါ်လာ ရှစ်ဘီလီယံ သို့မဟုတ် ကမ္ဘာ့စီးပွားရေးထုတ်လုပ်မှု၏ အကြမ်းဖျင်း သုံးရာခိုင်နှုန်းအထိ ဆုံးရှုံးခဲ့ကြောင်း သိရသည်။ ယင်းလောင်စာ လောင်ကျွမ်းမှုများမှ ထွက်ပေါ်လာသည့် အမှုန်အမွှားများကြောင့် နှစ်စဉ် အချိန်မတိုင်မီ သေဆုံးသူအရေအတွက်သည် တရုတ်တွင် ၁ ဒသမ ၈ သန်း၊ အိန္ဒိယတွင် တစ်သန်း အပါအဝင် ကမ္ဘာတစ်ဝန်း သေဆုံးသူစုစုပေါင်း ၄ ဒသမ ၅ သန်းရှိကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂအနေဖြင့် ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချနိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် အကောင်အထည်ဖော်နေသော်လည်း ဖွံ့ဖြိုးပြီးနိုင်ငံအချို့၏ စီးပွားရေးလောဘကြောင့် ကောင်းမွန်သည့် ရလဒ်များ ထွက်ပေါ်လာရန် အလှမ်းဝေးနေဆဲဖြစ်သည်။ COP 28 ညီလာခံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုမြှင့်တင်ရေးကို ရုပ်ကြွင်းလောင်စာ အသုံးပြုမှု အများဆုံးနိုင်ငံအချို့က အလေးပေး ထောက်ခံလင့်ကစား ရုပ်ကြွင်းလောင်စာသုံးစွဲမှု လျှော့ချရပ်ဆိုင်းရေး တောင်းဆိုချက်ကိုမူ အတိအလင်း ထောက်ခံခြင်းမရှိပေ။ တစ်နေ့တခြား ယိုယွင်းပျက်စီးနေသောကမ္ဘာကြီး ရေရှည်တည်တံ့ရေးအတွက် လုပ်ဆောင်ရန်မှာ သဘာဝပတ်ဝန်းကျင်

> ❝ **စီမံခန့်ခွဲမှုညံ့ဖျင်းသော စွန့်ပစ်အမှိုက်များသည် ကမ္ဘာ့သမုဒ္ဒရာများကို ညစ်ညမ်းစေခြင်း၊ ရေမြောင်းများ ပိတ်ဆို့ခြင်း၊ ရေကြီးခြင်း၊ ကူးစက်ရောဂါဖြစ်ပွားခြင်း၊ မီးရှို့မှုကြောင့် အသက်ရှုလမ်းကြောင်းဆိုင်ရာပြဿနာများ တိုးပွားလာခြင်း၊ အမှိုက်မှန်းမသိလိုက်ဘဲစားသုံးမိသော တိရစ္ဆာန်များကို အန္တရာယ်ရှိစေခြင်းစသည့် ဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သည်။ စွန့်ပစ်ပစ္စည်းများအပေါ် စနစ်တကျ စီမံခန့်ခွဲရေးသည် လူသားအားလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ရာ အများပြည်သူတို့အနေဖြင့်လည်း မိမိတို့နေအိမ်မှထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှုနှုန်းကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြုပြင်အသုံးပြုခြင်းတို့ကို အလေးထားလုပ်ဆောင်ကြရန်လိုအပ်** ❞

ကို ထိန်းသိမ်းစောင့်ရှောက်ရန်မှတစ်ပါး အခြားမရှိပေ။ ကမ္ဘာ့နိုင်ငံများအားလုံးနီးပါး လက်ခံထားသော ပဲရစ်သဘောတူညီချက်အရ စက်မှုခေတ်မတိုင်မီကရှိခဲ့သော ကမ္ဘာ့အပူချိန်ထက် ၂ ဒီဂရီ မကျော်လွန်စေရေးနှင့် ကမ္ဘာ့အပူချိန်ကို ၁ ဒသမ ၅ ဒီဂရီထက် ပို၍မမြင့်တက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်မှာ ရုပ်ကြွင်းလောင်စာများကို လျှော့ချ၍ ပြန်ပြည့်မြဲစွမ်းအင်များကို တိုးတက်ထုတ်လုပ်ရေးပင် ဖြစ်သည်။

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှု ထိပ်သီးညီလာခံ (COP 28) တွင် ရုပ်ကြွင်းလောင်စာသုံးစွဲမှု အဆင့်ဆင့် လျှော့ချရပ်ဆိုင်းရေးနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများအကြား အငြင်းပွားခဲ့ကြသည်။ အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး) တွင် ကျင်းပပြီးစီးခဲ့သော ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထိပ်သီးညီလာခံ (COP 28) ၌ သီတင်းနှစ်ပတ်ကြာ အကြိတ်အနယ် ဆွေးနွေးခဲ့ပြီးနောက် ရာသီဥတုပြောင်းလဲမှုပြဿနာ၏ အဆိုးရွားဆုံးအကျိုးဆက်များကို ရှောင်လွှဲနိုင်ရေးအတွက် ရုပ်ကြွင်းလောင်စာသုံးစွဲမှု စတင်လျှော့ချရေး သဘောတူညီချက်ကို ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ နီးပါးမှ ကိုယ်စားလှယ်များက ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ၂၀၃၀ ပြည့်နှစ်အရောက်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအရ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စက် တပ်ဆင်အင်အားကို သုံးဆအထိ မြှင့်တင်ရန်အတွက်လည်း လုပ်ငန်းစဉ်ချမှတ်နိုင်ခဲ့သည်။

**ရေနံထုတ်လုပ်တင်ပို့သူ နိုင်ငံများအသင်း (အိုပက်)၏ ပြင်းထန်သောကန့်ကွက်မှုနှင့် ရင်ဆိုင်ခဲ့ရ**

COP 28 သဘောတူညီချက် လက်မှတ်ရေးထိုးထားသော နိုင်ငံများအနေဖြင့် အမျိုးသားရေးမူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့မှတစ်ဆင့် သဘောတူညီချက်ကို အကောင်အထည်ဖော်ရမည်ဖြစ်သည်။ ညီလာခံတွင် ရေနံသုံးစွဲမှုကို အဆင့်ဆင့် လျှော့ချရေးအတွက် ခိုင်မာပြင်းထန်သော ဝေါဟာရများ အသုံးပြုရန် နိုင်ငံပေါင်း ၁၀၀ ကျော်တို့က ခက်ခက်ခဲခဲ ကြိုးပမ်းခဲ့ကြသော်လည်း ဆော်ဒီအာရေဗျ ဦးဆောင်သော ရေနံထုတ်လုပ်တင်ပို့သူ နိုင်ငံများအသင်း (အိုပက်)၏ ပြင်းထန်သော ကန့်ကွက်မှုနှင့် ရင်ဆိုင်ခဲ့ရသည်။ သို့သော်လည်း ညီလာခံတွင်ရရှိခဲ့သော သဘောတူညီချက်သည် တစ်ချိန်ချိန်တွင် ရေနံခေတ် နိဂုံးချုပ်သွားနိုင်မှုကို ပြသနေသော ပထမဆုံး ရာသီဥတုပြောင်းလဲမှုဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်ဖြစ်၍ ကြိုဆိုရမည့်ကိစ္စဖြစ်သည်။

ကမ္ဘာကြီးတွင် လူဦးရေတိုးပွားလာသည်နှင့်အမျှ စက်ရုံ၊ အလုပ်ရုံများနှင့် ယာဉ်ယန္တရားများမှစွန့်ထုတ်သော အခိုးအငွေ့များကြောင့် ကမ္ဘာ့ရေထု၊ မြေထုနှင့် လေထုတို့အားလုံး ညစ်ညမ်းလျက်ရှိသည်။ ရုပ်ကြွင်းလောင်စာများကို လွန်ကဲစွာမှီခိုအသုံးပြုမှုကြောင့် ဖန်လုံအိမ်အာနိသင်ရှိ ဓာတ်ငွေ့များထွက်ရှိကာ ကမ္ဘာ့အပူချိန်ကို မြင့်တက်စေလျက်ရှိသည်။ ရေရှည်တည်တံ့ခိုင်မာမှုမရှိသည့် သစ်တောစီမံခန့်ခွဲမှု အလေ့အထများကြောင့် နေရာဒေသအနှံ့အပြားတွင် သဘာဝဘေးအန္တရာယ်များနှင့် ကြုံတွေ့နေရပြီး ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များ ယိုယွင်းပျက်စီးလျက်ရှိသည်။ ကမ္ဘာကြီးသည် ရာသီဥတုပြောင်းလဲမှုကို စိတ်ပျက်အားလျော့ဖွယ်ရာ အနေအထားဖြင့် ခုခံနေရသည်။

စာမျက်နှာ ၁၆ သို့ ✻

# ဟသ်ာတမြို့နယ်တွင် တောင်သူများသို့ နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ



ဟသ်ာတ ဇန်နဝါရီ ၇

ဧရာဝတီ တိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းနှမ်း ကေပြည့်မီရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ရုံးချုပ် နေကြာ စိုက်ပျိုးရေး ပညာရှင်များမှ ဟသ်ာတခရိုင်အတွင်းရှိ ဝန်ထမ်းများနှင့် တောင်သူများသို့ နည်းပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီတွင် ဟသ်ာတမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့် ကြီးကြပ်မှုလုပ်ငန်း အကောင်အထည် ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းက အဖွင့်အမှာစကား ပြောကြားရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသော်ဇင်မောင်က ဟသ်ာတခရိုင်အတွင်းရှိ ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်တို့ရှိ စိုက်ဧကများ၊ ဆောင်းသီးနှံနေကြာ လျာထားစိုက်ပျိုးထားရှိမှုများနှင့် ယနေ့ဆွေးနွေးပွဲနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)သီးနှံကာကွယ်ရေး ဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဒေါ်ခင်ခင်မာလာမြင့်နှင့် စိုက်ပျိုးရေးပညာရှင်များက မိမိတို့ဌာန၏ လက်တွေ့ဆောင်ရွက်နေသော စိုက်ပျိုးရေးနည်းပညာများကို ဆွေးနွေးခဲ့ကြရာ တက်ရောက်လာသော တောင်သူများ၊ စိုက်ပျိုးရေးဌာန ဝန်ထမ်းများက မိမိတို့ လက်ရှိတွေ့ကြုံရသောအခက်အခဲများ၊ စိုက်ကွင်းအတွေ့အကြုံများကို အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါဆွေးနွေးပွဲအခမ်းအနားသို့ ဟသ်ာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်များမှ စိုက်ပျိုးရေး ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံတောင်သူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## သာစည်မြို့၌ စာစီစာကုံး၊ ကျပန်းစကားပြော၊ ကဗျာရွတ်ပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုများချီးမြှင့်

သာစည် ဇန်နဝါရီ ၇

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ (၇၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ မူလတန်းအဆင့် ကဗျာရွတ်ပြိုင်ပွဲနှင့် အလွတ်တန်း သုံးယောက်တွဲ အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်း၊ ဆုဖလားနှင့် ဆုချီးမြှင့်ငွေများ ဇန်နဝါရီ ၄ ရက်က ပေးအပ်ချီးမြှင့်သည်။

**မြို့နယ်(ပြန်/ဆက်)**

## မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၆၆၄၁၄ ဧက စိုက်ပျိုးပြီးစီး

မုံရွာ ဇန်နဝါရီ ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်းဧက ၆၆၄၀၀ ကျော် စိုက်ပျိုးပြီးဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။



မုံရွာခရိုင်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်း ၆၆၉၉၁ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၆၆၄၁၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မုံရွာခရိုင်မှာ ဆောင်းနှမ်းဧက ၆၆၉၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့အထိ ဧက ၆၆၄၀၀ ကျော်စိုက်ပျိုးပြီးပါပြီ။ ဆက်လက်၍လည်း စိုက်ပျိုးလျက်ရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လည်း ဆောင်ရွက်ပေးပါတယ်" ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောသည်။

မုံရွာခရိုင်တွင် မြို့နယ်အလိုက် ဆောင်းနှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ၁၂၅၅၅ ဧက၊ ချောင်းဦးမြို့နယ်တွင် ၁၅၂၅၇ ဧက၊ ဘုတလင်မြို့နယ်တွင် ၁၃၈၇၅ ဧကနှင့် အရာတော်မြို့နယ်တွင် ၂၄၇၂၇ ဧက စုစုပေါင်း ၆၆၄၁၄ ဧကဖြစ်ကြောင်း၊ လျာထားမှုအနေဖြင့် မုံရွာမြို့နယ်တွင် ဧက ၁၂၇၂၀၊ ချောင်းဦးမြို့နယ်တွင် ဧက ၁၅၆၈၀၊ ဘုတလင်မြို့နယ်တွင် ၁၃၅၉၁ ဧကနှင့် အရာတော်မြို့နယ်တွင် ဧက ၂၅၀၀၀ စုစုပေါင်း ၆၆၉၉၁ ဧက ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပင်းတယမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှု စစ်ဆေး

ပင်းတယ ဇန်နဝါရီ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျားကုန်းကျေးရွာ၌ ကျားကုန်း-ပဲရင်းတောင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းတွင် ဒေသဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးသီဟန်လင်း၊ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် ကျားကုန်းကျေးရွာတွင် အရှည် ၁ မိုင် ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ဒုကိုးလက်မရှိ ကျားကုန်း-ပဲရင်းတောင် ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၂၇ ဒသမ ၄၃၃ သန်းဖြင့် တင်ဒါအောင်မြင်သည့် သော်တာညိုကုမ္ပဏီ၊ ABRD ကုမ္ပဏီ၊ Great 7 Rays ကုမ္ပဏီနှင့် Treasure Inle ကုမ္ပဏီတို့က ဇူလိုင်လစတုတ္ထအပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ကျားကုန်းကျေးရွာနှင့် ပဲရင်းတောင်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများအတွက် များစွာအကျိုးပြုနိုင်ခဲ့ကြောင်း သိရသည်။

၂၂၂

## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းသီးနှံ ဧက ၃၀၅၀ စိုက်ပျိုးပြီးစီး



ပွင့်ဖြူ ဇန်နဝါရီ ၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန်နှင့် စားရေရိက္ခာဖူလုံစေရန်အတွက် ဆောင်းသီးနှံဖူးစားပြောင်း ဧက ၃၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် တစ်မြို့နယ်လုံး ဖူးစားပြောင်းသီးနှံ ၂၀၄၈ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် နိုဝင်ဘာလ ပထမပတ်က စတင်စိုက်ပျိုးကြပြီး ယနေ့အထိ ဖူးစားပြောင်းသီးနှံ ဧက ၃၀၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်၍ သတ်မှတ်လျာထားဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ သီးနှံအလိုက် လျာထားဧကတွေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက်ဒေသတွင်းရှိ တောင်သူတွေကို လိုအပ်တဲ့ ဆောင်းသီးနှံ စိုက်ပျိုးရေး နည်းစနစ်များနဲ့ သွင်းအားစုပစ္စည်း စနစ်တကျ သုံးစွဲရေးနည်းလမ်းတွေကို အသိပညာပေး ဆောင်ရွက်ပေးသလို သီးနှံအထွက်နှုန်းတွေ ပန်းတိုင်အထွက်နှုန်းရရှိရေး အတွက် မျိုးကောင်း မျိုးသန့်များ ရွေးချယ်စိုက်ပျိုးကြဖို့ လိုအပ်တာတွေ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးထားပါတယ်။ အခိက စိုက်ပျိုးတဲ့ ဆောင်းသီးနှံတွေက ဖူးစားပြောင်း၊ ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း၊ ပဲမျိုးစုံသီးနှံမှာဆိုရင် ကုလားပဲ၊ မတ်ပဲ၊ ပဲကြီး၊ ပဲယဉ်း၊ ပဲကြား၊ ထောပတ်ပဲ၊ စားတော်ပဲ၊ ပဲလွမ်း၊ ပဲနောက် စတဲ့သီးနှံတွေကို စိုက်ပျိုးကြပါတယ်။ ဖူးစားပြောင်းသီးနှံက လက်ရှိမှာ ယခင်နှစ်ကထက် ဈေးကောင်းရရှိနေလို့ စိုက်ပျိုးတောင်သူတွေ လုပ်ငန်းအဆင်ပြေကြမယ်လို့ မျှော်လင့်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် ဖူးစားပြောင်းသီးနှံစိုက်ပျိုးခြင်းကို မိုးရာသီနှင့် ဆောင်းရာသီတွင် အားထားစိုက်ပျိုးလုပ်ကိုင်ကြပြီး စိုက်ပျိုးရေ အဆင်ပြေမှုကြောင့် ဖူးစားပြောင်းသီးနှံစိုက်ပျိုးရေးလုပ်ငန်းမှာ အောင်မြင်ဖြစ်ထွန်းမှုရှိပြီး တစ်ဧကလျှင် သီးနှံစိုက်ပျိုးစရိတ် အရင်းအနှီး ငွေကျပ် သုံးသိန်းမှ လေးသိန်းခန့်အထိ ကုန်ကျမှုရှိကာ သီးနှံဝင်ငွေအနေဖြင့် သီးနှံအထွက်နှုန်းအပေါ် မူတည်ပြီး တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းကျော်ခန့် အကျိုး အမြတ်ရရှိသဖြင့် ဒေသခံတောင်သူများက ဖူးစားပြောင်းသီးနှံစိုက်ပျိုးရေးကို နှစ်စဉ်အားထားစိုက်ပျိုးကြကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချီ

ရန်ကုန် ဇန်နဝါရီ ၇

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန် စာအုပ်အသင်းက စာပေဗိမာန်စာမူဆု၊ စာပဒေသာ ပထမဆုရ မောင်ယဉ်လှိုင်း(ပျဉ်းမမြိုင်) ရေးသားသည့် "ရေးမြို့ဟောင်းများသမိုင်းခြေရာခံ ခရီးသွားလေ့လာရေးဆောင်းပါးများ" စာအုပ်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များထံသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၈/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၈/၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ့လက်ဖက်ထုတ်ကုန်တစ်ခုအတွက် အောင်မြင်မှုလမ်းစ

**တရုတ်နိုင်ငံ ရှင်ကျန်းမြို့၌ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ လက်ဖက်ပြပွဲ Global Tea Fair Shenzhen (Autumn) 2023 တွင် မြန်မာ့လက်ဖက်မှာ အထူးရွှေတံဆိပ်ဆု ရရှိခဲ့ပါသည်။ အဆိုပါပြပွဲကို တရုတ်နိုင်ငံ ရှင်ကျန်းမြို့တွင် ဒီဇင်ဘာလ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျင်းပခြင်းဖြစ်ရာ မြန်မာနိုင်ငံက ပါဝင်ပြသသည့် မန္တလေးမြို့မှ TGT Tea ၏ Jade Leaf လက်ဖက်က အထူးရွှေတံဆိပ်ဆုရရှိခဲ့ကြောင်း မြန်မာနိုင်ငံ လက်ဖက်အသင်းက ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ ယခုဆုမှာ TGT Tea ၏ Jade Leaf လက်ဖက်ခြောက်အနေဖြင့် သုံးကြိမ်မြောက် ရွှေတံဆိပ်ဆုရရှိခြင်းဖြစ်ကာ ယခုနှစ်တွင် ထူးခြားစွာ "အထူးရွှေတံဆိပ်ဆု" ရရှိခဲ့ခြင်းဖြစ်ပြီး ကြယ်ငါးလုံးနှင့် ညီမျှသည့်ဆုကို ရရှိခဲ့ခြင်းဖြစ်ပါသည်။**

တင်ထက်ထက်ဇော်




တရုတ်နိုင်ငံ ရှင်ကျန်းမြို့၌ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ လက်ဖက်ပြပွဲတွင် မြန်မာနိုင်ငံမှ TGT Tea Co.,Ltd. ၏ လက်ဖက်ခြောက်ထုတ်ကုန်က အထူးရွှေတံဆိပ်ဆု ဆွတ်ခူးစဉ်။

ပြပွဲတွင် ကျင်းပသည့် Shenzhen Exhibition & Convention Centre, Shenzhen Guangdong သည် တရုတ်နိုင်ငံတွင် အကြီးဆုံးလက်ဖက်ခြောက်ဈေးကွက်နှင့် လက်ဖက်ရောင်းဝယ်ရေးစင်တာဖြစ်ပြီး ရှင်ကျန်းမြို့သည် အပြိုင်အဆိုင်အရှိဆုံးနှင့် စီးပွားရေးအချက်အချာအကျဆုံးနေရာတစ်ခုဖြစ်ကာ ကွမ်တုံ-ဟောင်ကောင်-မကာအို Greater Bay Area ၏ လက်ဖက်ဖြန့်ဖြူးရေးစင်တာလည်းဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ လက်ဖက်ပြပွဲ Global Tea Fair Shenzhen (Autumn) 2023 တွင် နိုင်ငံအသီးသီးမှ ပြခန်းပေါင်း ၄၇၀၀ ကျော် ပါဝင်ပြသကြကာ အဆိုပါပြပွဲတွင် မြန်မာနိုင်ငံက Bio-trade Project ၏ အကူအညီဖြင့် မြန်မာ့လက်ဖက်နှင့် ပတ်သက်၍ ပုံစံမျိုးစုံကို ပြခန်းပေါင်း ခုနစ်ခန်းဖြင့် ပါဝင်ပြသခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အထူးပြပွဲတစ်ခုအဖြစ် မြန်မာ့လက်ဖက်အစိုကို တိုင်းရင်းသားဝတ်စုံများဝတ်ဆင်ပြီး ပြပွဲလာဧည့်သည်များ အမြည်းစားသုံးနိုင်ရန် ထုတ်ဖော်ပြသခွင့် ရရှိခဲ့သည်။

အထူးသဖြင့် ကမ္ဘာလုံးဆိုင်ရာ လက်ဖက်ပြပွဲ Global Tea Fair Shenzhen (Autumn) 2023 သည် ကမ္ဘာ့ထိပ်တန်း လက်ဖက်ရောင်းဝယ်ရေး ပလက်ဖောင်းတစ်ခုအဖြစ် တည်ရှိနေခြင်းဖြစ်သည်။ ယခုနှစ်ပြပွဲတွင် မြန်မာနိုင်ငံအပါအဝင် ဆွစ်ဇာလန်၊ ဩစတြီးယား၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဒူဘိုင်း၊ ရုရှား အပါအဝင် နိုင်ငံနှင့် ဒေသ ၃၂ ခုမှ လက်ဖက်လုပ်ငန်းအသင်းများနှင့် အဖွဲ့အစည်းများက ပါဝင်ပြသခဲ့ခြင်းဖြစ်ရာ ၎င်းတို့အနက် မြန်မာနိုင်ငံက အထူးရွှေတံဆိပ်ဆု ရရှိခဲ့ခြင်းသည် လက်ဖက်ထုတ်ကုန်တစ်ခု အောင်မြင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ပါသည်။

## လက်ဖက်ဒဏ္ဍာရီများ

လက်ဖက်ပင်နှင့်ပတ်သက်၍ အာရှတိုက်တွင် ဒဏ္ဍာရီပုံပြင်များစွာရှိကြရာ ၎င်းတို့အနက် မှတ်မှတ်ရရဖြစ်နေမိသည့် မြန်မာ့လက်ဖက်ဒဏ္ဍာရီ အကြောင်းကို တင်ပြလိုပါသည်။

မြန်မာတို့၏ သမိုင်းကြောင်းအရမူ အလောင်းစည်သူမင်းကြီးက လက်ဖက်မျိုးစေ့လေးများကို ပေါင်းလောင် (ပလောင်) လူမျိုးများအား ပေးသနား၍ စိုက်ပျိုးရန် အမိန့်ပေးခဲ့သည်ဟု ဆိုပါသည်။ မင်းကြီးလည်း အဆိုပါလက်ဖက်ရွက်နုများကို စားကြည့်ရာ အိပ်မပျော်ဘဲရှိသည်။ ထိုအခါ လက်ဖက်ရွက်ကို လက်ရုံးပေါ်တင်ပြီး လက်နှင့်ဖက်၍ အိပ်စက်ရာ နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ ထိုစဉ်မှစ၍ ထိုအပင်ကို "လက်ဖက်ပင်" ဟု သမုတ်ကြောင်း လီနတ္ထဒီပနီကျမ်းတွင် ညွှန်းဆိုထားပါသည်။

မြန်မာနိုင်ငံတွင် လက်ဖက်အစိုနှင့် အခြောက်ဟူ၍ရှိရာ ထိုနှစ်မျိုးစလုံးကိုပင် သုံးစွဲကြသည်။ အထူးသဖြင့် လက်ဖက်စိုမှာ ရိုးရာအလိုက် ပွဲဝင်သောခဲဖွယ်တစ်ခုဖြစ်သည်သာမက လွှတ်ရုံးများ၏ အဆုံးအဖြတ်များ၌ပင်လျှင် လက်ဖက်စား၍ အမှုပြေငြိမ်းခြင်း၊ လက်ဖက်စား၍ အမှုပြတ်ကင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်လေ့ရှိကြသည်။ ရပ်ရွာအတွင်း၌လည်း ဘာသာရေးပူဇော်ပွဲ၊ နတ်ပူဇော်ပွဲများတွင် လက်ဖက်မပါလျှင် မပြီးသကဲ့သို့ဖြစ်သည်။ မြန်မာ့ရိုးရာအလိုက် ထိမ်းမြားမင်္ဂလာပွဲများအတွက် ဖိတ်ကြားရာဝယ် လက်ဖက်ထုပ်များဖြင့် ဖိတ်ကြားလေ့ရှိခဲ့သည်။ တောင်သူလယ်လုပ်တို့မှာ လက်ဖက်တစ်ရိုး ကွမ်းတစ်ယာပေးပြီးလျှင် သမီးပေးသားယူ ထိမ်းမြားလေ့ရှိကြသည်။

မြန်မာဘုရင်များသည် လက်ဖက်စိုကို အထူးမွန်မြတ်သော အာဟာရတစ်ခုအဖြစ် မှီဝဲသုံးဆောင်လေ့ရှိခြင်းကြောင့် မင်္ဂလာမင်းခမ်းမင်းနားများတွင် လက်ဖက်အိုး၊ လက်ဖက်ခွက်များကို ဘုရင့်အသုံးအဆောင် ပစ္စည်းတစ်ခုအဖြစ်ထား၍ သုံးစွဲခဲ့ကြသည်။ ဆင်းရဲသား၊ လယ်လုပ်၊ ကုန်သည်များအဖို့လည်း လက်ဖက်ကို ဧည့်သည်တည်ခင်းစရာ တစ်ခုအနေဖြင့် သုံးစွဲကြခြင်းကြောင့် အိမ်တိုင်းလိုလိုမှာပင် လက်ဖက်အိုး၊ လက်ဖက်ခွက်များ ထားရှိကြသည်။

## မြန်မာ့လက်ဖက်ပင်

မြန်မာနိုင်ငံတွင် ရှမ်းပြည်မြောက်ပိုင်း တောင်ပိုင်နယ်၊ မိုးမိတ်နယ်နှင့် မိုင်းလုံနယ်များတွင် လက်ဖက်ပင်များကို စိုက်ပျိုးသည်။ မိုးမိတ်နယ်နှင့် မိုင်းလုံနယ်တို့မှထွက်ရှိသော လက်ဖက်ခြောက်၊ လက်ဖက်စိုများကို "အပြင်တောင်" ဟု ခေါ်၍ တောင်ပိုင်နယ် သို့မဟုတ် နမ့်ဆန်နှင့် မိုင်းငေါ့ အပါအဝင် ဒေသများမှ ထွက်သော လက်ဖက်ခြောက်၊ လက်ဖက်စိုတို့ကို "အတွင်းတောင်"ဟု ခေါ်သည်။ နမ့်ဆန်နှင့် မိုင်းငေါ့တို့ဘက်မှ ထွက်ရှိသော လက်ဖက်ခြောက်၊ လက်ဖက်စိုများမှာ အရည်အသွေးကောင်းသည့်အလျောက် လူကြိုက်လည်းများသည်။ ထိုဒေသ၌ လက်ဖက်လည်း အများဆုံးထွက်၍ နယ်လည်း အကျယ်ဆုံးဖြစ်ပါသည်။ လက်ဖက်ပင် ရွက်သစ်နုချိန်မှာ နှစ်စဉ်တန်ခူးလဆန်းစအခါ၌ဖြစ်စေ၊ သင်္ကြန်ရက်မတိုင်မီ၌ဖြစ်စေ အနည်းအကျဉ်းသာနု၍ သင်္ကြန်ရက်အတွင်း သင်္ကြန်မိုးရွာချပြီးနောက် အပင်တိုင်း၌ ဝေဝေဆာအောင် ရွက်နုများ ထလာကြသည်။

ကရင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင်လည်း လက်ဖက်ထွက်ရှိပါသည်။ လက်ဖက်စိုက်ခင်းများကို လှေကားထစ်စိုက်ခင်းအဖြစ် တောင်ခါးပန်းများတွင် စိုက်ပျိုးလေ့ရှိကြသည်။ အပင်ငယ်မျိုးဖြစ်၍ အမြဲထာဝရစိမ်းလန်းစိုပြည်နေပြီး မပြုပြင်ဘဲထားရှိပါက ပေ ၃၀ အထိ မြင့်မားသောအပင်များကိုလည်း တွေ့ရတတ်ပါသည်။ သို့သော် လက်ဖက်ရွက်ကို ဆွတ်ခူးသူအများစုမှာ အမျိုးသမီးများနှင့် လူငယ်များဖြစ်ကြ၍ ဆွတ်ခူးရလွယ်ကူစေရန်အတွက် အပင်ကို အလွန်ဆုံး ငါးပေခန့်အထိသာ အမြင့်ထားကြပါသည်။

## လေဓာတ်အားပေးသော လက်ဖက်ရွက်

မြန်မာသက္ကရာဇ် ၁၁၆၂ ခုနှစ်တွင် သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ)မှ ရဟန်းသံဃာတော်များသည် အမရပူရမြို့တော်သို့ ကြွလာကြသည်။ ထိုအခါ လက်ဖက်ကိုပြ၍ မေးမြန်းလျှောက်ထားကြည့်ရာ "ဝတဝဓုန" ဟု ခေါ်ဆိုကြောင်း မိန့်တော်မူလေသည်။ အဓိပ္ပာယ်မှာ "လေကိုပွားစေသောအရွက်" ဟု မိန့်ဆိုခြင်းဖြစ်ပါသည်။ ထို့ကြောင့် လက်ဖက်ကို (၁) နီလဗီဇံ၊ (၂) သေသဇံ၊ (၃) ဝါတဝဓုနံ ဟု ပါဠိလို ခေါ်ဆိုကြောင်း လေ့လာမှတ်သားရပါသည်။

## လေဓာတ်၏ အရေးပါပုံ

ကျန်းမာသောလူတစ်ယောက်ဖြစ်စေရန်အတွက် သွေးအားသည် အဓိကကျသလို လေအားက ပို၍ပဓာနကျပါသည်။ အဘယ်ကြောင့်ဆိုသော် လေအား၏ တွန်းပို့မှုကြောင့် သွေးများလှုပ်ရှားသွားလာနိုင်ပါမည်။ သွေးလေလှုပ်ရှားပါမှ စိတ်ရောကိုယ်ပါ ကျန်းမာနိုင်ပါလိမ့်မည်။ လက်ဖက်ရွက်က လေအားကောင်းစေသော အရွက်တစ်မျိုးဖြစ်သည့်အတွက် လူကို ကျန်းမာစေပါသည်။

တစ်နည်းဆိုရလျှင် လူ့ခန္ဓာကိုယ်ကို ပထဝီ(အစိုင်အခဲ)၊ တေဇော(အပူ)၊ အာပေါ(အရည်)၊ ဝါယော (လေ) ဟူသည့် ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါသည်။ လက်ဖက်၏ ရုက္ခမူလ သဘောသဘာဝမှာ ပထဝီဓာတ်အားကောင်းစေမည့် အဆိမ့်အရသာ၊ အာပေါဓာတ်အားကောင်းစေမည့် အဖန်အရသာနှင့် ဝါယောဓာတ်အားကောင်းစေမည့် အခါးအရသာ စသည့် "ဆိမ့်၊ ဖန်၊ ခါး" ရသာသုံးမျိုးကို လက်ဖက်က တစ်ပြိုင်တည်း ပေးစွမ်းနိုင်ပါသည်။ အထူးသဖြင့် လက်ဖက်တွင် အဖန်နှင့်အခါးတို့ဦးဆောင်နေကြသည်။ ထို့ကြောင့် လက်ဖက်စားခြင်းက သွေးလေလည်ပတ်စေပြီး ကျန်းမာရေးကို အထောက်အကူဖြစ်စေပါသည်။

## သက်ကြီးတို့အတွက် လက်ဖက်ရွက်

လူသားတို့၏ ဇီဝဖြစ်စဉ်သည် ဇရာအရွယ်သို့ ရောက်လာသည်နှင့်အမျှ သွေးအား၊ လေအားများ ဆုတ်ယုတ်သွားသည်။ အသက်ရလာလေ ခံတွင်းပျက်လေဖြစ်ကာ မစားချင် မသောက်ချင်ဖြစ်တတ်ကြသည်။ ငယ်စဉ်က ခုံခုံမင်မင်ကြိုက်နှစ်သက်ခဲ့သော အစားအသောက်တို့ကို ခံတွင်းမတွေ့နိုင်တော့ဘဲ အရသာသစ်ကို အာသီသရှိလာကြသည်။ ရသာခြောက်ပါးအနက် ဖန်၊ ခါး၊ ဆိမ့် သုံးမျိုးသည် သက်ကြီးရွယ်အိုများ၏ သည်းခြေကြိုက်ဖြစ်သည်။ ထိုရသာသုံးမျိုးကို လက်ဖက်တွင် လုံလောက်စွာရရှိနိုင်သဖြင့် "အသက်ကြီးလျှင် လက်ဖက်အုပ်ကိုပြင်"ဟူသောစကားပုံက အထင်အရှားရှိပါသည်။ ကျန်းမာရေးရှုထောင့်အရ ကြည့်လျှင်လည်း သွေးလေဆုတ်ယုတ်လာသော ဇရာအရွယ်မှာ သွေးလေပွားစေမည့် လက်ဖက်က ဓာတ်စာဖြစ်ပေသည်။

သို့သော် "တန်လျှင်ဆေး၊ လွန်လျှင်ဘေး" ဖြစ်တတ်ပေရာ လက်ဖက်ကို နမ်းဆီစစ်စစ်ဖြင့် စားပေးသင့်ပါသည်။ နမ်းဆီ၏ သဘောသဘာဝက ပူ၊ ခါး၊ ဆိမ့်အရသာဖြစ်ရာ အပူဟူသောတေဇောဓာတ်ဖြင့် သွေးလေကြွယ်သောလက်ဖက်ကို ထိန်းအုပ်ပေးနိုင်ပါသည်။ ထို့ပြင် နမ်းဆီဖြင့် လက်ဖက်သုပ်စားခြင်းက အရသာလည်း ပိုရှိကာ သက်ကြီးပိုင်းတွင် ဖြစ်လေ့ရှိသော နှုတ်မမြိန် (ခံတွင်းမလိုက်ခြင်း)၊ အသံတုန်ခြင်း၊ parkinson's disease (ခေါ်) အသက်ကြီး၍ လေအားနည်းကာ ခြေတုန်လက်တုန်ဖြစ်ခြင်း၊ အစာနင်ခြင်း၊ ကြို့ထိုးခြင်း စသည်တို့ကို လျော့ပါးသက်သာစေပါသည်။

စာမျက်နှာ ၁၉ သို့ ❍

**❝ ကမ္ဘာလုံးဆိုင်ရာ လက်ဖက်ပြပွဲ Global Tea Fair Shenzhen (Autumn)2023 သည် ကမ္ဘာ့ထိပ်တန်း လက်ဖက်ရောင်းဝယ်ရေး ပလက်ဖောင်းတစ်ခုအဖြစ် တည်ရှိနေခြင်းဖြစ်သည်။ ယခုနှစ်ပြပွဲတွင် မြန်မာနိုင်ငံအပါအဝင် ဆွစ်ဇာလန်၊ ဩစတြီးယား၊ ဩစတြေးလျ၊ နယူးဇီလန်၊ ဒူဘိုင်း၊ ရုရှား အပါအဝင် နိုင်ငံနှင့် ဒေသ ၃၂ ခုမှ လက်ဖက်လုပ်ငန်းအသင်းများနှင့် အဖွဲ့အစည်းများက ပါဝင်ပြသခဲ့ခြင်းဖြစ်ရာ ၎င်းတို့အနက် မြန်မာနိုင်ငံက အထူးရွှေတံဆိပ်ဆု ရရှိခဲ့ခြင်းသည် လက်ဖက်ထုတ်ကုန်တစ်ခု အောင်မြင်မှုအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ် ❞**

# လှိုင်းဘွဲမြို့နယ်၌ ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**လှိုင်းဘွဲ ဇန်နဝါရီ ၇**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် လှိုင်းဘွဲမြို့(က)ရပ်ကွက် ဘားအံလမ်းရှိ လှိုင်းဘွဲပန်းခြံရှေ့၌ ကျင်းပသည်။

အဆိုပါ ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို အမျိုးသား အသက် ၄၀ အထက် စက်ဘီးစီးပြိုင်ပွဲ၊ အသက် ၄၀ အောက် စက်ဘီးစီးပြိုင်ပွဲနှင့် အမျိုးသမီး အလွတ်တန်း စက်ဘီးစီးပြိုင်ပွဲတို့ဖြင့် ယနေ့နံနက် ၇ နာရီခွဲတွင် လှိုင်းဘွဲမြို့(က)ရပ်ကွက် ဘားအံလမ်းရှိ လှိုင်းဘွဲပန်းခြံရှေ့၌ စတင်ကာ အပျိုကြီးကုန်းကျေးရွာ၊ ကွမ်ဘီကျေးရွာ၊ ပိန္နဲတောကျေးရွာနှင့် ကြာအင်းကျေးရွာအထိ၊ ကြာအင်းကျေးရွာမှလှိုင်းဘွဲမြို့အထိ ယှဉ်ပြိုင်ခဲ့ကြပြီး မော်လမြိုင်၊ ထားဝယ်၊ ဘားအံ၊ မုတ္တမ၊ ကျိုက်မရော၊ ပေါင်၊ လှိုင်းဘွဲမြို့နယ်များမှ စက်ဘီးစီးအားကစားသမား စုစုပေါင်း ၁၃၀ လာရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို လှိုင်းဘွဲမြို့ပန်းခြံရှေ့၌ ကျင်းပရာ စစ်ဗျူဟာအဖွဲ့(အခြေချ) လှိုင်းဘွဲ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး စိုးမင်းအောင်၊ ကရင်ပြည်နယ် အားကစားနှင့် ကာယပညာဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် (၂) ဦးမြတ်စိမ်းတို့က အမျိုးသား အသက် ၄၀အထက် စက်ဘီးစီးပြိုင်ပွဲ၊ အသက် ၄၀ အောက် စက်ဘီးစီးပြိုင်ပွဲနှင့် အမျိုးသမီး အလွတ်တန်းစက်ဘီးစီး ပြိုင်ပွဲတို့မှ ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိသော အားကစားသမား များအား ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# သတိပြုစရာမျောက်ကျောက်ရောဂါ

**စိုးသူရ**

ယနေ့ ကမ္ဘာပေါ်တွင် ကူးစက်ရောဂါတစ်မျိုးဖြစ်သည့် မျောက်ကျောက်ရောဂါကူးစက်မှုများကို တွေ့ရှိနေရသည်။ ကမ္ဘာတစ်ဝန်းလက်ရှိအချိန်၌ ရောဂါကူးစက်ခံရသည်ဟု သံသယလူနာ ၁၃၀၀၀ နှင့် ရောဂါကြောင့် သေဆုံးသူ ၆၀၀ ကျော်ရှိခဲ့ပြီဖြစ်သဖြင့် လက်ရှိ အခြေအနေမှာ စိုးရိမ်နေရဆဲအခြေအနေတွင်ရှိသည်။

မျောက်ကျောက်ရောဂါသည် ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသည့်တိရစ္ဆာန်များမှ လူသားများထံသို့ ကူးစက်နိုင်သည့်ရောဂါဖြစ်သည်။ ၎င်းဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူ သက်ရှိတစ်ဦးဦး၏ ကိုယ်ခန္ဓာမှ ထွက်ရှိသည့်အရည်များနှင့် အသက်ရှူရှိုက်ရာမှ လေထုထဲတွင်ပါလာသည့် အမှုန်အမွှားများမှတစ်ဆင့်လည်းကူးစက်နိုင်သည်။ အာဖရိကဒေသမှ စတင်ကူးစက်လာသည့် ၎င်းရောဂါသည် အာဖရိကဒေသမှ အခြားကမ္ဘာ့နိုင်ငံများသို့ပါ ကူးစက်ပျံ့နှံ့လာသဖြင့် ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက်မှ ၂၀၂၃ ခုနှစ် မေလ ၁၁ ရက်အထိ ကာလအား အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေကာလအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကြေညာခဲ့ရသည်။

အာဖရိကဒေသ အလယ်ပိုင်းနှင့်အနောက်ပိုင်းရှိ အပူပိုင်းမိုးသစ်တောများမှ စတင်ပြန့်ပွားခဲ့သည့် မျောက်ကျောက်ရောဂါ ဗိုင်းရပ်စ်ပိုးအား ၁၉၅၈ ခုနှစ်တွင် အတည်ပြုတွေ့ရှိခဲ့ပြီး ကွန်ဂိုနိုင်ငံတွင် ၁၉၇၀ ပြည့်နှစ်၌ ကူးစက်မှုကို တွေ့ရှိခဲ့သည်။



ရောဂါကူးစက်ခံရသူများသည် ရောဂါကူးစက်ပြီး သီတင်းပတ်အနည်းငယ်အကြာတွင် ကျန်းမာရေးပြန်လည်ကောင်းလာသော်လည်း မျောက်ကျောက်ရောဂါကူးစက်ခံရသည့် မွေးကင်းစကလေးငယ်များနှင့် ကလေးများအသက်သေဆုံးရသည့် ဖြစ်စဉ်များလည်းရှိခဲ့သည်။ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူများတွင် အရေပြားပြဿနာများ၊ အဆုတ်အအေးမိခြင်းနှင့် စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ မျက်စိအမြင်အာရုံဆိုင်ရာရောဂါများ ဖြစ်ပွားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

လက်ရှိအချိန်တွင် ယခင်က မျောက်ကျောက်ရောဂါကူးစက်မှုမတွေ့ရှိခဲ့ရသည့် ကမ္ဘာ့နိုင်ငံများတွင် ရောဂါကူးစက်မှုများ တွေ့ရှိလာနေရသဖြင့် စိုးရိမ်ပူပန်ကြောင်း ကူးစက်ရောဂါဆိုင်ရာကျွမ်းကျင်သူများက ပြောကြားသည်။ ရောဂါကူးစက်မှုများသည် ယမန်နှစ် ဇွန်လနှောင်းပိုင်းမှ ဇူလိုင်အစောပိုင်းကာလအတွင်း ၇၇ ရာခိုင်နှုန်းအထိ သိသိသာသာ မြင့်တက်လာခဲ့ပြီး ရောဂါကူးစက်ခံရသူများမှာ လိင်တူဆက်ဆံသည့် အမျိုးသားများဖြစ်ကြောင်း သိရသည်။ မျက်မှောက်ခေတ်ကာလတွင် ဘဏ္ဍာရေးဆိုင်ရာပြဿနာများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာဖြစ်စဉ်များ၊ စားရေရိက္ခာမလုံလောက်မှုနှင့် လက်နက်ကိုင်ပဋိပက္ခများအများအပြားဖြစ်ပွားနေချိန်တွင် မျောက်ကျောက်ရောဂါ ကူးစက်မှုကလည်း အန္တရာယ်ပေးနိုင်သည့် ကူးစက်ရောဂါအဖြစ် ကမ္ဘာ့ဒေသများတွင်ပျံ့နှံ့နေပြီး ၎င်းရောဂါကူးစက်မှုသည် ၂၁ ရာစု လူသားမျိုးနွယ်အတွက် စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်လာနေသည်။ ကမ္ဘာ့လူသားများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ကျော်လွှားသကဲ့သို့ မျောက်ကျောက်ရောဂါဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းရာတွင်လည်း စည်းလုံးညီညွတ်ရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင်လည်း မျောက်ကျောက်ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာခြင်းဖြင့် ၎င်းရောဂါပိုးဆိုင်ရာ မလိုလားအပ်သည့် အကျိုးဆက်များကို လျှော့ချနိုင်မည်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် များပြားသည့်အခက်အခဲများနှင့် စိန်ခေါ်မှုများကို နိုင်ငံများ၏ စုပေါင်းကြိုးပမ်းမှုဖြင့်သာ နောက်ဆုံးတွင် အနိုင်ယူနိုင်မည်ဖြစ်ရာ မျောက်ကျောက်ရောဂါ ကူးစက်မှုကာကွယ်ရေးတွင်လည်း မြန်မာနိုင်ငံသားများက ဆောင်ရန်နှင့်ရှောင်ရန်အချက်များကို တိကျစွာ လိုက်နာရန်လိုအပ်ကြောင်း အကြံပြုရေးသားအပ်ပါသည်။ ။

ကိုးကား – The Global New Light of Myanmar opinion Beware of monkeypox infection among the people

○ စာမျက်နှာ ၁၈ မှ

## လက်ဖက်သုပ်တစ်ပွဲ၏ ကျန်းမာရေးအကျိုးကျေးဇူးများ

ခေတ်အဆက်ဆက် မတိမ်ကောဘဲ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနယ်ပယ်တွင် လက်ဖက်သည် အလွန်အရေးပါ အရာရောက်ပါသည်။ လက်ဖက်အစိုကို ရှေးအခါက နှမ်းဆီနှင့်စိမ်ထားပြီးလျှင် စားသုံးလေ့ရှိကြသည်။ ထိုမှနောက်ခေတ်များတွင် ကြက်သွန်ဖြူကြော်၊ နှမ်းလှော်၊ ပဲလှော် စသော အဆာများဖြင့် ရောနှောသုံးဆောင်လေ့ရှိကြသည်။



လက်ဖက်သုပ်ထဲသို့ တေဇောဓာတ်ကြွယ်ဝသည့် နှမ်းဆီစစ်စစ်နှင့် နှမ်းလှော်ထည့်စားခြင်းက လေကိုနိုင်၍ ဝမ်းမီးတောက်စေပါသည်။ ထို့ပြင် နှမ်း၏အရသာမှာ ဆိမ့်ခြင်း၊ စပ်ခြင်း၊ ခါးခြင်း၊ ငန်ခြင်း၊ ပူခြင်းသဘောရှိ၍ အေးသောလက်ဖက်ကို ကောင်းစွာထိန်းထားနိုင်ပါသည်။ လက်ဖက်ပွဲတွင် မပါမဖြစ်မှာ ကြက်သွန်ဖြူကြော် ဖြစ်ပါသည်။ ၎င်းက စပ်ငန်ချိုဟူသော ရသာသုံးပါးရှိ၍ လက်ဖက်၏ ဖန်ခါးအရသာကို ဖြေလျှော့ပေးပါသည်။ ထို့ပြင် ကြက်သွန်ဖြူက အစာကြေ ဝမ်းမီးအားကောင်းစေပြီး ဆီးကောင်းစေကာ လေသက်ခြင်းကိုလည်း တွန်းအားပေးသဖြင့် ဓာတ်ကြီးလေးပါး မျှတစေပါသည်။ လက်ဖက်စားသည့်အခါ ပဲကြီးကြော်ထည့်စားမှ လက်ဖက်သုပ်၏ ဂုဏ်အင်္ဂါနှင့် ပြည့်စုံစေပါမည်။ မောင်မခေါ်ပဲ (ခေါ်) ပဲကြီးကြော်သည် ဆိမ့်သောအရသာရှိ၍ အတန်ငယ်ပူပါသည်။ ထိုအခါ ဖန်ခါးအေးသဘောသဘာဝရှိသော လက်ဖက်ကို ပဲကြီးကြော်ဖြင့် ထိန်းအုပ်ပေးနိုင်သဖြင့် လေသက်လေလည်စေပါမည်။

ချင်းကို ခပ်ပါးပါးလှီး နုပ်နုပ်စဉ်း၍ ရေထဲတွင် ခေတ္တမျှစိမ်ပြီးနောက် လက်ဖက်သုပ်ထဲ ထည့်စားကြည့်ပါ။ ပူစပ်ပွင့်ရသာဂုဏ်ရှိသော ချင်း၏ အစွမ်းသတ္တိကြောင့် ဓာတ်ကြီးလေးပါး ညီညွတ်မျှတသွားပါသည်။ ထို့ပြင် လက်ဖက်သုပ်များများစားပြီးနောက် မစာမကြေရင်ကြောတင်းမှုကိုလည်း ချင်းအာနိသင်ကြောင့် ပြေပျောက်စေပါသည်။

လက်ဖက်သုပ်ထဲ ရှောက်ရည်ညှစ်ထည့်စားခြင်းက ပြီးပြည့်စုံသောအရသာကို ရရှိစေကာ လေကြေဝမ်းပျော့စေပါမည်။ အချို့က လက်ဖက်သုပ်ထဲ မြေပဲ၊ သီဟိုဠ်စေ့ စသည့် အစေ့အဆန်များကိုလည်း ထည့်စားတတ်ကြသည်။ ၎င်းအခွံမာသီး အစေ့အဆန်များ စားသုံးခြင်းက နှလုံး၊သွေး၊ လေကောင်းစေသလို လက်ဖက်အရသာကိုလည်း ပိုမိုစွဲလမ်းပေါ်လွင်စေသည်။ ပုစွန်ခြောက် သို့မဟုတ် ငါးနီတူခြောက် မိမိနှစ်သက်ရာ အဆင်ပြေသလို ထည့်စားတတ်ကြသည့်အတွက် ပရိတင်းဓာတ် ရရှိနိုင်ပါသည်။

အချုပ်အားဖြင့်ဆိုသော် လက်ဖက်ထွက်ရှိသော နိုင်ငံများစွာ (အထူးသဖြင့် တရုတ်နိုင်ငံအပါအဝင်) ရှိကြသည့်အနက် ကမ္ဘာပေါ်တွင် မြန်မာလူမျိုးများသာ လက်ဖက်သုပ်ကို နှစ်ခြိုက်စွာ စားသုံးလျက်ရှိကြပါသည်။ ထို့ပြင် လက်ဖက်သည် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် အရေးပါအရာရောက်လှသော ခဲဖွယ်တစ်ခုဖြစ်ရုံမျှမက တော်ဝင်အစားအစာလည်း ဖြစ်ပါသည်။

ယခုအခါ တရုတ်နိုင်ငံ ရှင်ကျန်းမြို့၌ ကျင်းပသည့် ကမ္ဘာလုံးဆိုင်ရာ လက်ဖက်ပြပွဲ Global Tea Fair Shenzhen (Autumn) 2023 တွင် မြန်မာ့လက်ဖက်မှာ အထူးရွှေတံဆိပ်ဆုရရှိခဲ့ပြီးဖြစ်ရာ ဂုဏ်ရှိန်ဝင့်လှသည့် မြန်မာ့ရိုးရာဓလေ့ အလှူပွဲအမျိုးမျိုးနှင့် ဒွန်တွဲလေ့ရှိသော မြန်မာ့လက်ဖက်ထုတ်ကုန်တစ်ခုအတွက် အောင်မြင်မှုလမ်းစပင် ဖြစ်ပါသည်။

ကျန်းမာရေးအကျိုးကျေးဇူးများကို ပေးနိုင်သော ဆေးဖက်ဝင်လက်ဖက်စို၊ လက်ဖက်ခြောက်တို့အား ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ကာ နိုင်ငံ့စီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

Sample Questions
(ယခင်တစ်ပတ်မှ အဆက်)
Section (C) Writing

**I.(A) Fill in the blanks with a suitable word form. (5 marks)**

(1) This is the (nation) ____ flag of our country.
(2) We can go (hike) ______ in the mountains.
(3) There is a thick and (shade) __________ forest near our town.
(4) A bicycle is (slow) ______than a motorbike.
(5) They are very (friend) _________to me.

**(B) Supply the correct form of the verb given the brackets. (5 marks)**

(1) (play) I _______with my dog when I have free time.
(2) (go) We ______to the school library yesterday.
(3) (eat) You shouldn't ______a lot of sweets.
(4) (take) She _______ photographs in the garden tomorrow.
(5) (not, cover) He ________ his mouth and nose when he coughs.

**(C) Rearrange the following words in the correct order to make a sentence. (10 marks)**

(1) helps / she / often / her mother / . /
(2) they / like / painting / ? / Do /
(3) are / in / the / ducks / lake / ten / There / . /
(4) you / do / there / What / can / ? /
(5) eggs / are / The / the / basket / in / .

**(D) Make the mind map of <u>your healthy habits.</u> (10 marks)**

____________________________________
____________________________________
____________________________________

**(E) Write about <u>your plan for a day out</u> next weekend, answering the following questions.**

(1) Where will you go for your holiday?
(2) With whom will you go there?
(3) When will you leave for there?
(4) What will you do when you reach there?
(5) When will you come back home?

My plan for a day out

____________________________________

********************

Ans:
Section (C) Writing
I. (A) (1) national (2) hiking (3) shady (4) slower (5) friendly
(B) (1) play (2) went (3) eat (4) will take (5) doesn't cover
(C) (1) She often helps her mother. (2) Do they like painting? (3) There are ten ducks in the lake. (4) What can you do there? (5) The eggs are in the basket.
(D)Make the mind map of your healthy habits.
(1) I always try to stay healthy by following these healthy habits.
(2) To be fit, I exercise regularly and eat fruit and vegetables.
(3) I also drink a glass of milk every day.
(4) To keep myself clean, I wash my hands regularly and wear clean clothes.
(5) To keep everyone safe, I cover my mouth and nose when I cough.
(E) My plan for a day out
Next Sunday, I will go to Inle Lake with my family. First, we will have Shan noodles for breakfast in Nyaung Shwe. Then, we will go to Inle Lake by motorboat. Inle Lake is a natural lake. We will see leg-rowers and floating gardens in Inle. Next, we will visit Nan Pan village. We will have lunch at a floating restaurant. After lunch, I will buy Shan bags for my friends. We will leave Inle Lake in the afternoon and get back home in the evening.

********************

## Grade 6

### Unit 8
### Lesson 1: How much is it?

(ယခင်တစ်ပတ်မှအဆက်)
Speaking
<u>Shopping</u>

**(A) Complete the conversations with the words in the box.**

Dialogue (1)

| do | can | for | much | take |
|---|---|---|---|---|

**Shop assistant:** Hello. Good morning. What _____(1)_____ I help you?
**Buyer:** Hi. I'm looking _____(2)______ crayons. Do you sell them?
**Shop assistant:** Yes, we _____(3)_____. Here you are.
**Buyer:** How _____(4)_____ are they?
**Shop assistant:** That's 3000 kyats.
**Buyer:** OK. I will _____(5)_____ it.
**Shop assistant:** Thanks.

Dialogue (2)

| it | buy | Can | find | show |
|---|---|---|---|---|

**Sales clerk:** Hi. Good morning. _____(1)_____ I help you?
**Buyer:** Hi. I need umbrellas. Where can I _____(2)_____ them?
**Sales clerk:** We have colourful umbrellas and their designs.
**Buyer:** Can you _____(3)_____ me?
Sales clerk: Here you are. What design do you like?
**Buyer:** How much is _____(4)_____?
**Sales clerk:** It is 8500 Ks.
**Buyer:** OK. I will _____(5)_____ it.
**Sales clerk:** Thank you. Come again and bring your friend.

**(B) Look at the shopping lists and buy the things in the shopping list.**

Shopping list for Ko Ko
(1) pencils (1 dozen)
(2) books (3 dozens)
(3) Rulers (2)

<u>At the stationery shop</u>
Shop assistant: Hello. Good morning. Can I help you?
Ko Ko: ____________________________.
____________________________.
____________________________.

Shopping list for Mya Mya
(1) Erasers (2)
(2) Correction pen (1)
(3) Crayons (1 packet)

At the stationery shop
Shop assistant: Hello. Good morning. What are you looking for?
Mya Mya: ____________________________.
____________________________.
____________________________.
____________________________.
____________________________.
____________________________.

****************************

## Grade 7

### Unit 8
### Lesson 1: Little friends can be great friends

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Our dog is very i___________ and seems to understand when we talk to her.
2. A true f________ will last forever.
3. A cat is a tame a_______________.
4. You will get into t_________if you don't stop borrowing money.
5. Ko Gyi shot a d_______ to death when going hunting.

**II. Complete the following sentences with the given words.**

| first | then | next |
|---|---|---|
| after that | finally | |

1. _______________, I go grocery shopping.
2. _______________, I go to the bank to get money to go shopping.
3. _______________, I leave the house for the bank.
4. _______________, I put the groceries away.
5. _______________, I return home.

**III. Supply the correct form of the verbs given in brackets.**

1. (see) I ___ your father on the bus this morning.
2. (search) They ____ for wood in the forest every day.
3. (wait) We _________ for the bus at the bus-stop now.
4. (chase) He ________ the thief and caught him last night.
5. (fight) The two boys ___ over a toy car now.

**IV. Complete the following sentences with the words given below.**

| mouse | deer |
|---|---|
| tortoise | crow |

1. The ____________ runs quickly.
2. The ______________ gnaws things.
3. The ______________ moves slowly.
4. The ______________ caws loudly.

**V. Choose the correct answer.**

1. Farmers pick cherries ___________summer.
(a)in (b) on (c) at
2. My sister's birthday is _______ Thursday.
(a)in (b) on (c) at
3. _____ Father's Day, I will give a nice present to my father.
(a)in (b) on (c) at
4. The football match is _____ 8 o'clock. Shall we watch it together?
(a)in (b) on (c) at
5. I get up early _______ the morning and have a big breakfast.
(a)in (b) on (c) at

******************

Ans:
Unit 8 Lesson 1: Little friends can be great friends
I. 1. intelligent; 2. friend; 3. animal; 4. trouble; 5. deer;
II. 1. Next 2. Then 3. First 4. After that 5. Finally
III. 1. saw; 2. search; 3. are waiting; 4. chased; 5. are fighting;
IV. 1. deer; 2. mouse; 3. tortoise; 4. crow;
V. 1. in; 2. on; 3. on; 4. at; 5. in;

********************

## Grade 8

### Unit 8
### Lesson 1: A weekend at a resort

(ယခင်တစ်ပတ်မှ အဆက်)

**V. Answer the following questions.**

1. What is a resort?
2. What is an island resort?
3. What can you do in an island resort?
4. What is a desert resort?
5. What can you do in a desert resort?
6. What can you do in a beach resort?
7. What is a mountain resort?
8. What can you do in a mountain resort?
9. What is an eco-resort?
10. What can visitors do in an eco-resort?
11. What can visitors do a lake resort?

**VI. Order the following sentences.**

1. want / I / be / to / nurse / a / .
2. He / be / a / wants / to / doctor / . /
3. don't / want / to / I / be / electrician / an / . /
4. you / want / be / Do / to / plumber / a / ? /
5. She / want / Does / be / to / teacher / a / ? /
6. Do / What / want / you / to / when / do / are / you / older/ ? /
7. you / do / on / do / What / want / Saturday / to / ? /
8. with you / I / to / visit / Bagan / want / in the summer/ . /
9. want / to / play / Do / with us / you/ football / ? /
10. do / you / want / to / What / buy / ? / for your mother /

********************

Ans:
Unit 8
Lesson 1 : A weekend at a resort
V. 1. A resort is a place where many people go for rest and relaxation, sport, or health. 2. An island resort is a place located on an island. 3. We can enjoy different kinds of activities such as fishing, parasailing, boating, scuba diving, swimming, snorkeling and other water sports. 4. A desert resort is usually located in an oasis in a desert. 5. We can try adventure sports such as camel rides, sandboarding, sand surfing, hot-air ballooning, mountain biking or motorbiking. 6. We can do a range of activities such as horseback riding, beach volleyball, snorkelling, kayaking, scuba diving, windsurfing and jet skiing. 7. A mountain resort is a place located in a mountainous area. 8. We can go camping, hiking and trekking in the mountains. 9. An eco-resort is a tourist resort whose facilities are intended to have a minimal impact on the local environment. 10. Visitors can observe such animals as lions, tigers, giraffes, etc. in their natural habitats. 11. Visitors can enjoy a range of activities such as swimming, boating; fishing and water sports like diving and speedboat and banana boat rides.

VI. 1. I want to be a nurse. 2. He wants to be a doctor. 3. I don't want to be an electrician. 4. Do you want to be a plumber? 5. Does she want to be a teacher? 6. What do you want to do when you are order? 7. What do you want to do on Saturday? 8. I want to visit Bagan in thesummer with you. 9. Do you want to play football with us? 10. What do you want to buy for your mother?

**********************

## Grade 9

### Unit 8
### Lesson 2: Air fryers

**I. Fill each blank with an appropriate word. The initial letters are given to help you.**

1. An a_______ is a machine in our home that helps us with different tasks.
2. The a______ is a kitchen appliance that cooks food using hot air to make it crispy.
3. The doctor helps people with their m______ problems and keeps them healthy.
4. The smart phone is very e________, so I can't buy it.
5. C_______ is an illness that some people get, and doctors help them get better.
6. We use a thermometer to measure the t_____ of our bodies when we're sick.
7. Mom asked me to set the t_____ for 10 minutes while the cookies bake in the oven.
8. One _______ of rainy days is that we can't play outside.
9. To bake a cake, we need i______ like eggs, sugar, and butter.
10. A______ is a chemical substance which is thought to cause cancer.

**II. Supply the correct forms of the words given in brackets.**

1. (circulate) The ________ helps us do math problems quickly and easily.
2. (cook) Father bought a _______ from the market yesterday.
3. (cook) My mother is a better ______ than my aunt.
4. (medicine) Some herbs are used for ________ purposes.
5. (medicine) My brothers are _______ students.
6. (fry) A ______ is a machine that makes yummy crispy foods like french fries.
7. (chemistry) Scientists are doing a ________ experiment.

**III. Complete the following sentences with the given words below. There are two extras.**

| | | |
|---|---|---|
| ingredients | brands | nevertheless |
| deep-fried | air fryer | |

1. ________ means cooking food in a lot of hot oil until it's crispy.
2. I wanted to play outside, ________ it started raining.
3. _______ are names of companies that make things like toys and clothes.
4. We cooked our chicken in a special machine called an ______.
5. Let's see what _____ we need to make a tasty fruit salad.

**IV. Answer the questions.**

1. What is an air fryer used for in modern kitchens?
2. How does an air fryer cook food?
3. What types of food can you cook in an air fryer?
4. What are the steps to cook food in an air fryer?
5. Where should you put the ingredients before cooking in an air fryer?
6. When do you set the timer and temperature when cooking in an air fryer?
7. What happens when you hear the timer bell?
8. How do you remove the food from the air fryer when it's ready?
9. Where should you put the food once you've taken it out of the air fryer?
10. What is the difference between air-fried foods and deep-fried foods in terms of health?
11. Why might air-fried foods be beneficial for health?

****************

Ans:
Unit 8
Lesson 2 : Air fryers

I. 1. appliance; 2. air fryer; 3. medical; 4. expensive; 5. Cancer; 6. temperature; 7. timer; 8. disadvantage; 9. ingredients; 10. Acrylamide;

II. 1. calculator; 2. cooker; 3. cook; 4. medicinal; 5. medical; 6. fryer; 7. chemical;

III. 1. Deep-fried; 2. nevertheless; 3. Brands; 4. air fryer; 5. ingredients;

IV. 1. An air fryer is used to cook meat, fish, and vegetables such as potatoes. 2. An air fryer cooks food by circulating hot air around it, which makes the outside crunchy and the inside soft. 3. You can cook meat, fish, and vegetables such as potatoes in an air fryer. 4. To cook food in an air fryer, you need to remove the pan with a basket, put the ingredients in the basket, then put the pan back into the air fryer, set the temperature, set the timer, and finally, switch on the appliance. 5. We should put the ingredients in the basket of the air fryer. 6. We should set the timer and temperature after putting the ingredients in the basket and putting the pan back into the air fryer, just before switching on the appliance. 7. When we hear the timer bell, it means that the cooking time is over. 8. To remove the food when it's ready, we should pull out the pan, lift the basket out of the pan by sliding the lid first, and then press the basket release button. 9. Once we have taken the food out of the air fryer, we should empty the contents into a bowl or onto a plate. 10. Air-fried foods are better for health because they require less oil and have significantly lower fat content compared to deep-fried foods. 11. Air-fried foods may be beneficial for health because their lower fat content can help reduce calorie intake, potentially leading to weight loss.

***************

## Grade 12

### Unit 7 POLLUTION: A HAZARD TO OUR ENVIRONMENT

(ယခင်တစ်ပတ်က ဖော်ပြပါရှိသော မေးခွန်းများ၏အဖြေများ)

**V.(1) (A)**

(1)Global warming / Climate change
(2) polluted air
(3) Greenhouse gases
(4) is trapped
(5) Human activities

**(B)**

(6) Serious environmental problems mentioned in the passage are global warming and climate change.
(7) The world's ecosystems are changing faster than before because of many serious environmental problems such as global warming and climate change.
(8) Millions of people are now inhaling polluted air, drinking impure water, and consuming contaminated foods when they experience many environmental hazardous conditions.
(9) The earth's atmosphere contains some major gasses such as carbon dioxide, methane, nitrous oxide, ozone, fluorinated compounds, and water vapour.
(10)Our planet's temperature is kept at a safe level by greenhouse gases, acting as a blanket in trapping some of the sun's heat and preventing it from escaping back into space.

**V.(2) (A)**

(1) introduction of harmful substances
(2) rises
(3) The ozone layer
(4) water pollution
(5) water pollution

**(B)**

(6) Air pollution occurs because of human activities such as fuel burning, logging, farming, mining, manufacturing, and construction of roads and buildings.
(7) Acid rain occurs when smoke and fumes from traffic and factories mix with the water vapour in the atmosphere.
(8) Severe health problems caused by air pollutants are eye irritation, allergies, asthma and lung cancer.
(9) Polluted water includes toxic chemicals, bacteria and parasites, which can devastate the ecosystems of aquatic life.
(10)Nearly 4,000 children die every day from drinking impure water.

*********************

(ယခင်တစ်ပတ်မှအဆက်)

**Unit 7 POLLUTION: A HAZARD TO OUR ENVIRONMENT**

**V.(3) Read the passage.**

Soil pollution means 'the process of making the earth's topsoil contaminated with hazardous substances, such fertilisers, pesticides and wastes'. The excessive use fertilisers and pesticides in agriculture leads to soil degradation. Moreover, many factories are disposing of their chemical wastes, which leak into soil layers. Consequently, the fertility of the earth's soil is being degraded gradually. These chemicals also contaminate the underground water, which will pose a serious risk to human health. Digital wastes and rubbish from landfills are other causes of soil pollution. Deforestation is another significant factor that causes soil erosion. As a result of this, our planet loses millions of tons of topsoil each year. Trees keep the land fertile, but with fewer and fewer trees, the soil will be blown away by the wind or washed away by rain. And unhealthy soil will intensify the existing threat of food and nutritional insecurity.

**Noise pollution**

Noise, commonly defined as 'unwanted or excessive sound' is another environmental pollutant. Noise pollution is born of urbanisation, industrialisation and technological advances. The primary sources of noise pollution include construction sites, industrial areas, forms of transport such as automobiles, trains and aeroplanes, and cultural activities like festivals. Noise causes physical and psychological harm, and reduces the quality of life for those who are exposed to it. In response to loud noise, heartbeat and respiration accelerate, blood vessels constrict, the skin pales and muscles tense. In the long run, noise can cause hypertension, hearing loss, and emotional problems such as depression, aggression, irritation, frustration, and anxiety.

**(A) Write the correct word or words to complete each sentence. (5 marks)**

(1) Fertilisers and pesticides are excessively ---- so soil degradation occurs.
(2) Chemical wastes which leak into soil layers are ---- by factories.
(3) Deforestation causes --------.
(4) One of the primary sources of noise pollution is --------.
(5) Depression, aggression, and anxiety are -------- caused by a loud noise.

**(B) Answer each question in one sentence. (5 marks)**

(6) What are hazardous substances that can cause soil pollution?
(7) What happen because of soil erosion?
(8) Why does noise pollution occur?
(9) What does noise cause?
(10)How can heartbeat and respiration accelerate?

**************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# မောင်မယ်လေးများနှင့်ပျော် ပညာရေးစုံညီပွဲတော်

**D-တင်မာ(ကြေးမုံ)**

နှစ်တစ်နှစ်၏အစ ဇန်နဝါရီလကို ရောက်ခဲ့ပြီဆိုသည်နှင့် အခြေခံပညာကျောင်းများတွင် ပညာရေးစုံညီပွဲတော်ကို တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့်ဟူ၍ သတ်မှတ်ကျင်းပကြသည်။ ပညာရေးစုံညီပွဲတော်သည် မိဘ၊ ဆရာ၊ ကျောင်းသား ကျောင်းသူ စုံညီစွာပူးပေါင်းဆင်နွှဲသော ပွဲတော်ဖြစ်သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကြီးကို ကျောင်းအုပ်ဆရာမကြီးနှင့်တကွ မိဘ၊ ဆရာ၊ ကျောင်းသား ကျောင်းသူတို့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ကာ အထက(သုဝဏ္ဏ) ကျောင်းတော်ကြီး၌ ဇန်နဝါရီ ၅ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



သမီးငယ်လေးနှင့်အတူ စုံညီပွဲခန်းမကြီးသို့ လှမ်းဝင်ရောက်ခဲ့သည်။ Grade (11) မှ ကျောင်းသူလေး၏ “လွမ်းနေဆဲပါ မြကျွန်းညို” တေးသံသာလေးက စီရီစွာ ပေါ်ထွက်လာခဲ့သည်။ ပြေးမြင်ယောင်မိခဲ့သည်။ ငယ်စဉ်က သူငယ်ချင်းများနှင့် အမိကျောင်းတော် အထက (သုဝဏ္ဏ)တွင် ပညာဆည်းပူးခဲ့သည့် ပုံရိပ်ကို ပြန်လည်သတိရမိခဲ့သည်။ ဤသီချင်းထဲက စာသားလေးအတိုင်း ဘဝခရီးလမ်းများတွင် တာဝန်ကိုယ်စီ ထမ်းဆောင်နေကြရသဖြင့် ကျောင်းနေဖက်သူငယ်ချင်းနှင့် ပြန်လည်ဆုံတွေ့ရန် အခွင့်မသာကြတော့ပေ။

ပညာရေးစုံညီပွဲတော်၌ ကျောင်းသား ကျောင်းသူလေးများ၏ တီထွင်ဖန်တီးမှု လက်ရာမျိုးစုံ၊ ကာယ၊ ဉာဏ၊ စာရိတ္တ ရှုထောင့်နယ်ပယ်မျိုးစုံမှ ထူးချွန်သည့်ကလေးများကို ဆုချီးမြှင့်ပေးပုံ၊ ကလေးများ၏ စွမ်းရည်ကို တွေ့ရမြင်ရပြီး မိဘဆရာများက ပီတိဖြစ်နေပုံတို့ကို မြင်တွေ့ရသည်။ ကျောင်းသား ကျောင်းသူများ၏ကြိုးစားယှဉ်ပြိုင်မှု၊ ထူးချွန်ထက်မြက်မှု၊ မိဘဆရာတို့၏ အားပေးမှုတို့ကို မြင်တွေ့ခွင့်ရရှိခဲ့သဖြင့် ဝမ်းသာပီတိဖြစ်ဖွယ်ကောင်းလှပါသည်။

ထိုမှတစ်ဖန် အဆို၊ အက အဖွဲ့လိုက်မောင်မယ်လေးများ၏ ဟန်ပန်ညီစွာ ကချိုး၊ ကဟန်လေးများက အနာဂတ်မောင်မယ်လေးများ၏ ပေါင်းစုခြင်းစိတ်ဓာတ်ကို ဖော်ညွှန်းလို့ နေသည်။ “သူ ဘယ်ဘက်ယိမ်းရင် ငါလည်း ဘယ်ဘက်ယိမ်းရမယ် ... သူ ညာလက်မြှောက်ရင် ငါလည်း ညာလက်မြှောက်ရမယ်” ဆိုသည့် ပေါင်းစည်းခြင်း၊ ညှိနှိုင်းတတ်ခြင်းသည် ဘဝအတွက် တကယ့်တန်ဖိုးပင်။ အများနှင့် ကောင်းကျိုးဘက်တွင် လိုက်လျောညီထွေဆောင်ရွက်တတ်သည့် အလေ့အကျင့်ကိုလည်း ပျိုးထောင်ပေးရာလည်း ရောက်သည်။ ထိုသို့ မောင်မယ်လေးများ၏ အဆို၊ အက အနုပညာရသကို ခံစားခဲ့ရရင်း အမိကျောင်းတော်ကြီးသို့ တစ်ခေါက်တစ်ခါ အရောက်ဝယ် ဝမ်းသာကြည်နူးရေးသားခဲ့ရပေသည်။ ။

# တာချီလိတ်မြို့ အလက(ခွဲ)တာလော့၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**တာချီလိတ် ဇန်နဝါရီ ၇**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တာလော့၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်းဝင်းတွင် ကျင်းပသည်။



**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ စစ်ဗျူဟာ(အခြေချ) တာချီလိတ် ဗျူဟာမှူး ဗိုလ်မှူးကြီးသူရဇော်လွင်စိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် ခရိုင်ပညာရေးမှူး ဒေါ်သန္တာလွင်တို့က ပညာရေးစုံညီပွဲတော် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသားကျောင်းသူလေးများက “ထာဝရသစ္စာ” သီချင်းကို Fitness Dance အကဖြင့် ကပြတင်ဆက်သည်။

ထို့နောက် ဗိုလ်မှူးကြီး သူရဇော်လွင်စိုးနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုတို့က အမှာစကားပြောကြားပြီး ဗိုလ်မှူးကြီးသူရဇော်လွင်စိုးနှင့် ဇနီးတို့က ပညာရေး စုံညီပွဲတော်အတွက် ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငွေးမာက လက်ခံရယူသည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အဆင့်(A)ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ “Clean and Green School” အကောင်အထည်ဖော်ဆောင်ရွက်မှုတွင် ပါရှိသော အညွှန်းကိန်းများအရ ပန်းချီ၊ ကာတွန်း၊ ကဗျာနှင့် စာစီစာကုံးထူးချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ သင်ကြားရေးထူးချွန်ဆုနှင့် ခွင့်ရက်မရှိ ကျောင်းတက်မှန်ဆု ရရှိသော ဆရာမများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ကျောင်းကောင်စီအသင်း လှုပ်ရှားမှုတွင် အသင်းလိုက်ဆုရရှိသူများအား တာဝန်ရှိသူတို့က ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများက အကအလှဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ပြင်ဦးလွင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ကျင်းပ

**ပြင်ဦးလွင် ဇန်နဝါရီ ၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြင်ဦးလွင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အခမ်းအနားတွင် ကျောင်းသား ကျောင်းသူများက “ကြိုဆိုပါသည် စုံညီပွဲတော်” တေးသီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုင်းအောင်ကြည်က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးစိုင်းအောင်ကြည်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝဏ္ဏစိုးအောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်ဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်နွဲ့နွဲ့ဆန်း၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများက မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲ၊ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲ အစရှိသည့် ပညာရေးကဏ္ဍအလိုက် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများ၊ အားကစားပြိုင်ပွဲများတွင် ထူးချွန်ဆုများရရှိသူများ၊ (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ထူးချွန်ဆုများရရှိသူများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းများတွင် ထူးချွန်စွာ ဆွေးနွေးနိုင်ကြသည့် ကျောင်းသား ကျောင်းသူများ၊ သန့်ရှင်း၍စိမ်းလန်းစိုပြည်သောကျောင်းဆုရကျောင်းများ၊ သင်တန်းများတွင် ထူးချွန်ဆုများရရှိခဲ့ကြသည့် ဆရာ ဆရာမများအား ထူးချွန်ဆုများ ချီးမြှင့်ပေးပြီး ကျောင်းသား ကျောင်းသူများက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မင်းလှမြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ

**မင်းလှ ဇန်နဝါရီ ၇**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့၌ ၂၀၂၃-၂၀၂၄ ခုနှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်အခမ်းအနားကို ယမန်နေ့က အထက မင်းလှ



(မြို့တွင်း) ကျောင်း သပြေခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွဋ်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်မြင့်မြင့်အေးက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မြို့နယ်/ ခရိုင်/တိုင်းအဆင့် စွမ်းရည်ဆု၊ စာပေဆု၊ လူရည်ချွန်ရရှိသောကျောင်းသား ကျောင်းသူများနှင့် မြို့နယ်အဆင့်ဘက်စုံအားကစားဆုရရှိသော ကျောင်းသားကျောင်းသူများ၊ သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု ရရှိသူများ၊ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုပေါင်း ၁၂၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရ သည်။

မြို့နယ်( ပြန်/ဆက်)

# သမဝါယမအသင်းသားပြည်သူများသို့ ဆန်နှင့် မြေပဲဆီသန့်များ ဖြန့်ဖြူးရောင်းချ

**ရန်ကုန် ဇန်နဝါရီ ၇**

ရန်ကုန်တိုင်းဒေသကြီးအတွင်း သမဝါယမအရောင်းဆိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်၍ စဉ်ဆက်မပြတ် လုပ်ငန်းများ လည်ပတ်နိုင်စေရန်နှင့် စားသုံးသူအသင်းသားပြည်သူများ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချနိုင်စေရန် ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းချက်အရ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းမှ ပေါ်ဆန်း ၂၄ ပြည်ပါ ဆန်အိတ် ၃၁၇ အိတ် တန်ဖိုးငွေကျပ် ၄၃၇ ဒသမ ၄၆ သိန်းနှင့် ပခုက္ကူဒေသထွက် မြေပဲဆီသန့် ၈၂ ပိဿာ တန်ဖိုးငွေကျပ် ၁၂ ဒသမ ၃ သိန်း စုစုပေါင်းငွေကျပ် ၄၄၉ ဒသမ ၇၆ သိန်းကို ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ သမဝါယမအသင်းသားများနှင့် အများပြည်သူများသို့ ဈေးနှုန်းသက်သာစွာ ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အက်ဖ်အေဖလားပြိုင်ပွဲမှာ မစ်ဒယ်ဘာရော့ကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တဲ့ အက်စ်တွန်ဗီလာ

ဇန်နဝါရီ ၆ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်မှာ အက်စ်တွန်ဗီလာ အသင်းက မစ်ဒယ်ဘာရော့အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ၂၀၁၆ ခုနှစ် နောက်ပိုင်း အက်ဖ်အေဖလားပြိုင်ပွဲမှာ ပထမဆုံး အနိုင်ရရှိခဲ့ပြီ ဖြစ်ပါတယ်။



မစ်ဒယ်ဘာရော့ အသင်းနဲ့ အက်စ်တွန်ဗီလာ အသင်းတို့ ပွဲစဉ်မှာ အက်စ်တွန်ဗီလာအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ဒုတိယပိုင်းပွဲကစားချိန် ၈၇ မိနစ်မှာ မက်တီကက်ရှ်က သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အက်စ်တွန်ဗီလာ အသင်းဟာ အက်ဖ်အေဖလားကို ခုနစ်ကြိမ်အထိ ရရှိခဲ့တဲ့အသင်းဖြစ်ပြီး ၁၉၅၇ ခုနှစ်က အက်ဖ်အေဖလားကို နောက်ဆုံးရရှိခဲ့တာ ဖြစ်ပါတယ်။

အခြားသော အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်တွေ မှာတော့ အစ်ဆွစ်အသင်းက ဝင်ဘယ်ဒန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ကိုဗင်ထရီအသင်းက အောက်စ်ဖို့ဒ်ယူနိုက်တက်အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ မိတ်စတုန်းအသင်းက စတီဗီနာဂီအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ လက်စတာ စီးတီးအသင်းက မီဝေါအသင်းကို သုံးဂိုး-နှစ်ဂိုး၊ နယူးကာဆယ်အသင်းက ဆန်းဒါးလန်းအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ဘလက်ဘန်းအသင်းက ကမ်းဘရိတ်အသင်းကို ငါးဂိုး-နှစ်ဂိုး၊ ပလိုင်းမောက်အသင်းက ဆူတန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ဘုန်းမောက်အသင်းက ကျူးပီအာအသင်းကို သုံးဂိုး-နှစ်ဂိုး အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

## ဂျော်ဒန်ဟန်ဒါဆန် ပရီမီယာလိဂ်သို့ပြန်လာရန် ဆန္ဒရှိနေ

အသက် ၃၃ နှစ်အရွယ်ရှိ အင်္ဂလန် ကွင်းလယ်ကစားသမား ဂျော်ဒန်ဟန်ဒါဆန် ဟာ လက်ရှိကစားနေတဲ့ ဆော်ဒီအာရေဗျ ကလပ် အယ်လ်အက်တီဖက်အသင်းကနေ ပရီမီယာလိဂ်ကို ပြန်လည်ကစားခွင့်ရရှိဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။



ဂျော်ဒန်ဟန်ဒါဆန်ဟာ ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်းက ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းကနေ အယ်လ်အက်တီဖက်အသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၁၂ သန်းနဲ့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး အယ်လ်အက်တီဖက်အသင်းမှာ ပုံမှန်ခြေစွမ်းပြကစားနိုင်ဖို့ ရုန်းကန်နေရတာကြောင့် အင်္ဂလန်မြေကို ပြန်လည်ခြေချဖို့ စီစဉ်နေတာလည်းဖြစ်ပါတယ်။

ဂျော်ဒန်ဟန်ဒါဆန်ဟာ နည်းပြ စတီဗင်ဂျာရတ်ရှိရာ အယ်လ်အက်တီဖက်အသင်းကို တစ်ပတ်လုပ်ခလစာ ပေါင်ခုနစ်သိန်းနဲ့ ပြောင်းရွှေ့ခဲ့သူဖြစ်ပေမယ့် လက်ရှိအချိန်မှာ ပရီမီယာလိဂ် ကလပ်အသင်းတွေထဲက ဘယ်အသင်းက ခေါ်ယူမလဲဆိုတာ စောင့်မျှော်နေရတယ်လို့ သိရပါတယ်။

## စပါးအသင်းကို ပြောင်းရွှေ့တော့မယ့် လိုက်ပ်ဇစ်တိုက်စစ်မှူး တီမိုဝါနာ

ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ပ်ဇစ်အသင်းမှ ဂျာမနီတိုက်စစ်မှူး တီမိုဝါနာဟာ ပရီမီယာလိဂ်ကလပ် စပါးအသင်းဆီကို အငှားစာချုပ်နဲ့ ပြောင်းရွှေ့ကစားဖို့ သဘောတူညီမှုရရှိထားပြီး လက်ရှိသဘောတူညီထားတဲ့စာချုပ်အရ ရာသီကုန်မှာ အမြဲတမ်းစာချုပ်နဲ့ ပြောင်းရွှေ့ခွင့်ရရှိမှာလည်း ဖြစ်ပါတယ်။


လက်ရှိအချိန်မှာ အသက် ၂၇ နှစ်အရွယ်ရှိ တိုက်စစ်မှူး တီမိုဝါနာ အနေနဲ့ စပါးအသင်းကို ပြောင်းရွှေ့ကစားဖို့ ကျန်းမာရေးဆိုင်ရာ ဆေးစစ်မှုတွေခံယူရန် လန်ဒန်မြို့ကို ရောက်ရှိနေပြီဖြစ်တယ်လို့ သိရပါတယ်။

တိုက်စစ်မှူး တီမိုဝါနာဟာ ၂၀၂၀ ပြည့်နှစ်အတွင်းက လိုက်ပ်ဇစ်အသင်းကနေ ချယ်လ်ဆီးအသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ၄၅ သန်းနဲ့ ပြောင်းရွှေ့ခဲ့ဖူးတာဖြစ်တာမို့ ချယ်လ်ဆီးအသင်းနဲ့အတူ ပရီမီယာလိဂ်ပြိုင်ပွဲအတွေ့အကြုံလည်း ရရှိထားတာဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းကို ရောက်ရှိလာချိန်မှာ ပြိုင်ပွဲ ၈၉ ပွဲအထိ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၂၃ ဂိုး သွင်းယူပေးခဲ့ပြီး ၂၀၂၂ ခုနှစ်မှာတော့ ချယ်လ်ဆီးအသင်းကနေ လိုက်ပ်ဇစ်အသင်းကို ပြန်လည်ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး တီမိုဝါနာဟာ အခုဘောလုံးရာသီမှာ ဘွန်ဒက်လီဂါပြိုင်ပွဲ၌ လိုက်ပ်ဇစ်အသင်းနဲ့အတူ ၁၄ ပွဲယှဉ်ပြိုင်ကစားခဲ့ရာမှာ သွင်းဂိုးနှစ်ဂိုး သွင်းယူပေးထားတာဖြစ်ပြီး ဂျာမနီနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ၅၇ ပွဲအထိ ပါဝင်ကစားပေးထားတာလည်း ဖြစ်ပါတယ်။

စပါးအသင်းဟာ အာရှဖလားယှဉ်ပြိုင်ကစားရမယ့် ဆွန်ဟောင်မင်နဲ့ ဒဏ်ရာပြဿနာကြုံတွေ့နေရတဲ့ မက်ဒီဆင်တို့ ရှိနေတာကြောင့် တိုက်စစ်ပိုင်းကိုအားဖြည့်ဖို့ တီမိုဝါနာကို ခေါ်ယူခဲ့တာဖြစ်ပြီး စပါးအသင်းအနေနဲ့ ဇန်နဝါရီ ၁၄ ရက်မှာ မန်ယူအသင်းနဲ့ ပရီမီယာလိဂ်ပွဲစဉ် ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။



## ဘောလုံးလောက သတင်းတိုများ

- စပါးအသင်းက ခေါ်ယူဖို့ စိတ်ဝင်စားလျက်ရှိတဲ့ ချယ်လ်ဆီးအသင်းမှ အသက် ၂၃ နှစ်အရွယ်ရှိ အင်္ဂလန်ကွင်းလယ်ကစားသမား ဂယ်လာဂါဟာ စတမ်းဖို့ဒ်ဘရစ်ချ်မှာပဲ ဆက်ရှိနေဖို့ရှိနေတယ်လို့ သိရပါတယ်။
- မန်ယူအသင်းဟာ ခရစ္စတယ်ပဲလေ့စ်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား အိုလီစီအား ခေါ်ယူရန် စီစဉ်လျက်ရှိတယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းဟာ ဘိုင်ယန်မြူးနစ်အသင်းမှ ဂျာမနီကွင်းလယ်ကစားသမား ကင်မစ်ကို စာချုပ်ချုပ်ဆိုခေါ်ယူရေး နွေရာသီအပြောင်းအရွှေ့ကာလအထိ စောင့်ဆိုင်းသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းမှ ဘယ်လ်ဂျီယံကွင်းလယ်ကစားသမား ဒီဘရိုင်းအား ဆော်ဒီပရိုလိဂ်ကလပ်အသင်းများကခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။
- အသက် ၂၆ နှစ်အရွယ်ရှိ အာဂျင်တီးနားတိုက်စစ်မှူး လော်တာရိမာတီနက်ဇ်ဟာ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းနဲ့ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ နီးစပ်နေပြီ ဖြစ်တယ်လို့ သိရပါတယ်။


ငွေကြယ် - ရေးသားသည်

## တင်ပါးဒဏ်ရာကြောင့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် ရာဖေးလ်နာဒယ် လွဲချော်ရတော့မည်

စပိန်တင်းနစ် အကျော်အမော် ရာဖေးလ်နာဒယ်ဟာ တင်ပါးဒဏ်ရာ ရရှိခဲ့တာကြောင့် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲနဲ့ လွဲချော်ရတော့မှာဖြစ်ပါတယ်။

### ဒဏ်ရာပြန်လည်ရရှိ

အသက် ၃၇ နှစ်အရွယ်ရှိ ရာဖေးလ်နာဒယ်ဟာ ဒဏ်ရာပြဿနာကြောင့် တစ်နှစ်နီးပါးကြာ တင်းနစ်လောကကို ပြန်မလာနိုင်ခဲ့ဘဲ ဘရစ္စဘိန်းနိုင်ငံတကာ တင်းနစ်ပြိုင်ပွဲမှာ ပါဝင်ကစားနိုင်ခဲ့ပြီး ယခုတစ်ဖန် ဒဏ်ရာပြန်လည်ရရှိခဲ့တာ ဖြစ်ပါတယ်။



စပိန်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမားရာဖေးလ်နာဒယ်ဟာ ဩစတြေးလျအိုးပင်း တင်းနစ်ဆုဖလားကို ၂၀၀၉ ခုနှစ်နဲ့ ၂၀၂၂ ခုနှစ်တို့မှာ ဗိုလ်စွဲခဲ့သူဖြစ်ပြီး ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ ရက်မှာ ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့မှာ ကျင်းပသွားမှာဖြစ်တယ်လို့ သိရပါတယ်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁-၁-၂၀၂၄ ရက်မှအဆက်

ပတ်ဝန်းကျင်တစ်ခုလုံးသည် ခွေးဟောင်သံများဖြင့် ကျွက်ကျွက်ဆူနေသည်။ လူများ၏ မေးသံ၊ ဖြေသံ၊ အံ့ဩသံများဖြင့်လည်း ရောထွေးကာ တအုတ်အုတ်နှင့် ညံစီနေသည်။ လက်နှိပ်ဓာတ်မီးရောင်၊ မီးခွက်မီးရောင်တို့အောက်ဝယ် ရဲတပ်သားများနှင့် ဘုံထန်းတောနယ်မြေမှ လူတို့သည် ရှုပ်ယှက်ခတ်မျှ လှုပ်ရှားသွားလာနေကြသည်။ ဤအထဲတွင် ဦးဖိုးခနှင့် ဒေါ်ဘုမတို့သည်လည်း သားဖြစ်သူ၏ အရေးကိစ္စကြောင့် ရဲတပ်သားများ လာရောက်ရှာဖွေနေသည် ဆိုသောကြောင့်လားမသိ၊ ထိတ်လန့်တကြားဖြစ်ကာ ရင်ဘတ်စည်တီးဖြင့် ရောက်ရှိလာကြသည်။ ထွေးရီနှင့် မအုန်းတင်တို့လည်း ဒေါ်ဘုမ၏နောက်ပါးမှ အခြားမိန်းမယောက်ျားများနှင့်အတူ ရောထွေးရောက်လာကြသည်။

စိတ်ကျေနပ်လောက်အောင် ရှာဖွေပြီးနောက် ရဲတပ်သားများသည် ကိုအေးဆွေရှိနေသော နေရာသို့ ပြန်ရောက်လာကြသည်။

"ကဲ၊ စိတ်ကျေနပ်ကြပြီ မဟုတ်လား"

ကြုံကြုံဖန်ဖန် မည်သူကချောက်တွန်းလိုက်သည်မသိ။ ရဲအဖွဲ့က လာရောက်အရှာဖွေခံလိုက်ရသည်ကို ကိုအေးဆွေ့စိတ်ထဲတွင် အလွန်ခံပြင်းသွား၏။ ထို့ကြောင့်လည်း ကိုအေးဆွေသည် ရဲတပ်သားများ ခေါင်းဆောင် ဒုလုံခြုံရေးမှူးအား ဆီး၍ ခပ်ဆတ်ဆတ် မေးလိုက်၏။

"ဟုတ်ကဲ့ ကျေနပ်ပါပြီ၊ ဒါပေမဲ့"

ဒုလုံခြုံရေးမှူးက ပြန်လည်ဖြေကြားရင်း တစ်စုံတစ်ခုသောစကားကို ဆက်လက်ဆိုရန် ဝန်လေးဟန်ဖြင့် ကိုအေးဆွေအား စူးစိုက်စွာကြည့်လိုက်၏။ ပြီးမှ–

"ဒါပေမဲ့ ရဲတပ်ဖွဲ့စခန်းကိုတော့ ကိုအေးဆွေ ခဏတော့ လိုက်ခဲ့ပါဦးဗျာ"

ဒုလုံခြုံရေးမှူးကဆို၏။ သူ့အမူအရာမှာ အားနာဟန်ပြ၏။ သို့သော် အမိန့်သဘော သက်ဝင်နေ၏။

"ဗျာ၊ ကျွန်တော် ရဲတပ်ဖွဲ့စခန်းကို လိုက်ခဲ့ရမယ်"

ကိုအေးဆွေသည် အံ့ဩဟန်ဖြင့် ဆိုလိုက်မိ၏။ တကယ်လည်း တအံ့တဩဖြစ်သွား၏။ ဖြစ်လာရသည့် အခြေအနေများကို နားမလည်ရသည့်အထဲ ယခုတစ်ဖန် ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ ခေါ်နေပြန်ချေပြီ။ ရဲတပ်ဖွဲ့စခန်းသို့ရောက်လျှင် မည်ကဲ့သို့သော အံ့ဩစရာများနှင့် ထပ်၍တွေ့နေရပါဦးမည်နည်း။

"ကဲ ကိုအေးဆွေ သွားကြရအောင်"

ကိုအေးဆွေမှာ တစ်ခဏတွင် ပတ်ဝန်းကျင်ကို မေ့သွားကာ လေးလေးနက်နက် စဉ်းစားနေမိ၏။ ဒုလုံခြုံရေးမှူးက သတိပေးလိုက်မှ ပတ်ဝန်းကျင်ကို ရုတ်ခြည်း သတိပြုမိလာသည်။

"ကျွန်တော့်ကိုတော့ ဘယ်လိုမှစိတ်မရှိပါနဲ့ဗျာ။ အထက်က ပေးအပ်လိုက်တဲ့ တာဝန်အတိုင်း ဝတ္တရားအရ ဆောင်ရွက်ရတာပါ။ ဟိုရောက်လို့ ရှင်းပြလိုက်ရင် ကိစ္စပြီးသွားမှာပါ"

ဒုလုံခြုံရေးမှူးက ကိုအေးဆွေအား ယဉ်ကျေးစွာဖြင့် တောင်းပန်နေသည်။ လူချင်း အားနာနေပုံရသည်။

ကိုအေးဆွေသည် ဘာမျှဆင်ခြေကန်၍ ငြင်းဆန်မနေတော့။ တကယ်တော့လည်း သည်မှာရှင်းပြနေ၍ကော ဘာမှထူးပါဦးမည်နည်း။

ထို့နောက်တော့ ကိုအေးဆွေသည် သူ့အခန်းသို့ဝင်ကာ ရှပ်အင်္ကျီကိုယူဝတ်လိုက်ပြီး သွားကြရန် ဟန်ပြင်လိုက်သည်။ ထိုစဉ် ဦးဖိုးခ၏အသံက ရုတ်တရက် ထွက်ပေါ်လာသည်။

"ဟေ့ မောင်ရင်တို့ရ၊ ကျုပ်သားကို ဖမ်းကြတာလား။ ဘာမှုနဲ့ ဖမ်းကြတာလဲ"

ဦးဖိုးခသည် သူသိချင်သော အကြောင်းအရာများကို စိုးရိမ်တကြီးနှင့် အလောတကြီး မေးပစ်လိုက်သည်။ သူ့အသံမှာ တုန်လှုပ်ချောက်ချား၍ စိတ်ယောက်ယက်ခတ်သောအသံ ဖြစ်၏။

"ဖမ်းတာ မဟုတ်ပါဘူး ဦးကြီးရဲ့။ မေးစရာမြန်းစရာလေးရှိလို့ပါ"

ဒုလုံခြုံရေးမှူးဖြစ်သူက ဦးဖိုးခအား အလိုက်သင့်ပြန်လည်ဖြေလိုက်၏။

"ကဲ အဖေရာ၊ သူတို့ကိုပြောမနေပါနဲ့"

သားဇောဖြင့်မွှန်၍ မကျေမချမ်းပြောနေသော ဦးဖိုးခ၏စကားများကို ကိုအေးဆွေက ဝင်ဖြတ်ပစ်လိုက်သည်။

သူတို့လည်း သူတို့ဝတ္တရားအရ လာလုပ်ရတာပါ အဖေရာ။ ကျွန်တော်တို့ကို မုန်းလို့လာလုပ်ချင်လို့ လုပ်ရတာမှ မဟုတ်ဘဲ။ ဟိုရောက်လို့ သူတို့မေးပြီးရင် ပြန်လွှတ်မယ့်ဟာပဲ။ မနက်ကြီးကျ ကျွန်တော် ပြန်ခဲ့မှာပေါ့"

သားအတွက်သောကမီးတောက်လောင်နေသော ဦးဖိုးခအား ကိုအေးဆွေက နှစ်သိမ့်လိုက်သည်။

"ဘယ်သူမှ မလိုက်ခဲ့ကြနဲ့နော်"

လူအချို့က သူနှင့်တစ်ပါတည်း လိုက်လာကြရန် စိုင်းပြင်းနေသည်ကို တွေ့လိုက်ရသဖြင့် ကိုအေးဆွေသည် အခြားလူများဘက်သို့ပါ လှည့်၍ ဟန့်တားလိုက်ပြန်၏။

ထိုစဉ် ဒေါ်ဘုမ၏ တဟွပ်ဟွပ်နှင့် အဆက်မပြတ် ချောင်းဆိုးနေသံက ရုတ်တရက်ပေါ်ထွက်လာသည်။ ဤချောင်းဆိုးသံများကြောင့် ကိုအေးဆွေ၏ ရင်ထဲတွင် ထိတ်ခနဲတုန်၍ စိုးရိမ်စိတ်များက ရုတ်ခြည် ပြေးဝင်လာသည်။ ထို့ကြောင့်လည်း ဒေါ်ဘုမဆီသို့ ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။

မှန်ပေသည်။ ဒေါ်ဘုမမှာ စိတ်ထိခိုက်စရာ အဖြစ်အပျက်များနှင့် တွေ့လိုက်သည်နှင့် တစ်ပြိုင်နက် ချောင်းဆိုးရင်ကျပ်ရောဂါသည် ရှောင်တခင် ဝင်ရောက်လာကာ ချက်ချင်း လူမမာသည်ကြီး ဘဝသို့ ရောက်သွားတတ်သည်။ အသည်းအထန်လည်း ဝေဒနာခံစားရတတ်စမြဲ ဖြစ်သည်။ ယခုလည်း လာချေပြီ။

"သား၊ လူလေး"

ချောင်းဆိုးသံများကြားထဲမှ တစ်ဆို့မွန်းကျပ်စွာဖြင့် ခေါ်လိုက်သော ဒေါ်ဘုမ၏အသံက ကိုအေးဆွေ၏နှလုံးသားများကို ကျဉ်ခနဲဖြစ်၍ ရင်မှာနင့်သွားစေ၏။

ဒေါ်ဘုမသည် ကတုန်ကယင်ဖြင့် ကိုအေးဆွေ အနားသို့ ဒရောသောပါး ချဉ်းကပ်လာသည်။ သူ့ပါးနှစ်ဖက်ပေါ်ဝယ် အသွယ်သွယ်စီးကျနေသော မျက်ရည်စီးကြောင်းများမှာ မီးရောင်များအောက်ဝယ် အထင်းသားဖြစ်နေသည်။ ကိုအေးဆွေက သူ့မိခင်ကို ဆို့နစ်စွာကြည့်နေသည်။ ဒေါ်ဘုမသည် သူ့သားပခုံးကို ကြင်နာစွာဖြင့် ဆုပ်ကိုင်လိုက်သည်။ ကိုအေးဆွေကလည်း သူ့မိခင်ကို အသာဖေးမ၍ ကိုင်ထားသည်။

"သားလေးရယ်၊ အမေ့ကို ပြောစမ်းပါ။ မင်းဖြစ်မင်းဒဏ်မကင်းတာ ဘာတွေများ လုပ်လာလို့လဲကွယ်"

သောကမီးတောက်လောင်နေသော ဒေါ်ဘုမက ငိုသံပါကြီးဖြင့် ချောင်းတဟွပ်ဟွပ်ဆိုးနေရင်းမေးနေရှာသည်။

"အမေကလဲဗျာ၊ မဟုတ်တာ။ ကျွန်တော် ဘာမှ မလုပ်ခဲ့ပါဘူး။ တခြားကိစ္စတစ်ခုခုအတွက် သင်္ကာမကင်းဖြစ်လို့ ခေါ်မေးတာရှိမှာပေါ့။ စိတ်အေးအေးနေစမ်းပါအမေ။ မနက်ကြီးကျ ကျွန်တော် ပြန်လာခဲ့ပါမယ်"

ကိုအေးဆွေသည် မိခင်ကြီး စိတ်ချမ်းသာရန်သာ နှစ်သိမ့်လိုက်ရသည်။ တကယ်တော့ သူ့ရင်ထဲမှာ မလင်းပေ။ တင်းကျပ်၍နေသည်။ ရင်တွေခုန်၍ ချောက်ချားနေသည်။

ထိုစဉ် ဒုလုံခြုံရေးမှူးက ကိုအေးဆွေ၏ပခုံးကို အသာပုတ်၍ သွားကြရန် သတိပေးလိုက်သည်။

ထို့ကြောင့် ကိုအေးဆွေသည် ဒေါ်ဘုမအား ကျောခိုင်းလိုက်သလို မိမိကို မျက်ရည်လည်ရွဲနှင့် စိုးရွံ့ထိတ်လန့်စွာ ကြည့်နေသော ထွေးရီအားလည်း မျက်ကွယ်ပြုလိုက်သည်။ ထိုနောက်တော့မှု မိခင်ကြီး၏ ရင်မောစရာချောင်းဆိုးသံသည် နောက်ဘက်ဆီမှ တဟွပ်ဟွပ်နှင့် အဆက်မပြတ် ပေါ်လာတော့သည်။ သို့တစေ စိတ်ကိုတင်းကာ ဤအသံများအား ဥပေက္ခာပြုလိုက်ချေတော့သည်။

"ဟော ဟော၊ အရီးလေးတက်သွားပြီ"

ခြေလှမ်း လှမ်း၍ လေးငါးဆယ့်ကိုးလှမ်းမှ မရှိသေးမီ တဟွပ်ဟွပ်ဆိုးနေသော ချောင်းဆိုးသံ ရုတ်တရက် ပျောက်သွားသည်နှင့် ထွေးရီ၏ ထိတ်လန့်တကြား အော်လိုက်သံကိုပါ တစ်ပြိုင်နက်တည်းကြားလိုက်ရသည်။

ထို့ကြောင့်လည်း ကိုအေးဆွေသည် တုန့်ခနဲရပ်မိလိုက်ရင်း နောက်သို့ လျင်မြန်စွာ လှည့်ကြည့်လိုက်သည်။ မြေကြီးပေါ်သို့ ရုတ်တရက် ပျော့ခွေလဲကျသွားသော ဒေါ်ဘုမအား ထွေးရီနှင့် အခြားမိန်းမတွေက ဝိုင်းဝန်းပွေ့ထူနေကြသည်ကို မြင်လိုက်ရသည်။ အခြားယောက်ျားများလည်း ၎င်းနားသို့ ပြေးကပ်သွားကြသည်။ "ဟဲ့ ဟဲ့၊ လုပ်ကြပါဟဲ့၊ လုပ်ကြပါဟဲ့" ဟူသော အသံများကလည်း ဆူညံသွားသည်။

ထိုမြင်ကွင်းကြောင့် ကိုအေးဆွေ၏ရင်မှာ သံပူပြားဖြင့် ဖိကပ်ခြင်း ခံလိုက်ရဘိသကဲ့သို့ ပူလောင်သွားသော ဝေဒနာတစ်ရပ်ကို ရုတ်တရက် ပြင်းပြင်းထန်ထန်ကြီး ခံစားလိုက်ရသည်။ ထို့ကြောင့်လည်း ကိုအေးဆွေသည် ၎င်းတို့ဆီသို့ ပြေးသွားရန် တအားထွက်လိုက်သည်။ သို့သော် သူ့လက်တစ်ဖက်မှာ ရုတ်တရက် ဆောင့်ဆွဲခြင်းခံလိုက်ရသည်။

"သည်းခံပါ ကိုအေးဆွေ၊ ကျွန်တော်တို့ အချိန်မရှိတော့ပါဘူး"

ပြောပြောဆိုဆို ဒုလုံခြုံရေးမှူးက သူ့လက်တစ်ဖက်အား ဆွဲခေါ်လိုက်သည့်အဖြစ်ကို ကိုအေးဆွေက သတိပြုမိလိုက်တော့သည်။

ကျောက်ပန်းတောင်း ပြည်သူ့ရဲတပ်ဖွဲ့စခန်းသို့ ရောက်သောအခါတွင်ကား ကိုအေးဆွေမှာ ဘယ်လိုမှမမျှော်လင့်သော စွပ်စွဲချက်တစ်ရပ်ကို ရုတ်တရက် တုံ့ပြန်စကားမဆိုနိုင်လောက်အောင် တအံ့တဩ ကြားသိလိုက်ရတော့သည်။

[ ၄၆ ]

"ဘယ်လိုကွ ဖိုးအေးဆွေ၊ လုပ်မယ့် လုပ်တော့လည်း မင့်ဥစ္စာက အပြတ်အသတ်ပါလား"

လှကြည်သည် ကိုအေးဆွေအား ပြည်သူ့ရဲတပ်ဖွဲ့စခန်း၏ ရုံးခန်းတစ်နေရာတွင် ခေါ်ယူတွေ့ဆုံကာ နှစ်ကိုယ်ချင်း တိုးတိုးတိတ်တိတ်မေးလိုက်၏။

"ဘာလဲကွ အပြတ်အသတ်ဆိုတာ။ မင်းပြောတာတွေ ငါတစ်ခုမှ နားမလည်ဘူးကွ။ အဲ တစ်ခုတော့ ရှိတယ်။ ရယ်စရာ ဒဏ္ဍာရီပုံပြင်တစ်ခုလားလို့ အောက်မေ့တယ်"

"ဒီမှာအေးဆွေ၊ ငါ အခုမေးနေတာက ရဲအမှုထမ်းတစ်ယောက်အနေနဲ့ မေးနေတာ မဟုတ်ဘူး။ သူငယ်ချင်းတစ်ယောက်အနေနဲ့ မေးနေတာ။ အမှန်ကိုသိရရင် မင်းဘက်က ဖေးဖေးမမနဲ့ ကူညီရအောင်။ အေးလေ၊ ဘယ်လိုပဲဖြစ်ဖြစ် ငါကတော့ မင်းဘက်က အမြဲတမ်းရှိတယ်ဆိုတာ မင်းယုံပါ။ သူငယ်ချင်းတစ်ယောက်ရဲ့ ဝတ္တရားအနေနဲ့ အတတ်နိုင်ဆုံးကူညီဖို့ ငါ့စိတ်ထဲမှာရှိတယ်"

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

ပတ်ဝန်းကျင်တစ်ခုလုံးသည် ခွေးဟောင်သံများဖြင့် ကျွက်ကျွက်ဆူနေသည်။ လူများ၏ မေးသံ၊ ဖြေသံ၊ အံ့ဩသံများဖြင့်လည်းရောထွေးကာ တအုတ်အုတ်နှင့် ညံစီနေသည်။ လက်နှိပ်ဓာတ်မီးရောင်၊ မီးခွက်မီးရောင်တို့အောက်ဝယ် ရဲတပ်သားများနှင့် ဘုံထန်းတောနယ်မြေမှ လူတို့သည် ရှုပ်ယှက်ခတ်မျှ လှုပ်ရှားသွားလာနေကြသည်။ ဤအထဲတွင် ဦးဖိုးခနှင့် ဒေါ်ဘုမတို့သည်လည်း သားဖြစ်သူ၏ အရေးကိစ္စကြောင့် ရဲတပ်သားများ လာရောက်ရှာဖွေနေသည် ဆိုသောကြောင့်လားမသိ၊ ထိတ်လန့်တကြားဖြစ်ကာ ရင်ဘတ်စည်တီးဖြင့် ရောက်ရှိလာကြသည်။ ထွေးရီနှင့် မအုန်းတင်တို့လည်း ဒေါ်ဘုမ၏နောက်ပါးမှ အခြားမိန်းမ ယောက်ျားများနှင့်အတူ ရောထွေးရောက်လာကြသည်။

❖ မြန်မာ့ရိုးရာမှ

၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း ၎င်းတို့နှစ်ဦး ပထမအကြိမ် တွေ့ဆုံယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ငါးချီထိုးသတ်ခဲ့မှုတွင် ပူးတွဲသရေကျထားခဲ့ကြောင်း၊ သွေးသစ်ဝင်းလှိုင်အနေဖြင့် ပြီးခဲ့သည့် TGL-5 မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပြိုင်ပွဲတွင် ယျူးခလိန်းမင်းကို ပထမအချီတွင် အလဲထိုးအနိုင်ယူခဲ့ဖူးပြီး ကျော်စွာဝင်းသည်လည်း ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့ လက်ဝှေ့ပြိုင်ပွဲတွင် ထိုင်းလက်ဝှေ့ကျော် ဖုန်းစီရိကို ဒုတိယအချီတွင် အလဲထိုးအနိုင်ယူထားကြောင်း သိရသည်။

**ပွင့်သစ္စာ**

❂ ဝါးနက်ဆင်စခန်းမှ

အဆိုပါ ဆင်ပေါက်ကလေးကို ဆင်စခန်းမှ တစ်မိုင်ခန့်အကွာ ပုံမှန်စားကျက်ဖြစ်သည့် ဘူးကွဲချောင်းစားကျက်တွင် သဘာဝအတိုင်း မွေးဖွားထားသည်ကို ဆင်ထိန်းသမားများက စားကျက်ကောက်ချိန်တွင် တွေ့ရှိခဲ့သည်ဟု မြန်မာ့သစ်လုပ်ငန်းမှ ဝါးနက်ဆင်စခန်း ထိန်းသိမ်းရေးတာဝန်ခံက ပြောသည်။

"ပုံမှန်စားကျက်ထဲမှာပါ။ ဘူးကွဲချောင်းကနေ တောင်တစ်ခုကျော်သွားရတဲ့ တစ်မိုင်ခွဲခန့်အကွာလောက်မှာ သူ့ဘာသာသူမွေးတာ။ ဆင်ကောက်သမားတွေ နံနက် ၅ နာရီလောက်သွားတော့ မွေးပြီးနေပြီ။ ဆင်မကြီးရဲ့ အပြုအမူတွေအရ သိပ်မကြာခင်က မွေးတာလို့ခန့်မှန်းပြီး မွေးချိန်ကို ၄ နာရီ ၁၅ မိနစ်လို့ သတ်မှတ်တယ်။ ဆင်ကို အမည်ပေးတဲ့အခါ သူမိခင်နာမည်ကိုယူပြီး ပေးရပါတယ်"ဟု ၎င်းကပြောသည်။

ငြိမ်းစောလေးမှ မွေးဖွားချိန်နီးနေပြီဖြစ်သောကြောင့် မွေးဖွားမှုကို ဆောင်ရွက်ပေးမည့် ဝါရင့်ဆင်အုပ်တစ်ဦးအား မမွေးဖွားမီကတည်းက ကြိုတင်ခေါ်ယူထားကြောင်း၊ မွေးဖွားမှုသိရှိပြီးနောက် တာဝန်ရှိသူများအား သတင်းပို့ခြင်း၊ ဆင်ဆရာဝန်နှင့်အတူ မွေးဖွားရာသို့ရောက်ရှိကာ လုပ်ထုံးလုပ်နည်းများအတိုင်း မှတ်တမ်းတင်ခြင်းတို့ ဆောင်ရွက်ကြောင်း သိရသည်။



"ဆင်က သူ့ဘာသာလုပ်တဲ့မွေးကျင်းကကျဉ်းတော့ ကျယ်တဲ့နေရာကိုရွှေ့ပေးတယ်။ မွေးတဲ့နေရာနဲ့ ဆင်စခန်းကြားမှာ နှစ်နေရာလောက်ရွှေ့ပြီး ဇန်နဝါရီ ၅ ရက်မှ ဆင်စခန်းကိုရောက်တယ်။ ဆင်မွေးတာ ဖေ့စ်ဘုတ်တင်လိုက်တော့ ဆင်ချစ်သူတွေက သူတို့စိတ်ကူးနဲ့ နာမည်အမျိုးမျိုးပေးကြတယ်။ ဆင်စခန်း အလည်အပတ်ရောက်လာတဲ့သူတွေက ခုဆိုရင် ဆင်ကလေးကိုပဲ ဝိုင်းကြည့်နေကြတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

ဆင်များမှာ မွေးဖွားပြီးစအချိန်တွင် အထီး/အမခွဲခြားရန် ခက်ခဲသဖြင့် ဆင်ဆရာဝန်မှ သေချာစစ်ဆေး၍ အထီး/အမ အတည်ပြုပြီး ဆင်မွေးဖွားမှုမှတ်တမ်း ပြုစုကြောင်း၊ ကိုယ်ဝန်ဆောင်ချိန်မှာ ၂၂ လနှင့် ဆင်၏သက်တမ်းမှာ လူ့သက်တမ်းနှင့်တူညီကြောင်း သိရသည်။

**မောင်အေးချမ်း**

## အထူးလှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ခြင်း

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ(၄) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၂၄ ဖြင့် **သီရိသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို **ဦးအောင်ကိုဇော်-ရွှေနရား(ကုမ္ပဏီ)၊ ဥက္ကဋ္ဌ-ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊** အ.ထ.က(၁)ဒဂုံအား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးလှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ပါသည်။

**မိဘဆရာအသင်းနှင့်ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊**
**ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

### ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်-၆၈၂၊ ဦးပိုင်အမှတ်(၉၁)/၃၄လမ်း၊ ၇၃x၇၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကိုတင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၉၁၉/၂၀၀၇)အရ ဝယ်ယူခဲ့သူခင်ပွန်း ဦးဘိုးလုံးကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်စိန်[၈/ပခက(နိုင်)၀၂၄၆၀၃]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက်မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**Notice of capital reduction under Section 116(i) of Myanmar Companies Law**

**"Myanmar Huasheng Kefu Fashion Co., Ltd." (123760344), It is here by announced to the Shareholders that according to the resolution of Special Meeting was held on (5.1.2024) by Shareholders and Directors, the reduction of capital from USD 2,000,000 to USD 1,100,000 and then total no of shares (1,100,000) has been completed.**

**HP: 09 404667760**

### ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅-လမ်း၊ အမှတ်(၆၀)၊ မြေညီထပ်၊ အကျယ်အဝန်း (၁၂ပေခွဲ x ၅၀ ပေ)နှင့် ပတ်သက်၍ တိုက်ခန်းပိုင်ဆိုင်ကြောင်းကြော်ငြာကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာနှင့်ပတ်သက်၍တိုက်ခန်းပိုင်ဆိုင်သူ ဒေါ်နန်းလိတ် [၁၃/လလန(နိုင်)၀၄၃၈၉၈]က တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံလျက် တိုက်ခန်းဝယ်ယူသူ ဒေါ်စန္ဒာအေး [၁၂/ဗဟန(နိုင်) ၀၈၀၇၃၈]၊ အား ရောင်းချမည်ဟု ကမ်းလှမ်းရာ ဝယ်သူက ဝယ်ယူရန်သဘောတူပြီး စရန်ငွေတစ်စိတ်တစ်ပိုင်းပေးချေထားပြီးဖြစ်ပါသည်။

ထိုတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုကိစ္စအရပ်ရပ်ကို ကန့်ကွက်လိုသူရှိပါက ထိုတိုက်ခန်းပိုင်ဆိုင်မှု၏ စာချုပ်မူရင်းနှင့်တကွ ဆက်စပ်စာချုပ်များကိုတင်ပြပြီး ကျွန်ုပ်ထံသို့ ကြော်ငြာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမျိုးချစ် ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၄၅)**
**အမှတ်(၃၁)၊ မြေညီထပ်၊ ၉-လမ်း၊ ၄-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၇၇၂၆၅၂၄၁၄**

## တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား
## ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား

### ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်-၈၆၊ ဦးပိုင်အမှတ်(၁၁-က)/၁၄.Cလမ်း၊ (၈၉)လမ်းရှိ ဘိုးဘမြေကွက် အမည်ပေါက်သူခင်ပွန်း ဦးကျော်စိုး ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်ဝင်းကြွေ [၉/မနတ(နိုင်)၀၈၅၁၃၆]က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့်ခဲစင်းပြ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်သည်လမ်းတွင်ရှိသော တိုက်(၆၂၈/၆၃၆)၊ အခန်း(၁၀၀၄) (၁၀)လွှာ၏ အမည်ပေါက်ဂွန်ဒရိုင်ဘာ(ခ)ဦးစိုးမိုး [၁၂/သလန (နိုင်)၀၇၂၁၇၇]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ဖူလဝမ်သီ [၁၂/ဗတထ(နိုင်)၀၃၀၇၅၇]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်သည်လမ်းတွင်ရှိသော တိုက်(၆၂၈/၆၃၆)၊ အခန်း(၁၀၀၁) (၁၀)လွှာ၏ အမည်ပေါက်ဂွန်ဒရိုင်ဘာ(ခ)ဦးစိုးမိုး [၁၂/သလန (နိုင်)၀၇၂၁၇၇]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ကာလီမ [၁၄/ဘကလ(ပြု)၀၀၀၀၆၈]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

### အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး(အနောက်)၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်၊ မြစ်ကွေ့ကျောင်းလမ်း၊ အမှတ်(၃၆)တွင် နေထိုင်သူ ဦးသန်းနိုင်[၇/လပတ(နိုင်)၀၁၄၅၉၉]နှင့် ဒေါ်နီနီလှိုင်[၁၂/အလန(နိုင်)၀၁၄၇၆၄]ကိုင်ဆောင်သူတို့၏သားဖြစ်သူ မောင်မင်းသက်နိုင်[၇/လပတ(နိုင်)၁၅၆၃၂၀]ကိုင်ဆောင်သူသည် မိဘများ၏ဝတ္တရားအတိုင်း သွန်သင်ဆုံးမမှုများကို နာခံလိုက်နာခြင်းမရှိဘဲ မိမိထင်ရာစိုင်း၍ ပြုလုပ်နေခြင်းဖြစ်၍ ၎င်းအား အမွေစားအမွေခံသားအဖြစ်မှ အပြီးအပြတ် အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင် မည်သည့်ကိစ္စမဆို မိဘများနှင့် မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (မှတ်ချက်။ ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးသန်းနိုင်+ဒေါ်နီနီလှိုင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဥမ္မာထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၉/၁၁)၊ ၂၀၂/၊ ဒုတိယထပ်၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၁၃၇၆၇၃၊ ၀၉-၉၈၀၀၅၆၅၅၈**

### အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မိုး[၁၂/မဂဒ(နိုင်)၁၁၈၁၀၂]ကိုင်ဆောင်သူသည် ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်အရှေ့ ရပ်ကွက်၊ နှင်းဆီကုန်းလမ်း၊ အမှတ်(၇၁)၊ (25x50) ပေ၊ လုံးချင်း၂ ထပ်အိမ်အား ဒေါ်မိမိခိုင်[၁၄/ဝခမ(နိုင်)၀၂၆၂၇၂] သည် မိမိသာလျှင် လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဒေါ်မိမိခိုင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မိုးသည်(5-11-2018) ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မိုးတစ်ဦးတည်းသာအဆိုပါလုံးချင်း၂ထပ်အိမ်အား ပိုင်ဆိုင်သူဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မိုး၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝင်းနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၃၃)**
**ရုံးလိပ်စာ-တိုက်အမှတ်(၁၇၈/ဘီ)(၈)လွှာ၊**
**ဂန္ဓဝင်နန်းတော်ကွန်ဒို၊ အထက်ပန်းဆိုးတန်းလမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph-09-259715588,09-458705686**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သမိုင်း၊ မုဒိတာအိမ်ရာ(၁)၊ မုဒိတာတန်ဖိုးနည်း Condo၊ ဗဟိုလမ်း၊ အမှတ်(C-804)ဟုခေါ်တွင်သော အလျား(15)ပေ x အနံ(40)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးစံအောင်[၁၄/မမန(နိုင်)၁၈၀၄၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ကျော်မိုး[၁၂/မဂဒ(နိုင်)၁၁၈၁၀၂]ကိုင်ဆောင်သူက အပြီးအပိုင် လွှဲပြောင်း၍ဝယ်ယူထားပြီးဖြစ်ပါသည်။ ဝယ်ယူထားသောနေ့မှာ(၁၂-၇-၂၀၁၉)ခုနှစ်ဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေဦးအောင်ကျော်မိုးတစ်ဦးတည်းသာပိုင်ဆိုင်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေဦးအောင်ကျော်မိုး၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝင်းနွယ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၃၃)**
**ရုံးလိပ်စာ-တိုက်အမှတ်(၁၇၈/ဘီ)(၈)လွှာ၊**
**ဂန္ဓဝင်နန်းတော်ကွန်ဒို၊ အထက်ပန်းဆိုးတန်းလမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph-09-259715588,09-458705686**

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ကုန်သည်လမ်းတွင်ရှိသော တိုက်(၆၂၈/၆၃၆)၊ အခန်း(၁၀၀၃) (၁၀)လွှာ၏ အမည်ပေါက်ဂွန်ဒရိုင်ဘာ(ခ)ဦးစိုးမိုး [၁၂/သလန (နိုင်)၀၇၂၁၇၇] ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဦးစူပရာမန်းနီး (ခ) ဦးအောင်မြင့် [၁၄/ဘကလ(ပြု)၀၀၀၀၁၁] က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## တောတောင်
## ပျက်ပြုန်း
## မြေဆီ
## သုဉ်း၏

## မီးဘေးရှောင် မလောင်ခင်တား

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားအိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ် ၆ လထက်မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက် မကျော်ရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www. myawady.net.mm/Sgt(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၂-၂၀၂၃ ရက်နေ့မှ ၃၁-၁-၂၀၂၄ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့ လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း)၊အမှတ်(၁) အရာခံနှင့်အကြပ်ကြီးသင်ကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည် အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာနှင့် သတ်မှတ်စရိတ်များခံစားခွင့်ရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | ပေါင်း |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိပြီးသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများ**တွင် မိသားစုနှင့်အတူသွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးသင်တန်းသူများအလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၃ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ဖလထက် မကြီးရ။

( ဂ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

( င ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ (Myawady Webportal (www.myawady.net.mm/Sgt(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၈-၁၂-၂၀၂၃ ရက်နေ့မှ ၂၁-၁-၂၀၂၄ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှ ဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ် / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)(မိတ္တူ)။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီအစဉ်ဖြင့် လေ့ကျင့်ပေးမည့် သင်တန်းကျောင်းသို့ ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာ ဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ် ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည် အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ (၁၅၀၀၀၀)ကျပ် ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) အခြေခံလစာ (၂၀၄၀၀၀)ကျပ်၊ အရည်အချင်းလစာ (၄၀၀၀)ကျပ်နှင့် စရိတ်များခံစားခွင့်ရရှိမည်။

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့်/အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာနှင့်သတ်မှတ်စရိတ်များခံစားခွင့်ရှိမည်-

| **အဆင့်အတန်း** | **အခြေခံ လစာ** | **အရည်အချင်း လစာ** | **ပေါင်း** |
|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၂၁၀၀၀၀ |
| ( ခ ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၂၁၂၀၀၀ |
| ( ဂ ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၂၄၈၀၀၀ |
| (ဃ) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၂၆၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် (၂၀၀၀)ကျပ် နှုန်းဖြင့် (၁၀၀၀၀)ကျပ် အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် ဆက်လက်ဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစား ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စားရေရိက္ခာသည် လူတိုင်းအတွက်လိုအပ်ပြီး လက်ရှိကမ္ဘာပေါ်တွင်လည်း စားနပ်ရိက္ခာလုံခြုံရေး(Food Security)မှာ အကြီးမားဆုံးစိန်ခေါ်မှုဖြစ်နေ...**

❖ **မိမိတို့နိုင်ငံအနေဖြင့်လည်း စားနပ်ရိက္ခာလုံခြုံရေးအတွက် စားရေရိက္ခာပေါ်များရေးကို အလေးထားဆောင်ရွက်လျက်ရှိ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ TGL-6 ပြိုင်ပွဲကြီးတွင် သွေးသစ်ဝင်းလှိုင်နှင့် ကျော်စွာဝင်း ယှဉ်ပြိုင်ထိုးသတ်မည်

ရန်ကုန် ဇန်နဝါရီ ၇

နိုင်ငံတကာအဆင့်မီ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲအဖြစ် The Great Lethwei (TGL) ပြိုင်ပွဲကြီး၏ ပွဲစဉ်အမှတ်စဉ်(၆) ဖြစ်သော TGL–6 ပြိုင်ပွဲကြီးကို ဇန်နဝါရီ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ရာ TGL တွင် မင်းမူနေသည့် ခေါင်တွဲဆိုင်းအဖြစ် မြန်မာပြည်ချန်ပီယံ သွေးသစ်ဝင်းလှိုင်နှင့် စိန်ခေါ်လာသူ ရွှေမန်းမြေမှ ပထမတန်းရိုးရာ လက်ဝှေ့ကျော် ကျော်စွာဝင်းတို့ ယှဉ်ပြိုင် ထိုးသတ်ကြမည်ဖြစ်ကြောင်း သိရသည်။

The Great Lethwei (TGL) ဖြစ်သော TGL–6 ခေါင်တွဲဆိုင်းကို အလဲထိုးစနစ်ဖြင့် ဇန်နဝါရီ ၂၈ ရက် ညနေ ၃ နာရီခွဲတွင် ကျင်းပသွားမည်ဖြစ်ပြီး CANAL+ SPORTS 1 ရုပ်သံလိုင်းနှင့် CANAL+ အက်ပလီကေးရှင်းတို့မှတစ်ဆင့် တိုက်ရိုက် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၂၅ ကော်လံ ၁ သို့** ❖




## ဝါးနက်ဆင်စခန်းတွင် လွတ်လပ်ရေးနေ့က ဆင်ပေါက်(အထီး)ကလေးတစ်ကောင် မွေးဖွား



မန္တလေး ဇန်နဝါရီ ၇

မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့နယ်အကြား ရဲရွာရေလှောင်တမံသွားကားလမ်းဘေးတွင်ဖွင့်လှစ်ထားရှိသည့် ဝါးနက်အပန်းဖြေဆင်စခန်းတွင်ဆင်ထီးသုံးကောင်၊ ဆင်မ ငါးကောင်ဖြင့် အပန်းဖြေလာရောက်သူများအား ဖျော်ဖြေဝန်ဆောင်မှု ပေးလျက်ရှိပြီး ဇန်နဝါရီ ၄ ရက် (လွတ်လပ်ရေးနေ့) နံနက် ၄ နာရီကျော်ခန့်က ဆင်မိခင် ငြိမ်းစောလေးမှ ဆင်ပေါက်(အထီး)ကလေးတစ်ကောင် မွေးဖွားခဲ့ရာ ငြိမ်းချမ်းဦးဟု အမည်ပေးထားကြောင်းသိရသည်။

**စာမျက်နှာ ၂၅ ကော်လံ ၁သို့** ❂

**ယနေ့** ဖတ်စရာ

**လူငယ်များ အတွေးမမှားဘဲ ကြိုးစားကြပါ**
ဆောင်းပါး စာမျက်နှာ » ၁၀

**မြန်မာ့လက်ဖက်ထုတ်ကုန်တစ်ခုအတွက် အောင်မြင်မှုလမ်းစ**
ဆောင်းပါး စာမျက်နှာ » ၁၈

**သတိပြုစရာမျောက်ကျောက်ရောဂါ**
ဘာသာပြန်ဆောင်းပါး စာမျက်နှာ » ၁၉

**ခမ်းပတ်မြို့ ကနန်းစံပြကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းကို တပ်မတော်က လေယာဉ်ဖြင့် ဗုံးကြဲချမှု ကလေးငယ်နှစ်ဦးအပါအဝင် ပြည်သူ ၁၁ ဦးသေဆုံးဟု သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖြန့်ဝေလျက်ရှိ**
စာမျက်နှာ » ၁၄

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဆက်လက်ကျင်းပပြီး ထိပ်ဆုံးမှ VUC အသင်း နိုင်ပွဲဆက်

ရန်ကုန် ဇန်နဝါရီ ၇

MFF ဖူဆယ်လိဂ်–၁ ပြိုင်ပွဲ ပွဲစဉ် (၇) ကို ဇန်နဝါရီ ၇ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ ဇယားထိပ်ဆုံးမှ လက်ရှိချန်ပီယံ VUC အသင်း နိုင်ပွဲဆက်ခဲ့သည်။

ပွဲစဉ် (၇) တွင် Winner Soccer အသင်းက ဖူဆယ်ချစ်သူအသင်းကို ၁၀ ဂိုး–နှစ်ဂိုး၊ VUC အသင်းက လက်ဝဲသုနရအသင်းကို ရှစ်ဂိုး–နှစ်ဂိုး၊ MIU အသင်းက လင်းလက်အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ Futsal–19 အသင်းက Dream Team အသင်းကို ခြောက်ဂိုး–သုံးဂိုး၊ Generations အသင်းက M2K အသင်းကို သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ယခုတစ်ပတ်တွင် ဇယားထိပ်ပိုင်းမှ အသင်းများအားလုံး နိုင်ပွဲရရှိခဲ့သည်။ ပွဲစဉ် (၇) အပြီးတွင် VUC အသင်းက ရမှတ် ၂၁ မှတ်ဖြင့် ဆက်လက်ဦးဆောင်နေပြီး Generations အသင်းက ၁၉ မှတ်၊ MIU အသင်းက ၁၆ မှတ်၊ Winner Soccer အသင်းက ၁၁ မှတ်၊ Futsal–19 အသင်းက ၁၀ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ကိုးမှတ်၊ လင်းလက်အသင်းက ခြောက်မှတ်၊ M2k အသင်းက လေးမှတ်၊ Dream Team အသင်းနှင့် လက်ဝဲသုနရအသင်းတို့က သုံးမှတ်စီ ရရှိထားသည်။

ပွဲစဉ် (၈) ကို ဇန်နဝါရီ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

သတင်း–ကိုညီလေး၊ ဓာတ်ပုံ–MFF



MIU အသင်းနှင့် လင်းလက်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။